# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

# သတ္တမနေ့မှတ်တမ်း(မူကြမ်း)

## ၁၃၇၃ ခုနှစ် ၊ တော်သလင်းလဆန်း ၂ ရက်

## (၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်)

## (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို နံနက် ၁၀း၀၀နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကျော်စိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။ ]

**အချိန် ၊၁၀ း ၀၀။**

**အခမ်းအနားမှူး။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ သတ္တမနေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေး သတ္တမနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၃၉၅ ဦး ရှိတဲ့အနက် ၃၈၆ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးရေရဲ့ ၉၇.၇၂ ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံ ထက်ကျော်လွန်တဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနဲ့ အစည်းအဝေးစတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။အစည်းအဝေး အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက် ဆောင်ရွက်သွားပါမယ်။

အစည်းအဝေးဆက်လက်မဆောင်ရွက်မီ ကိုယ်စားလှယ်တော်ကြီးများ သိသင့်တဲ့အချက် ကျွန်တော် တင်ပြပါမယ်။ ဒီနေ့ လွှတ်တော်ရဲ့လုပ်ဆောင်ချက်များဟာ အရှိန်တဖြည်းဖြည်းမြင့်လာ ပါပြီ။ ကိုယ်စားလှယ်ကြီးများရထားတဲ့ အခွင့်အရေးများကို ကောင်းစွာအသုံးချဖို့ လိုပါတယ်။ အချိန်ကိုလည်း တန်ဖိုးရှိရှိ အသုံးပြုဖို့ လိုပါတယ်။ လွှတ်တော်မှာ ဆွေးနွေးထားတဲ့ အကြောင်းအရာ များကို မှတ်တမ်းအဖြစ်ထားရှိပါတယ်။ ထားရှိတဲ့ပုံစံတွေကတော့ CDဖြင့် မှတ်တမ်းထားရှိခြင်း၊ လက်ရေးဖြင့်မှတ်တမ်းထားရှိခြင်း၊ လက်ရေးကို လက်ရေးဖြင့်မထားဘဲနဲ့ နေ့စဉ်နေ့စဉ် Type သို့မဟုတ်ရင် ကွန်ပျူတာစီပြီးတော့ ဆွေးနွေးမှုများကို မှတ်တမ်းတင်ထားရှိခြင်း၊ အဲဒီလို ထားရှိတဲ့ နေရာမှာ ကိုယ်စားလှယ်ကြီးများဆွေးနွေးတဲ့ မိနစ်၂၀ အချိန်ကို လွှတ်တော်မှာတာဝန်ရှိတဲ့ အဖွဲ့တွေက လက်နှိပ်စက် (သို့မဟုတ်) Type သို့မဟုတ်လို့ရှိရင် ကွန်ပျူတာမှာ ပြန်စီတဲ့အခါမှာ မိနစ် ၂၀ ကို ၂ နာရီကြာ စာစီရပါတယ်။ ဒါကြောင့်မို့လို့ လုပ်ငန်းဆောင်တာလုပ်တဲ့အခါမှာ အချိန်ဘယ်လောက် သုံးရတယ်။ လုပ်ငန်းပမာဏ ဘယ်လောက်ရှိတယ်ဆိုတာကို သိစေလိုပါတယ်။ ထိုနည်းတူစွာပဲ နိုင်ငံတော် ပြန်တမ်းမှာထုတ်ပြန်သင့်တဲ့ ဆွေးနွေးချက်များ၊ ဖြေကြားချက်များကိုလည်း နိုင်ငံတော်

ပြန်တမ်းမှာ အမြဲထည့်ရပါတယ်။ ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ တချို့လွှတ်တော်ကိုယ်စားလှယ်များက ဘယ်လိုများ ဆောင်ရွက်နေသလဲ။ ပြီးတဲ့အခါမှာ ဒါတွေမှတ်တမ်းမှာရှိရဲ့လား။ ပြီးတဲ့အခါမှာ မှတ်တမ်း (သို့မဟုတ်) စာအုပ်ကို ပြန်ပြီးထုတ်ဝေရောင်းချဖို့များ ရှိပါသလား။ ဒီလို သီးခြားလာမေး တင်ပြတာလည်း ရှိပါတယ်။ စာအုပ်ထုတ် ဆောင်ရွက်နိုင်ဖို့ကိစ္စကတော့ စဉ်းစားထားတာရှိပါတယ်။ အခြေအနေ၊ အချိန်အခါပေါ် မူတည်ပြီးတော့ ကျွန်တော်ဆက်လက်ဆောင်ရွက်သွားပါ့မယ်။ ဒါကြောင့်မို့လို့ ကျွန်တော် တင်ပြချင်တာကတော့ လွှတ်တော်အစည်းအဝေးများဟာ အရှိန်မြင့်လာပါပြီ။ အရေးကြီးတဲ့ အခန်းကဏ္ဍများမှာလည်း ဆွေးနွေးရတဲ့အနေအထားရောက်လာပါပြီ။ ဒါကြောင့်မို့လို့ မိမိတို့ရရှိထားတဲ့ အခွင့်အရေးနှင့်အချိန်ကို ကောင်းစွာအသုံးပြုဖို့ မလိုအပ်သောစကားများ စပြီးတော့မပြောဖို့ လိုအပ်တဲ့ စကားကိုပဲပြောဖို့ဆိုတာ ကျွန်တော်ထပ်ပြီးတော့ တင်ပြခြင်းဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း ၀၃။**

**ဥက္ကဋ္ဌ။** ။ယခု ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၀ အရ အစည်းအဝေးမတက်ရောက်နိုင်တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းနွံ (ရှားတောမဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မကတော့ ကယားပြည်နယ်၊ ရှားတောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းနွံ ဖြစ်ပါတယ်။ မွန်ပြည်နယ်၊ ကျိုက်မရောမဲဆန္ဒနယ်မှ ဒေါ်မိယဉ်ချမ်းအတွက် ခွင့်ပန်ကြားပေးလိုပါတယ်ရှင်။ ဒေါ်မိယဉ်ချမ်းဟာ ၃၁-၈-၂၀၁၁ ရက်နေ့မှာ ပါရဂူဘွဲ့အတွက် စာတမ်းကို ရန်ကုန်တက္ကသိုလ်မှာ ဖတ်ကြားရမှာဖြစ်တဲ့အတွက် ၃၀-၈-၂၀၁၁ မှ ၃၁-၈-၂၀၁၁ နေ့အထိ ခွင့်(၂) ရက်ပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးထွန်းအောင်ကျော် (ပုဏ္ဏားကျွန်းမဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်က ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းအောင်ကျော် ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်စိန်သာအတွက် ကိုယ်စားခွင့်ပန်ခြင်း ဖြစ်ပါတယ်။ ဦးအောင်စိန်သာဟာ နေမကောင်းဖြစ်တဲ့အတွက် စည်ပင်ဧည့်ရိပ်သာဆေးခန်းတာဝန်ခံဆရာဝန်က သွားလာလှုပ်ရှားခြင်း မပြုဘဲ အနားယူရမယ်လို့ ညွှန်ကြားခဲ့ပါတယ်။ သို့ဖြစ်တဲ့အတွက် ဦးအောင်စိန်သာ ယနေ့

၃၀-၈-၂၀၁၁ ရက်နေ့ တစ်ရက်ကို ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ရှိသေလေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။ ကျေးဇူးအထူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးရဲထွန်း (သံတွဲမဲဆန္ဒနယ်)။** ။လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ရခိုင်ပြည်နယ်၊ သံတွဲမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းက ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေမောင် (ခ) ဦးအဒူရော်ဇက်ရဲ့ကိုယ်စား ခွင့်ပန်ကြားတာ ဖြစ်ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ဦးရွှေမောင် (ခ) ဦးအဒူရော်ဇက်အတွက် ရွေးကောက်ပွဲကန့်ကွက်လွှာတင်သွင်းခဲ့သည့် ရွေးကောက်ပွဲခုံအဖွဲ့(၄)က ရွေးကောက်ပွဲ စုံစမ်းစစ်ဆေးမှုအမှတ် (၁၄/၂၀၁၀) ဖြင့် စစ်ဆေးခဲ့ပါတယ်။ အဆိုပါ ရွေးကောက်ပွဲခုံအဖွဲ့မှ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်၊ နံနက် ၁၀နာရီတွင် ရုံးထိုင်ဆုံးဖြတ်ချက်ချမည့် ရုံးချိန်းသို့ ဦးရွှေမောင် (ခ) ဦးအဒူရော်ဇက်နဲ့ ၎င်း၏ရှေ့နေတို့ သွားရောက်ရမှာဖြစ်တဲ့အတွက်ကြောင့် ၃၀-၈-၂၀၁၁ ဒီနေ့တစ်ရက်ကို ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ဦးရွှေမောင် (ခ) ဦးအဒူရော်ဇက်ကိုယ်စား ရှိသေစွာ ခွင့်ပန်ကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန် ၊ ၁၀း ၀၆။**

**ဥက္ကဋ္ဌ။** ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၃၉၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ လွှတ်တော်က ခွင့်ပြုထားသူ ၆ ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ ၃ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၉ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါဘူး။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ် (၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော်က အတည်ပြုတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မနေ့ညနေပိုင်းက ဆွေးနွေးခဲ့ကြတဲ့ **"ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေကြမ်း"** နှင့်ပတ်သက်ပြီးတော့ လွှတ်တော်မှာ တင်ပြတဲ့နေရာမှာ သက်ဆိုင်ရာဥပဒေကြမ်းကော်မတီရဲ့ ဆွေးနွေးတင်ပြချက်ကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက လွှတ်တော်အစည်းအဝေးခန်းမအတွင်းမှာ ပြန်လည်ကန့်ကွက်ရှင်းလင်းဖြေကြားတာမရှိသလို လွှတ်တော်အစည်းအဝေးပြီးနောက်ပိုင်း သီးခြားလုပ်တဲ့အစည်းအဝေးမှာလည်း ပြည်ထောင်စုဝန်ကြီးက ဥပဒေကြမ်းကော်မတီရဲ့ ဆွေးနွေးချက်များနှင့်ပတ်သက်လို့ ပြန်လည်ပြောကြားရန်မရှိတဲ့အတွက် မနေ့က ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု ဥပဒေကြမ်းနှင့်ပတ်သက်ပြီးတော့ လွှတ်တော်က ဆက်လက်ဆောင်ရွက်ဖို့သာရှိပါတယ်။ ဒါ့ကြောင့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဒီနေ့ မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် မစတင်မီကပင် ကိုယ်စားလှယ်များကို အသိပေးပြောကြားလိုတာကတော့ မနေ့က တင်သွင်းခဲ့တဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လာမည့်အပတ်အတွင်း နောက်တစ်ပတ်ကို ဆိုလိုပါတယ်။ လာမည့်အပတ်အတွင်း သင့်လျော်သည့်ရက်တွင် ဆွေးနွေးမှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ဒီဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ပြင်ဆင်ချက် အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၇ နှင့်အညီ ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ **"အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ"**ကို တိတိကျကျဖော်ပြ၍ ၄-၉-၂၀၁၁ရက် (တနင်္ဂနွေနေ့) နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များကဖြေကြားခြင်း

**အချိန်၊ ၁၀း ၁၇။**

**ပုဂံရထားကို တိုက်ကြီးဘူတာတွင် ရပ်နားပေးရန်နှင့် ရန်ကုန်-လက်ပံတန်း ရထားခရီးစဉ်များ ပြန်လည်ပြေးဆွဲရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း ၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။ တိုက်ကြီးမဲဆန္ဒနယ်မှ ဦးဟန်စိန်အား မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း ၁၈။**

**ဦးဟန်စိန် (တိုက်ကြီးမဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့် ပြီးပြည့်စုံကြပါစေလို့ ကျွန်တော့်အနေနဲ့ ဆုတောင်းမေတ္တာများ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဟန်စိန် ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။တိုက်ကြီးမြို့နယ်သည်ရန်ကုန်မြို့နှင့်မီးရထားသံလမ်း မိုင် ၅၂ မိုင် ကွာဝေးပြီး ရထားလမ်း၊ ကားလမ်းဆုံသော စည်ကားသည့် မြို့နယ်တစ်မြို့ဖြစ်ပါသည်။ နိုင်ငံတော်မှ ရန်ကုန်-ပုဂံ မီးရထားခရီးစဥ်ကို စီစဥ်ဆောင်ရွက်ပြီး ပြေးဆွဲစေခဲ့ရာ တိုက်ကြီးဘူတာကို မြို့မိမြို့ဖများနှင့်ပူးပေါင်း၍ အဆင့်မြင့်တင် တည်ဆောက်ပေးခဲ့ပြီး ပုဂံရထားကို တိုက်ကြီးဘူတာတွင် ရပ်နားစေခဲ့ပါသည်။ ယခုအခါ ပုဂံရထားသည် တိုက်ကြီးဘူတာတွင် မရပ်နားသည်မှာအတော်ကြာပြီဖြစ်ပါသည်။မြို့နေပြည်သူများအနေဖြင့် ပုဂံရထားစီးနင်းနိုင်ရေး အတွက် ရန်ကုန်မြို့သို့ သွားရောက်၍ စီးနင်းနေရပါတယ်။ သို့ဖြစ်ပါ၍ ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ ခရီးသွားလာနိုင်ရေးအတွက် တိုက်ကြီးဘူတာတွင် ပုဂံရထားကို သတ်မှတ်ချိန် ၂ မိနစ်ခန့်ရပ်နားပေးနိုင်ရန်အစီအစဥ် ရှိ၊ မရှိ။ ရှိပါကမည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်။ မရှိပါကမည်သည့်အတွက်ကြောင့် မဆောင်ရွက်ပေးနိုင်သည်ကို ပြန်လည်ဖြေကြားပေးပါရန် လေးစားစွာတင်ပြအပ်ပါသည်။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီး ခင်ဗျား။ ဒုတိယ ကြယ်ပွင့်ပြမေးခွန်းဖြစ်သော ရန်ကုန်-လက်ပံတန်းခရီးစဥ်အား ပြန်လည်ပြေးဆွဲပေးပါရန် မေးခွန်းကို ဆက်လက်မေးမြန်းခွင့်ပြုပါခင်ဗျား။ တိုက်ကြီးမြို့နယ်ရှိ ပြည်သူများအနေဖြင့် နှစ်ပေါင်းများစွာကပင် ရန်ကုန်မြို့သို့ သွားလာရာတွင် မီးရထားကိုသာအဓိကအားထားခဲ့ရပါသည်။ ကားလမ်းနှင့်ဝေးကွာပြီး မီးရထားကိုသာ အားထားရသော ကျေးရွာအုပ်စုများလည်းများစွာရှိပါသည်။ ယခင်ကရန်ကုန်-လက်ပံတန်းလော်ကယ်ခရီးစဥ်ရှိခဲ့ဖူးပြီး ရပ်ဆိုင်းသွားသည်မှာ နှစ်ပေါင်းအတော်ကြာပြီဖြစ်ပါသည်။ ၎င်းလော်ကယ်ရထားအစား ကားရထားဖြင့်အစားထိုးပြေးဆွဲပေးခဲ့သော်လည်း ၂၉-၁-၂၀၀၅ ခုနှစ်မှစ၍ ရပ်ဆိုင်းသွားသည်မှာ ယခုအချိန်ထိဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊ လုပ်သားပြည်သူများနေ့စဥ်အသွား အပြန် သက်သာချောင်ချိစွာဖြင့် စီးနင်းသွားလာနိုင်ရေးအတွက် လက်ပံတန်း-ရန်ကုန်လော်ကယ် မီးရထားခရီးစဥ်အား ပြန်လည်ပြေးဆွဲနိုင်ရန် အစီအစဥ် ရှိ၊ မရှိ။ ရှိပါက မည်သည့်ကာလတွင်ဆောင်ရွက်ပေးမည်။ မရှိပါက မည်သည့်အတွက်ကြောင့် မဆောင်ရွက်ပေးနိုင်သည်ကို

ပြန်လည်ဖြေကြားပေးပါရန် လေးစားစွာတင်ပြအပ်ပါသည်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဝန်းသိုမြို့နယ် နမ်းခမ်းဘူတာနှင့် ချောင်းဆုံဘူတာကြား ရထားလမ်းပိုင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစိုးပိုင်၊ ဝန်းသိုမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း ၂၁**။

**ဦးစိုးပိုင်(ဝန်းသိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးပိုင်ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတာကတော့ မန္တလေး-မြစ်ကြီးနား မီးရထားလမ်းကိစ္စဖြစ်ပါတယ်။ မန္တလေး-မြစ်ကြီးနား မီးရထားလမ်းဟာ မြန်မာနိုင်ငံအထက်ပိုင်းဒေသနဲ့ မြန်မာနိုင်ငံတစ်ဝန်းဆက်သွယ်တဲ့ အဓိကကျသော မီးရထားလမ်းတစ်ခု ဖြစ်ပါတယ်။ မြန်မာပြည်အထက်ပိုင်းရဲ့ မော်တော်ကားလမ်းများ ပြုပြင်ဆဲကာလ၊ တည်ဆောက်ဆဲကာလဖြစ်တဲ့အတွက် သွားလာမှုအနေနဲ့ အဓိကအားကိုးပြီး သွားလာနေရတဲ့ လမ်းမကြီးလည်းဖြစ်ပါတယ်။ အဆိုပါ မီးရထားလမ်းကြောင်းမှာ ဆိုးရွားခက်ခဲသော လမ်းအပိုင်းတစ်ခု ရှိပါတယ်။အဲဒါကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့နယ်၊ နမ်းခမ်းဘူတာနှင့်ဘုံချောင်းဘူတာ အကြားလမ်းအပိုင်းပဲ ဖြစ်ပါတယ်။ လမ်းအပိုင်းအတွင်းမှာ မီးရထားလမ်းရဲ့တစ်ဖက်မှာ မြင့်မားမတ်စောက်လှတဲ့ ကျောက်တောင်၊ ကျောက်နံရံများရှိသလို အခြားတစ်ဖက်မှာလည်း နက်ရှိုင်းလှတဲ့ချောက်ကမ်းပါးများ တည်ရှိပါတယ်။ မိုးရာသီကာလ မိုးရွာသွန်းမှုများပြားတဲ့ အခြေအနေတွေမှာ ကျောက်တောင်ပြိုကျမှုကြောင့် မီးရထားလမ်းပိတ်ဆို့ခြင်း၊ ချောက်ကမ်းပါးရေစီးတိုက်စားမှုကြောင့် လမ်းပိုင်းများပဲ့ကျခြင်း၊ မီးရထားလမ်းချော်ခြင်းများ မကြာခဏဖြစ်ပွားလျက်ရှိရာမှာ မီးရထားဖြင့် သွားလာဆက်သွယ်မှု ယာယီအားဖြင့် ပြတ်တောက်လေ့ရှိပါတယ်။ နိုင်ငံတစ်ဝန်းမှမီးရထားဖြင့် ခရီးသွားကြသူများအနေနဲ့ သွားလာရေး၊ နေထိုင်ရေး၊ စားသောက်ရေး ဒုက္ခဖြစ်ကြရပါတယ်။ ၁၉၉၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှာ အဆိုပါလမ်းပိုင်းအတွင်းမှာ မြန်မာ့မီးရထားလုပ်ငန်းရဲ့ ဆိုးရွားတဲ့သမိုင်းဖြစ်စဉ်များနဲ့လည်း ကြုံတွေ့ခဲ့ရဖူးပါတယ်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အစိုးရလက်ထက်မှာ ကျောက်တောင်ကိုကွင်းပြီး ကွင်းလမ်းဖောက်ရန် လမ်းအူကြောင်းရှာခဲ့ကြောင်းလည်း သိရှိရပါတယ်။ အဲဒီ မန္တလေး-မြစ်ကြီးနား မီးရထားလမ်းပိုင်းရဲ့ ဆိုးရွားလှတဲ့ ဝန်းသိုမြို့နယ်၊ နမ်းခမ်းဘူတာနှင့် ဘုံချောင်းဘူတာကြား လမ်းပိုင်းအား လမ်းအူကြောင်းရှာဖွေရေး ကွင်းလမ်းဖောက်ရန်

အစီအစဥ် ရှိ၊ မရှိ သိလိုပါတယ်။ အကယ်၍ ဆောက်လုပ်ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကလည်း ယခုလက်ရှိလမ်းအား လုံခြုံစိတ်ချရသော လမ်းပိုင်းအဖြစ် မည်ကဲ့သို့ဆောင်ရွက်ပေးမည် ဖြစ်ကြောင်းကို သိလိုကြောင်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန် ၊ ၁၀း ၂၄။**

**ဦးအောင်မင်း(ပြည်ထောင်စုဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တိုက်ကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဟန်စိန်မှ တိုက်ကြီးဘူတာတွင် ပုဂံရထားကို ၂ မိနစ်ခန့် ရပ်နားပေးပါရန်နှင့် လက်ပံတန်း-ရန်ကုန် ရထားခရီးစဥ်များ ပြန်လည်ပြေးဆွဲပေးရန် အစီအစဥ် ရှိ၊ မရှိ မေးမြန်းထားပါ တယ်။ မေးခွန်းများကို ကျွန်တော် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဝန်ကြီးဦးအောင်မင်းမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ တိုက်ကြီးဘူတာတွင် ရန်ကုန်-သာရဝေါ ၆၉ အဆန်နဲ့ ၇၀ အစုန်ရထား၊ စာပို့ရထား၊ ရန်ကုန်-ပြည် အမှတ် ၆၃ အဆန်နဲ့ ၆၄ အစုန် စာပို့ရထား၊ ရန်ကုန်-ပြည် အမှတ် ၇၁ အဆန်နဲ့ အမှတ် ၇၂အစုန် အမြန်ရထား စုစုပေါင်း ရထားခြောက်စင်းကို ရပ်တန့်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ရန်ကုန်-ပုဂံအမြန် ရထားကို အမြန်ရထားအဆင့်နဲ့လျော်ညီစွာ ပြေးဆွဲနိုင်ရန်အတွက် လမ်းခရီးတွင် လူစီးများပြားပြီး လမ်းဆုံလမ်းခွကျသည့် ခုနစ် ဘူတာတွင်သာ လက်ရှိရပ်တန့် ခွင့်ပြုထားပါတယ်။ တိုက်ကြီးတွင် ရပ်တန့် ပေးပါက အဆင့်တူမြို့နယ်များဖြစ်သော နောက်ထပ်ဘူတာ ၁၁ ခုကိုပါ ရပ်တန့် ပေးရမှာ ဖြစ်ပါတယ်။ ဘူတာတစ်ခု၌ ၂ မိနစ် ရပ်တန့်ပေးရန်အတွက် ဘူတာဝင်ချိန်မှာ အရှိန်လျှော့ချခြင်း၊ ဘူတာထွက်လျှင် အရှိန်မြှင့်တင်ခြင်းအပါအဝင် စုစုပေါင်း ၁၂ မိနစ်ခန့် ကြာမြင့်မည်ဖြစ်ပါတယ်။ ထို့ကြောင့် တိုက်ကြီးဘူတာ အပါအဝင် မြို့နယ်အဆင့်ဘူတာ ၁၂ ခုမှာ ရပ်တန့်ရန် အချိန် ၁၄၄ မိနစ်ခန့် ထပ်မံကြန့်ကြာသွားမည်ဖြစ်ပြီး ရထားအဆင့်ကိုလည်း အမြန်ရထား အဆင့်မှ စာပို့ရထားအဆင့်သို့ လျှော့ချ ရမည်ဖြစ်ပါတယ်။ ရန်ကုန်-ပုဂံရထားကို အမြန်ရထားအဖြစ် ဆက်လက်ထားရှိလိုပါ၍ တိုက်ကြီးတွင် ရပ်တန့်ပေးရန်အစီအစဥ်မရှိပါကြောင်း ပြန်လည်ဖြေရှင်း တင်ပြအပ်ပါတယ်။ ဦးဟန်စိန်ရဲ့ ဒုတိယမေးခွန်းကို ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ တိုက်ကြီးနဲ့ ရန်ကုန်ကြား ယခင်အချိန်က သွားလာရန် အခက်အခဲရှိသဖြင့် ရထားပြေးဆွဲပေးခဲ့ပါတယ်။ မြန်မာ့မီးရထားရဲ့ ကွင်းဆင်းလေ့လာတိုင်းတာချက်များအရ တိုက်ကြီးကို ဖြတ်သန်းသည့် လက်ပံတန်း-သာယာဝတီ-ဥက္ကံတို့မှစတင် ထွက်ခွာသည့်ယာဥ်နှင့် တိုက်ကြီးမှစတင်ထွက်ခွာသော ယာဥ်များအဖြစ်

City Bus ၁၅၈ စီး၊ အမြန်ယာဥ် ၁၆၈ စီး၊ စုစုပေါင်း နေ့စဥ် ၃၂၆ စီးခန့် ရှိကြောင်းသိရှိရပါတယ်။ ရထားရဲ့ သဘောသဘာဝအရ ခရီးဝေးလျှင်ပိုမိုထိရောက် အကျိုးရှိပြီး၊ ခရီးတိုလျှင် မော်တော်ကားများက ပိုမိုထိရောက်တဲ့သဘာဝရှိပါတယ်။ ရန်ကုန်-တိုက်ကြီး၊ ရန်ကုန်-လက်ပံတန်း ခရီးစဥ်များကို ယခင် လော်ကယ်ရထားပြေးဆွဲခဲ့ရာတွင် အမှန်တစ်ကယ် စီးနင်းသူများနည်းပါး၍ စီးပွားရေးဆောင်ရွက် တွက်ခြေမကိုက်မှုများ ဖြစ်ခဲ့ရပါတယ်။ ထို့ကြောင့် လက်ပံတန်း-ရန်ကုန် လော်ကယ်ရထားပြေးဆွဲပေးရန် အစီအစဥ်မရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဝန်းသိုမဲဆန္ဒနယ်မြေ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုးပိုင်မှ မန္တလေး-မြစ်ကြီးနားရထားလမ်းပိုင်း နမ်းခမ်းဘူတာနှင့် ဘုံချောင်းဘူတာ အကြား မီးရထားလမ်းပိုင်းအား ကျောက်တောင်ကို ရှောင်ကွင်း၍ လမ်းဖောက်ပေးရန်အစီအစဥ် ရှိ၊ မရှိ မေးမြန်းထားပါတယ်။ ကျွန်တော်မှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ နမ်းခမ်း-ဘုံချောင်းလမ်းပိုင်းဟာ တစ်ဖက်တွင်ကျောက်တောင်၊ တစ်ဖက်တွင်ချောင်းရှိသဖြင့် ကွေ့ ၃၇ ကွေ့ဖြင့် ခက်ခဲစွာဖောက်လုပ်ထားတဲ့လမ်း ဖြစ်ပါတယ်။ ရထားအန္တရာယ်ကင်းစွာ ပြေးဆွဲနိုင်ရေးအတွက် အမြဲပြုပြင်ထိန်းသိမ်းမွမ်းမံနေရတဲ့ လမ်းပိုင်းဖြစ်သည်မှာ မှန်ကန်ပါတယ်။ ထိုလမ်းပိုင်းကို ယခင်နှစ်က မွမ်းမံပြင်ဆင်မှုများ၊ ချောင်းနံရံကျောက်စီ၍ ရေလမ်းထိန်းသိမ်းကာကွယ်ခြင်းများ ဆောင်ရွက်ပေးခဲ့ပါတယ်။ ယခုနှစ်တွင် ကွေ့ဖြေခြင်း၊ သံလမ်းလဲလှယ်ခြင်း၊ ကျောက်ဖြည့်ပေးခြင်း စသည့်လုပ်ငန်းများဖြင့် ရထားလမ်းပိုင်းကို ပိုမိုကောင်းမွန်စေရန် ဆောင်ရွက်လျက်ရှိပါတယ်။ ယခု မြန်မာ့မီးရထားမြေတိုင်းအဖွဲ့တစ်ဖွဲ့ဟာ ၎င်းနယ်မြေသို့ရောက်ရှိလျက်ရှိပြီး ပိုမိုကောင်းမွန်သော လမ်းအူကြောင်းသစ်များကို ရှာဖွေနေပြီဖြစ်ပါတယ်။ အဆိုပါလမ်းကြောင်းအသစ်သည် ကျောက်တောင်နဲ့ချောင်းကို ရှောင်ကွင်းသွားမည်ဖြစ်ပြီး ပိုမိုကောင်းမွန်မှုရှိပါက ပွင့်လင်းရာသီတွင် ဖောက်လုပ်ပေးသွားရန် အစီအစဥ်ရှိပါကြောင်း ပြန်လည်ဖြေရှင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မုံရွာ-ရွာကြီး-ကလေးဝလမ်းပိုင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီးဆောက်လုပ်ရေးကဏ္ဍဆိုင်ရာမေးခွန်းများမေးမြန်းဖို့ဖြစ်ပါတယ်။ ကလေးမဲဆန္ဒနယ်မှ ဦးတင်လှိုင်အားမေးမြန်းဖို့ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း ၂၉။**

**ဦးတင်လှိုင်(ကလေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း

ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒေသဖွံ့ဖြိုးတိုးတက်ရေးနဲ့ နိုင်ငံတော်အကျိုးပြုမယ့် မုံရွာ- ရွာကြီး- ကလေးဝ- ကလေးမြို့လမ်းကို လမ်းအပိုင်းနဲ့ပတ်သက်ပြီးတော့မှ အဆင့်မြှင့်တင်ပေးရန် မေးခွန်းများဆွေးနွေးမေးမြန်း တင်ပြသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မေးမြန်းဆွေးနွေးတင်ပြလိုတာကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမြို့နယ်၊ မင်းကင်းမြို့နယ်နဲ့ ကလေးဝမြို့နယ်ကို ဖြတ်သန်းဖောက်လုပ်ထားတဲ့ မုံရွာ- ရွာကြီး- ကလေးဝလမ်းဟာ ၁၁၅ မိုင် ၅ ဖာလုံ ရှည်လျားပြီး အင်မတန်အရေးကြီးတဲ့ လမ်းမကြီးအပိုင်းထဲမှာ တစ်ခုအပါအဝင် ဖြစ်ပါတယ်။ သို့သော်လည်းပဲ ဒီလမ်းကြောင်းဟာ ပွင့်လင်းရာသီမှာသာ သွားလာနိုင်ပြီးတော့မှ တစ်နှစ်မှာ ခြောက်လခန့်သာ သွားလာနိုင်တဲ့အတွက် မေလနောက်ဆုံးအပတ်ကနေပြီးတော့မှ နိုဝင်ဘာလ နောက်ဆုံးအပတ်ထိကို ကလေးမြို့ကို မုံရွာ- ပုလဲ - ဂန့်ဂေါလမ်းကနေပြီးတော့မှ မိုင် ၂၁၀ ခရီးထိ ဘတ်စ်ကားများ၊ ကုန်ကားကြီးများ သွားလာနေကြရပါတယ်။ အဲဒါကြောင့်မို့လို့ အဖိုးတန်တဲ့ စက်ဆီ၊ ချောဆီ၊ လောင်စာဆီများ ပိုမိုကုန်ကျပြီးတော့မှ လူစီးခနှုန်းထားလည်း ကြီးမြင့်သွားပါတယ်။ ကုန်တင်ခနှုန်းထားများလည်း ကြီးမြင့်သွားပါတယ်။ ဒါကြောင့် ကုန်ဈေးနှုန်းလည်း မြင့်မားသွားတဲ့အပြင် ခရီးသည်များလည်းပင်ပန်းစွာဖြင့် သွားလာနေကြရတဲ့ အခြေအနေရှိပါတယ်။ ဒီနေရာမှာ အလျဉ်းသင့်လို့ တင်ပြရရင် မုံရွာ-ရွာကြီး-ကလေးဝလမ်းကို ယခုထက်ပိုမိုကောင်းမွန်တဲ့ လမ်းအူကြောင်းအသစ်ရှာနေကြောင်း၊ အိန္ဒိယမှပညာရှင်များက ရှာနေကြောင်းကို ဂျာနယ်များမှာ ဖတ်ရပါတယ်။ အဲဒီတော့ ဂျာနယ်များမှာ ဖတ်ရမှသိရတာထက် တာဝန်ရှိတဲ့အဖွဲ့အစည်းကနေပြီးတော့မှ ခိုင်လုံတဲ့သတင်းကို ထုတ်ပြန်ပေးမယ်ဆိုလို့ရှိရင် ပြည်သူတွေဝမ်းမြောက်ကြမှာ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုလမ်းမကြီးရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ မုံရွာ- ရွာကြီး- ကလေးဝလမ်းပိုင်းကို ယခုထက်ပိုမိုကောင်းမွန်ပြီး ရာသီမရွေးသွားလာနိုင်တဲ့ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ရင် ကလေး-တမူးမှတစ်ဆင့် အိန္ဒိယနယ်စပ်ကိုလည်း သွားလာနိုင်တဲ့အတွက် နှစ်နိုင်ငံကုန်သွယ်မှုဟာ ခုထက်ပိုမိုဖွံ့ဖြိုးလာမှာဖြစ်ပါတယ်။ ဒါ့အပြင် ကလေးမြို့မှတစ်ဆင့် ချင်းပြည်နယ်မြောက်ပိုင်း ငါး မြို့နယ်ကိုလည်း ကူးလူးဆက်သွယ် သွားလာနိုင်တဲ့အတွက် ချင်းပြည်နယ်ရဲ့ ထွက်ကုန်၊ ဝင်ကုန်များလည်း အဆင်ပြေတိုးတက်နိုင်မှာဖြစ်တဲ့အပြင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုလည်း အထောက်အကူဖြစ်မှာ ဖြစ်ပါတယ်။ ဒီဒေသမှာသွားလာနေကြတဲ့ ခရီးသွားပြည်သူများလည်း မပင်မပန်း လိုရာခရီးကို အချိန်တိုတိုနဲ့ ရောက်မှာဖြစ်ကြပါတယ်။ ကုန်ပစ္စည်းသယ်ယူခများလည်း သက်သာသွားတဲ့အတွက် ကုန်ဈေးနှုန်း ကြီးမြင့်မှုကိုလည်း လျော့ချနိုင်မှာဆိုတဲ့ အကျိုးကျေးဇူးများ

ရရှိနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်ထောင်စုလမ်းမကြီးရဲ့ အစိတ်အပိုင်းဖြစ်တဲ့ မုံရွာ- ရွာကြီး- ကလေးဝလမ်းပိုင်းကို ဆယ့်နှစ်ရာသီသွားလာနိုင်တဲ့ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးပါရန် ပြည်သူတို့ကမျှော်လင့်လျက်ရှိကြပါတယ်။ သို့ဖြစ်ပါ၍ (၁) ဤလမ်းအဆင့်မြှင့်တင်မှုလုပ်ငန်းကို ဆောင်ရွက်ပေးရန် အစီအစဉ်ရှိပါသလား။ (၂) ရှိလျှင်မည်သည့်အချိန်မှာစတင်၍ မည်သည့်အချိန်မှာ ပြီးစီးမည်ကို သိရှိလိုပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဗန်းမောက်-အင်းတော်လမ်းပိုင်းရှိ တံတားနှင့်လမ်းများနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ဗန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်သန်းမေးမြန်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၀း ၃၃။**

**ဦးကျော်သန်း(ဗန်းမောက်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းကျန်းမာ ချမ်းသာစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်သန်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဗန်းမောက်မြို့နယ်ဟာ ကဒူးကနန်းတိုင်းရင်းသားများ အများစုနေထိုင်ကြပြီးတော့ စီးပွားဖွံ့ဖြိုးတိုးတက်မှုနောက်ကျတဲ့ မြို့နယ်တစ်မြို့နယ် ဖြစ်ပါတယ်။ ဗန်းမောက်မြို့နယ်ဟာ ကုန်းတွင်းပိတ်မြို့နယ်ဖြစ်တဲ့အတွက် ဆက်သွယ်ရေးအနေနဲ့ ခက်ခဲပြီးတော့ ဗန်းမောက်-အင်းတော် ၂၉ မိုင် ရှည်လျားတဲ့ ဆောက်လုပ်ရေးလုပ်ငန်းကိုသာ အဓိကအားထားပြီး သွားလာနေကြပါတယ်။ အဆိုပါ ၂၉ မိုင်အတွင်းမှာဆိုရင် တံတားကြီး/ငယ်ပေါင်း ၇၁ စင်း ရှိပါတယ်။ ဗန်းမောက်မြို့နယ်မှာမိုးရွာသွန်းမှုများပြားပြီး တောင်ကျချောင်းရေများပြားတဲ့အတွက်ကြောင့် မိုးရာသီကာလမှာ လမ်းတံတားများ ပျက်စီးလေ့ရှိပါတယ်။ ပေ ၁၈၀ ရဲ့ အထက်မှာရှိတဲ့ တုံစီချောင်းတံတား၊ လေးတိုင်ချောင်း၊ နံ့သာချောင်းတံတားတွေပျက်စီးပါက ဗန်းမောက်မြို့နယ်ရဲ့ လမ်းပန်းဆက်သွယ်ရေးဟာ ပြတ်တောက်သွားတာကို အမြဲတမ်းကြုံတွေ့ခဲ့ရပါတယ်။ လမ်းပိုင်းအနေနဲ့ ကတ္တရာလမ်း ၂၁ မိုင်၊ အမာခံလမ်း ၈ မိုင်ရှိသော်လည်း မိုးတွင်းရာသီမှာ ရေများစိမ့်ဝင်တဲ့အတွက်ကြောင့် ကတ္တရာလမ်းများလည်းပျက်စီးလျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ဗန်းမောက်-အင်းတော်လမ်းပိုင်းမှာရှိတဲ့ ပေ ၁၈၀ အထက်တံတား၊ ချောင်းကူးတံတားများကို ကွန်ကရစ်တိုင်နဲ့ ဘေလီတံတားတည်ဆောက်ပေးခြင်း၊ လမ်းပိုင်းအနေနဲ့ ပေ ၃၀ အကျယ်ချဲ့ပြီးတော့ ကျောက်ချော လမ်းအဖြစ် ခင်းပေးမယ်ဆိုရင် ဒေသဟာ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ ထို့ကြောင့် ဒေသခံ ပြည်သူများရဲ့ ဖွံ့ဖြိုးတိုးတက်မှုကိုရှေးရှုပြီးတော့

ဗန်းမောက်-အင်းတော်လမ်းပိုင်း၊ လမ်းနှင့်တံတားများအား နိုင်ငံတော်မှပြုပြင်တည်ဆောက်ပေးမည့် အစီအစဉ် ရှိမရှိ။ ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ပေးမည်ကို သိလိုပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။( သြဘာသံများ)

**မန္တလေး-တကောင်း-ကသာ-ဗန်းမော်လမ်းမကြီးနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ထီးချိုင့်မဲဆန္ဒနယ်မှ ဦးစိုးစိုးမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း ၃၅**။

**ဦးစိုးစိုး(ထီးချိုင့်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစိုးဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းကတော့ ဧရာဝတီမြစ်အရှေ့ဘက်ခြမ်း မန္တလေး-တကောင်း-ကသာ-ဗန်းမော် ရှေ့မဟာဗျူဟာ လမ်းမကြီးကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ။ ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်နိုင်မလဲဆိုတာပဲ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလမ်းမကြီးဟာ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနဲ့ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့ကို ဆက်စပ်ဖောက်လုပ်ထားသော၊ အချက်အချာကျသော ရှေ့မဟာဗျူဟာလမ်းမကြီးပဲ ဖြစ်ပါတယ်။ လမ်းမကြီးအမြန်ပြီးစီးရေးနှင့် စနစ်တကျဖြစ်စေရေးတို့အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ကုမ္ပဏီများကို ပိုင်းခြားပေးပြီး ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ လက်ရှိအခြေအနေကို တင်ပြရရင် ကျောက်ခင်း လမ်းဆောင်ရွက်ထားတဲ့ အခြေအနေဟာ အောက်ခံတော်တော်ကောင်းပေမယ့် မိုးများပြီးမိုးရေ တိုက်စားမှုကြောင့် အချို့နေရာတွေမှာ ချိုင့်ခွက်အများအပြားဖြစ်ပေါ်နေကြောင်းတွေ့ရှိရပါတယ်။ လောလောဆယ် ဒီချိုင့်ခွက်တွေကို တာဝန်ယူထားတဲ့ ကုမ္ပဏီက ဖို့ပေးမယ်ဆိုရင် သွားလာမှုမြန်ဆန် အဆင်ပြေစေမှာပဲ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလမ်းမကြီးမှာ တာဝန်ကျတဲ့ကုမ္ပဏီများဟာ လမ်းဖြတ်သန်းခကိုတော့ ကောက်ခံတယ်။ မိမိတာဝန်ယူထားတဲ့လမ်းပိုင်းကို သေသေချာချာ ပြင်ဆင်မှု၊ ခင်းကျင်းမှုမလုပ်တဲ့အတွက် မိဘပြည်သူများက နိုင်ငံတော်အစိုးရကိုပဲ ဝေဖန်ပြောဆိုကြပါတယ်။ ဒီကြားထဲမှာ ကုမ္ပဏီအချို့က ခန့်ထားတဲ့ ဝန်ထမ်းအချို့ရဲ့ ဆက်ဆံရေးရိုင်းပြတာကြောင့် အခြေအနေဆိုးဝါးစေပါတယ်။ ဒါ့ကြောင့် တာဝန်ရှိကုမ္ပဏီများအပေါ် ကြီးကြပ်ဆောင်ရွက်စေသင့်ပါ ကြောင်းတင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိအခြေအနေမှာ

လမ်းဖြတ်သန်းခများကို နိုင်ငံတော်မှ လျှော့ချပြီးကောက်ခံနေတာတောင် အချို့မော်တော်ယာဉ်လိုင်းများဟာ စီးနင်းခနှုန်းထား ကို ပိုမိုကောက်ခံနေကြဆဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် ယာဉ်စီးခနှုန်းထား ပုံမှန်ဖြစ်စေရေးအတွက် ဆောင်ရွက်ပေးသင့်ပါကြောင်း တင်ပြအပ်ပါတယ်။ နိဂုံးချုပ်အနေနဲ့ တင်ပြရရင် ကျွန်တော်တို့ ဒေသခံမိဘပြည်သူများရဲ့ဆန္ဒကတော့ ဒီလမ်းမကြီးကို ကတ္တရာလမ်းအဖြစ်မြင်တွေ့ပြီးအသုံးပြုခွင့် ရလိုကြပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်မှ ဆောင်ရွက်မယ့်အစီအစဉ် ရှိ၊ မရှိ။ ဆောင်ရွက်ပေးမယ် ဆိုရင်လည်း မည်သည့်ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်မလဲဆိုတာကို သိရှိလိုပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ပင်လယ်ဘူး-ကောလင်း ဆက်သွယ်သည့် လမ်းတံတားများနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးဝင်းသိန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း ၃၇**။

**ဦးဝင်းသိန်း(ပင်လည်ဘူးမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ပင်လည်ဘူးမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်းဖြစ်ပါတယ်။ ကျွန်တော်တို့ ပင်လည်ဘူးမြို့နယ်ဟာ ကုန်းတွင်းပိတ်မြို့နယ်တစ်မြို့နယ်ဖြစ်ပြီး နိုင်ငံတော်ကတန်ဖိုးထားတဲ့ ကျွန်းသစ်နဲ့သစ်မာများပေါ်များတဲ့ မြို့တစ်မြို့ဖြစ်တဲ့အတွက် နိုင်ငံတော်မှနှစ်စဉ်တစ်နှစ်လျှင်ပျမ်းမျှ သစ်တန်ပေါင်း ခြောက်သောင်းကျော်အား မော်တော်ယာဉ်များဖြင့် ထုတ်လုပ်လျက်ရှိရာ ပင်လည်ဘူးမြို့၏ ထွက်ပေါက်ဖြစ်သော ပင်လည်ဘူး-ကောလင်းလမ်းပိုင်းမှာ သစ်လုပ်ငန်းများကြောင့် ဆိုးရွားစွာ ပျက်စီးလျက်ရှိပါတယ်။ အဆိုပါ ၃၉ မိုင်ကွာဝေးတဲ့ ပင်လည်ဘူး- ကောလင်းကားလမ်းပိုင်းမှ လမ်းနှင့်တံတားများအား ပြည်ထောင်စုအစိုးရအနေဖြင့် ပြုပြင်ပေးရန်အစီအစဉ်ရှိ၊ မရှိ သိရှိလိုပါတယ်။ ပြုပြင်ပေးမည်ဆိုပါက မည်သည့်အချိန်၊ မည်သည့်ကာလတွင် ပြုပြင်ပေးမည်ကို သိရှိလိုကြောင်း မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**လှိုင်သာယာမြို့နယ်အတွင်း ကွန်ကရစ်ခင်းလမ်းများနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း ၃၉**။

**ဦးဉာဏ်ဝင်း(လှိုင်သာယာမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများအားလုံးကို မင်္ဂလာပါလို့ဂါရဝပြု နှုတ်ခွန်းဆက်သရင်း ကာယ၊ စိတ္တနှစ်ဖြာသောသုခနှင့် ပြည့်စုံကြပါစေကြောင်း

ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်း ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်တွင် ကတ္တရာလမ်း ၂၃၇ လမ်း၊ ကွန်ကရစ်လမ်း၁၄၃ လမ်း၊ မြေသားလမ်း ၆၀၂ လမ်း၊ စုစုပေါင်း ၉၈၂ လမ်းရှိသည့်အနက် ခင်းကျင်းဆဲ ကွန်ကရစ်လမ်း ၂၉ လမ်းနှင့် လုံးဝမခင်းရသေးသည့် မြေသားလမ်း ၆၀၂ လမ်းတို့သည် အခြေခံလူတန်းစားများ အများစု နေထိုင်ရာရပ်ကွက်၊ ကျေးရွာများ တွင်ရှိကြပြီး ရွှံ့မြေများဖြစ်သဖြင့် မိုးရာသီကာလတွင် ဗွက်ပေါက်ပြီး ရဟန်းရှင်လူပြည်သူများ၊ သက်ကြီးရွယ်အိုများ သွားလာရေးနှင့် နေထိုင်မကောင်းသည့် လူမမာများဆေးရုံ၊ ဆေးခန်းများ သွားလာရေးတို့တွင် အခက်အခဲများနှင့် ကြုံတွေ့နေကြရပါတယ်။ ယင်းလမ်းများအား ကွန်ကရစ်လမ်း များအဖြစ် ဆက်လက်ခင်းကျင်းပေးရန်နှင့်စပ်လျဥ်းပြီး ယခုအခါ သက်ဆိုင်ရာမှ ဆောင်ရွက်ပေး သည်ဟု ကြားသိရပါသဖြင့် ဤမေးခွန်းအား ပြည်သူ့လွှတ်တော်၌သာ မှတ်တမ်းတင်ထားရှိပေးနိုင် ပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ။** ။သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးကရှင်းလင်းဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန် ၊ ၁၀း ၄၀။**

**ဦးခင်မောင်မြင့်(ပြည်ထောင်စုဝန်ကြီး၊ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါ သောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထား သောဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနက ပြည်ထောင်စု ဝန်ကြီး ဦးခင်မောင်မြင့် ဖြစ်ပါတယ်။ မေးခွန်းအားလုံး ငါးခုမှာ တစ်ခုက ပြန်လည်ရုပ်သိမ်းသွား တဲ့အတွက် ကျွန်တော် မေးခွန်းလေးခုကို ဆက်လက်ပြီး ဖြေကြားရှင်းလင်းသွားမှာဖြစ်ပါတယ်။ ပထမမေးခွန်းကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတင်လှိုင်ကနေပြီးတော့ မေးမြန်းထားတဲ့မေးခွန်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ မုံရွာ-ယာကြီး-ကလေးဝလမ်းဟာ ကျွန်တော်တို့ ၁၁၅ မိုင်နှင့် ၅ ဖာလုံ ရှည်လျားသောလမ်းကြီး ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာတည်ရှိပြီး ကနီမြို့နယ်၊ မင်းကင်းမြို့နယ်၊ ကလေးဝ မြို့နယ်တို့ကို ဖြတ်သန်းပြီး ဖောက်ထားတဲ့လမ်းကြီး ဖြစ်ပါတယ်။ ၃၀-၅-၂၀၁၁ နေ့မှာရှိနေတဲ့လမ်း အခြေအနေကတော့ ကတ္တရာလမ်းက ၇၃ မိုင်နှင့် ၂ ဖာလုံ၊ ကျောက်လမ်းက ၁၆မိုင်နှင့် ၄ ဖာလုံ၊ အမာခံလမ်းက ၂၂ မိုင်နှင့် ၃ ဖာလုံ၊ မြေလမ်းက ၃မိုင် ၄ ဖာလုံနဲ့ စုစုပေါင်း ၁၁၅မိုင်နဲ့ ၅ဖာလုံ

ရှိပါတယ်။ လက်ရှိစံချိန်စံညွှန်းနဲ့ကိုက်ညီပြီး လမ်းအင်္ဂါရပ်နဲ့ ပြည့်စုံကောင်းမွန်သော ကတ္တရာလမ်း အဆင့် ရာနှုန်းပြည့် အမြန်ဆုံးပြီးစီးစေရန် ရည်ရွယ်ပြီးတော့ ဒေသခံတိုင်းရင်းသား ကုမ္ပဏီ လုပ်ငန်းရှင်များဖြစ်သော မုံရွာအုပ်စု ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်ကနေပြီး ဘီအိုတီစနစ်နဲ့လမ်း၊ တံတားများကို အဆင့်မြှင့်တင်ဆောင်ရွက်ရန် ၁၇-၈-၂၀၁၀ ရက်နေ့မှာ စတင်ပြီးတော့ လျှောက်ထားတဲ့ အတွက် ခွင့်ပြုပေးခဲ့တာ ဖြစ်ပါတယ်။ မုံရွာ-ယာကြီး-ကလေးဝလမ်းဟာ ဘီအိုတီစနစ်နဲ့ ဆောင်ရွက် ခွင့်ပြုထားတဲ့ မုံရွာအုပ်စုဆောက်လုပ်ရေးကုမ္ပဏီလီမိတက်က ယာဉ်ကြီး၊ ယာဉ်ငယ်များ ချောမွေ့စွာ သွားလာနိုင်ရေးနှင့် မိုးတွင်းမှာ ယာဉ်လမ်းကြောင်း မပြတ်တောက်စေရေးအတွက် စက်ယာဉ်ယန္တရား၊ လုပ်သားအင်အား မြောက်မြားစွာနဲ့ ဆောင်ရွက်ခဲ့ပါတယ်။ ကတ္တရာလမ်းသားများကိုလည်း ပြုပြင်ခြင်း၊ မြေသားလမ်းမကောင်းတဲ့နေရာမှာ နိမ့်ကျကျွံတဲ့အပိုင်းတွေကို ဖယ်ထုတ်ပြီးတော့ ကျောက်ရော မြေတွေအဖြစ် တာပေါင်ပြုလုပ်ပြီး ဆောင်ရွက်ခဲ့ပါတယ်။ ဘေလီတံတားများ၊ သစ်သားတံတားများ ပြင်ဆင်ခြင်း၊ စက်ယာဉ်ယန္တရားများဖြင့် တာပေါင်ချဲ့ခြင်း၊ လမ်းချောခြင်း၊ လမ်းဘေးဝဲ/ယာ ရေနုတ်မြောင်းတူးခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မုံရွာ-ယာကြီး-ကလေးဝလမ်းဟာ လမ်းကြောင်းတည်နေရာအရ အောက်ခံမြေသား ညံ့ဖျင်းပါတယ်။ ပုထိုးလုံးတောင်နဲ့ ရွှေသမင် တောင်ကြောတစ်လျှောက်မှာ ပြတ်ရွေ့ဇုန်အတွင်း၌တည်ရှိပြီးတော့ မိုးသည်းထန်စွာ ရွာသွန်းလျှင် တောင်ပြိုခြင်း၊ မြေသားလွှာများဟာ လျှောကျပြိုဆင်းခြင်း၊ အောက်ခံမြေသားများကြေပျက်ခြင်းစတဲ့ သဘာဝအတားအဆီးများရှိတဲ့အတွက် တန်ဖိုးကြီးမြင့်သော အဆင့်မြှင့်တင်လမ်း တည်ဆောက်တဲ့ နည်းပညာနဲ့သာ ဆောင်ရွက်မှုလိုအပ်ပါတယ်။ ဒါကြောင့်မို့လည်း ဘီအိုတီလုပ်ငန်းရှင်ကနေပြီးတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနကို ၎င်းလမ်းပိုင်းအား ပြန်လည်ပြီး အပ်နှံခဲ့ပါတယ်။ ဆောက်လုပ်ရေး ဝန်ကြီးဌာနကလည်း ၎င်းလမ်းပိုင်းကို ယခုထက်ပိုမို ကောင်းမွန်စွာ သွားလာနိုင်ရေးအတွက် လမ်းသုတေသနမှတိုင်းတာပြီး တွက်ချက်လျက်ရှိပါတယ်။ ဒီထက်နည်းပညာ ပိုမိုအဆင့်မြှင့်တင်နိုင်ရန် အတွက် ထိုင်းနိုင်ငံမှာ အခြေစိုက်နေတဲ့ NEDA (အိမ်နီးချင်းနိုင်ငံများ ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေး အဖွဲ့)ကနေပြီးတော့ အင်ဂျင်နီယာများကို ဖိတ်ခေါ်ထားပါတယ်။ ၎င်းအင်ဂျင်နီယာများနှင့် မြန်မာအင်ဂျင်နီယာများပူးပေါင်းပြီး မုံရွာ-ယာကြီး-ကလေးဝလမ်း မြေသားညံ့သောနေရာများအား မည်ကဲ့သို့လုပ်ဆောင်ရမည်ကို လေ့လာအဖြေရှာပြီး ဆက်လက်၍ ကောင်းမွန်သော လမ်းတစ်လမ်း ဖြစ်အောင် တည်ဆောက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါ တယ်။

ဆက်လက်ပြီး ဒုတိယမေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဒီလမ်းကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်သန်းက

နေပြီးတော့ မေးမြန်းထားတဲ့မေးခွန်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဗန်းမောက်-အင်းတော် လမ်းပိုင်းဟာ ၂၉ မိုင်ရှည်လျားပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနကနေ တာဝန်ယူလျက်ရှိသော ကသာ-အင်းတော်-မံစီလမ်းပိုင်းမှာ ပါဝင်ပါတယ်။ ၃၁-၅-၂၀၁၁ ရက်နေ့လမ်း အခြေအနေကတော့ ကတ္တရာလမ်း ၂၁ မိုင်၊ ကျောက်လမ်း ၈ မိုင်၊ စုစုပေါင်း ၂၉ မိုင်သာ ရှိပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ ခွဲဝေရရှိ သာမန်ပြင်ဆင်ထိန်းသိမ်းရေး ရန်ပုံငွေကနေ အောက်ပါလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ကတ္တရာလမ်းအနိမ့်အမြင့်ဖြေခြင်းနဲ့ ရေပိတ်လွှာလောင်းခြင်း၊ ၂ မိုင် ၃ဖာလုံ၊ ကတ္တရာရေပိတ်လွှာလောင်းခြင်းက ၅ မိုင် ၂ ဖာလုံ၊ ဘေလီတံတားများ ကြမ်းခင်းဘီးလမ်းများလဲခြင်းက ၂၂ စင်း၊ သစ်သားတံတားများ တိုင်စင်၊ ယက်မ၊ ကြမ်းခင်း၊ ဘီးလမ်းသစ်များ လဲလှယ်ခြင်းဟာ ၁၂ စင်း၊ သစ်သားရေပြွန်တည်ဆောက်ခြင်းက ၃ စင်းတို့ ဆောင်ရွက်လျက်ရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကသာခရိုင်၊ ဗန်းမောက်-အင်းတော် လမ်းပိုင်းဟာ မိုးများတဲ့ဒေသဖြစ်တဲ့အပြင် အဓိကအားဖြင့် ရွှေထွက်ရာဒေသလည်း ဖြစ်ပါတယ်။ ရွှေတူးဖော်တဲ့ယန္တရားကြီးများဟာ စက်သယ်ယာဥ်များကို အသုံးမပြုဘဲ ယန္တရားကြီးများအလိုက် လမ်းများပေါ်မှာ သွားလာတဲ့အတွက် လမ်းများဟာပျက်စီးရခြင်း ဖြစ်ပါတယ်။ ဗန်းမောက်-အင်းတော်လမ်းပိုင်းမှာ တုံစီချောင်းတံတား၊ နံ့သာချောင်းကူးတံတား၊ လက်ပန်တံတားတို့အား ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ သံကူကွန်ကရစ်တံတားများအဖြစ် ပြီးစီးရန်အတွက် ရံပုံငွေလည်း လျာထားပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ရရှိရန်ပုံငွေပေါ်မှာမူတည်ပြီး ၎င်းလမ်းဟာ ကောင်းမွန်အောင်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။

ဆက်လက်ပြီး မေးခွန်းနံပါတ် (၃) ကို ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ မေးခွန်းနံပါတ် (၃) ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစိုး ကနေပြီးတော့ မေးမြန်းထားတဲ့ မေးခွန်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေး-တကောင်း-ကသာ-ဗန်းမော်လမ်း မဟာဗျူဟာ လမ်းမကြီးဟာ မူလကရှိနေတဲ့ မြတောင် (၇ မိုင် လမ်းခွဲ) ၀/၀မိုင်မှ ၆၀မိုင် ၃ ဖာလုံကို လှမြတ်တော်ဝင်ကုမ္ပဏီကနေပြီးတော့လည်းကောင်း၊ ၆၀ မိုင် ၃ ဖာလုံကနေပြီးတော့ ၁၂၀ မိုင် ၁ ဖာလုံကို ဂရိတ်ဝေါလ်ကုမ္ပဏီကလည်းကောင်း၊ ၁၂၀ မိုင် ၁ ဖာလုံမှ ၁၈၃မိုင် ၇ ဖာလုံ(ဆဝမ်ကထောင်လမ်းဆုံ)ထိ ရွှေမိုးသွန်းအောင်ကုမ္ပဏီလီမိတက်က လည်းကောင်း ဘီအိုတီစနစ်ဖြင့် လမ်းတံတားလုပ်ငန်းများ ဆောင်ရွက်ရန် လျှောက်ထားတဲ့အတွက် ခွင့်ပြုပေးခဲ့တာဖြစ်ပါတယ်။ ၎င်းလမ်းများကို စံချိန်စံညွှန်းနဲ့ပြည့်မီသော လမ်းအင်္ဂါရပ်နှင့်ပြည့်စုံသော ကတ္တရာလမ်းအဆင့် သတ်မှတ်ကာလအတွင်း စနစ်တကျဆောင်ရွက်ရန် ရည်ရွယ်ပြီးတော့ အပိုင်းလိုက်

ဖော်ပြပါတိုင်းရင်းသားကုမ္ပဏီလုပ်ငန်းရှင် သုံးခုကို ခွဲပေးတာဖြစ်ပါတယ်။ ဘီအိုတီကုမ္ပဏီများ ကလည်း ကတ္တရာလမ်းအသစ် တိုးတက်ဆောင်ရွက်ရန် သတ်မှတ်ခဲ့သော်လည်း ယခုနှစ်မှာ ပြင်းထန်တဲ့ မိုးဒဏ်ကြောင့် လမ်းပိုင်းများပျက်စီးခဲ့ပါတယ်။ ၁၉-၉-၂၀၁၁ ရက်နေ့မှာ မိုးဒဏ်ကြောင့်မို့ လမ်းဟာ ဆိုလို့ရှိရင် ၀/၀မိုင်ကနေပြီး ၆၀မိုင် ၃ဖာလုံအတွင်းမှာ ပျက်စီးသွားတဲ့လမ်းပိုင်းကို ဘီအိုတီ လုပ်ငန်းရှင်များ မလုပ်နိုင်တဲ့အတွက် မန္တလေးတိုင်းဒေသကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအဖွဲ့ ဖြစ်တဲ့ ပြင်ဦးလွင်ခရိုင်၊ ဆောက်လုပ်ရေးအထူးအဖွဲ့ ၆ ဖွဲ့တို့မှ အဖွဲ့ငယ် ၁၀ ဖွဲ့ ဖွဲ့ပြီးတော့ လမ်းမျက်နှာပြင် ပျက်စီးမှုနဲ့ တံတားငယ်များပျက်စီးမှုကို ယနေ့အထိ ပြင်ဆင်ဆောင်ရွက်လျက်ရှိပါတယ်။ တံတားတည်ဆောက်ရေးအထူးအဖွဲ့(၁၄)ကလည်း တံတားကြီးများပျက်စီးမှုကို အဆက်အသွယ် မပြတ်တောက်စေရန်အတွက် ယာယီဘေလီတံတားများဖြင့် ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကချင်ပြည်နယ်အပိုင်း ပျက်စီးသွားသော လမ်းတံတားများနှင့်ပတ်သက်လို့လည်း ဆောက်လုပ်ရေးဝန်ကြီး ဌာန၊ အထူးစီမံကိန်းအဖွဲ့ (၂)က ပေအရှည် ၂၀ မှ ၁၂၀ ပေ ရှိတဲ့ကြားမှာရှိတဲ့ တံတား ၆ စင်းကို သံကူကွန်ကရစ် တံတားများအဖြစ်လည်းကောင်း၊ ကချင်ပြည်နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အဖွဲ့က သစ်သားတံတား ၂၃ စင်းအား အမြဲတမ်းသံကူကွန်ကရစ်တံတားအဖြစ်လည်းကောင်း ဆက်လက်ပြီး တည်ဆောက်ပေးလျက်ရှိပါတယ်။ လမ်းအသုံးပြုခကောက်ခံမှုနှင့် ပတ်သက်လို့ ဆောက်လုပ်ရေးဝန်ကြီးဌာနက လေလံရထားသော ကုမ္ပဏီများ၊ လုပ်ငန်းရှင်များဟာ သတ်မှတ်နှုန်းထား အတိုင်း ကောက်ခံရန်အတွက် သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ ပြည်နယ်ဆောက်လုပ်ရေးအဖွဲ့များ၊ သက်ဆိုင်ရာ ဒေသအာဏာပိုင်များကိုလည်း အားလုံးအဆင့်ဆင့် တာဝန်လွှဲအပ်ပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒေသအာဏာပိုင်များကလည်း အဆင့်ဆင့်ကြပ်မတ်ဆောင်ရွက်မှုနှင့် မှန်ကန်သောကောက်ခံမှုနှုန်းထားများ ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဘီအိုတီ လမ်းပိုင်းများမှာ လုပ်ကိုင်နေသော ကုမ္ပဏီ ၃ ခုအား ဆောက်လုပ်ရေးဝန်ကြီးဌာန ကနေပြီးတော့ စံချိန်စံညွှန်းအတိုင်း ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် တွန်းအားပေးကြပ်မတ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီး မေးခွန်းနံပါတ် (၄) အား ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ မေးခွန်းနံပါတ် (၄) ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ပင်လည်ဘူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းသိန်း ကနေပြီးတော့ မေးမြန်းထားတဲ့ မေးခွန်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပင်လည်ဘူး- ကောလင်းလမ်းဟာ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူလျက်ရှိသော ဆင်ကုန်း- ဝန်းသို-ပင်လည်ဘူးလမ်း (ဝန်းသို-ပင်လည်ဘူးအပိုင်း) ဖြစ်တဲ့ ဝင်းကြီးမှ ကောလင်းသို့ ဆက်သွယ်

ထားသော လမ်းဖြစ်ပါတယ်။ ၎င်လမ်းပိုင်းဟာ ၃၉မိုင် ရှည်လျားပြီး ကတ္တရာလမ်းအဆင့်ဆောင်ရွက်ပြီးတဲ့လမ်းတစ်လမ်းဖြစ်ပါတယ်။ နှစ်စဉ်ပြုပြင်ဆင်ထိန်းသိမ်းခြင်း၊ သစ်သားတံတားများကို သံကူကွန်ကရစ် တံတားများအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိသော်လည်း အခြေစိုက်သစ်ထုတ်လုပ်ရေးလုပ်ငန်းများရှိတဲ့အတွက် သစ်တင်ကားကြီးများကြောင့် လမ်းသားဟာ အမြဲတမ်းနိမ့်ကျ ပျက်စီးလျက်ရှိပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာခွဲဝေရရှိတဲ့ သာမန်ပြင်ဆင်ထိန်းသိမ်းရေး ရန်ပုံငွေဖြင့် အောက်ပါလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ကတ္တရာ ထပ်ပိုးလွှာတင်ခြင်းက ၅ မိုင်နဲ့ ၂ ဖာလုံ၊ လမ်းအနိမ့်အမြင့်ညှိ၍ ကတ္တရာရေပိတ်လွှာလောင်းခြင်းက ၂မိုင်နဲ့ ၃ဖာလုံ၊ လမ်းတံတားအမှတ် ၂/၉ အား ၄၀ ပေအရှည်ရှိတဲ့ ဘေလီတံတားအသစ် ဆောက်လုပ်ခြင်းက ၁ စင်း၊ သစ်သားတံတား အသစ်တည်ဆောက်ခြင်းက ၂ စင်း၊ သစ်သားရေပြွန် တည်ဆောက်ခြင်းက ၃ စင်း၊ ဘေလီနဲ့ သစ်သားတံတားများအား ကြမ်းခင်းဘီးနင်းများလဲခြင်းက ၃ စင်း၊ သစ်သားတံတားများ ပြုပြင်ခြင်းက ၄၅ စင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ် ခင်ဗျား။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၂ -၂၀၁၃ ဘဏ္ဍာရေးနှစ်မှာခွဲဝေရရှိတဲ့ ရန်ပုံငွေနဲ့ လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လမ်း၊ တံတားများ ပြင်ဆင်ထိန်းသိမ်းခြင်း၊ တိုးတက်အောင် ဆောင်ရွက်ခြင်းများ ဆောင်ရွက်သည့်နည်းတူ သစ်ထုတ်ကွင်းများမှ သစ်သယ်ကားများကလည်း သီးခြားသစ်သယ်လမ်းများ ဖောက်လုပ်အသုံးပြုမှသာလျှင် ဒီလမ်းတွေက ရေရှည်ခံမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ကတ္တရာလမ်းများ ရေရှည်ခံနိုင်အောင်သွားလာနိုင်ရေးအတွက် မိမိဒေသတွင်းမှာရှိသော လမ်းများသက်တမ်းပြည့် အသုံးပြုနိုင်ရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းပေးဖို့ လိုအပ်ကြောင်း ရှင်းလင်းတင်ပြလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။(သြဘာသံများ)

**ပေပင်ချောင်အခြေခံပညာအထက်တန်းကျောင်းခွဲနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ကျွန်းလှမဲဆန္ဒနယ်မှဦးကျော်ညွန့်ကမေးခွန်းများ မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန် ၊ ၁၀း ၄၉။**

**ဦးကျော်ညွန့်(ကျွန်းလှမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်များ၊ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ညွန့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး

တည်ဆောက်အုံဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ပညာရေးနဲ့ပတ်သက်တဲ့ မေးခွန်းသုံးခုကို မေးမြန်းတင်ပြသွားမှာဖြစ်တဲ့အတွက်ကြောင့် တစ်ဆက်တစ်စပ်တည်းမေးမြန်းတင်ပြခွင့်ပြုဖို့ တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ပထမမေးမြန်းတင်ပြလိုတာကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ကျွန်းလှမြို့နယ်၊ ပေပင်ချောင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲနဲ့ပတ်သက်လို့ မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။ ပေပင်ချောင် အခြေခံပညာအထက်တန်းကျောင်းခွဲဟာ ၁၉၉၆-၁၉၉၇ ပညာသင်နှစ်မှာစတင်ဖွင့်လှစ်ခဲ့တာ ဖြစ်ပါတယ်။ ၁၉၉၅ ခုနှစ်က ကျွန်တော်တို့ ကျွန်းလှမြို့နယ်မှာ သဖန်းဆိပ်ဆည်ရေလှောင်တမံစီမံကိန်းကြောင့် ကျွန်းလှမြို့နယ်ဟာ အရှေ့ဘက်ခြမ်းနဲ့ အနောက်ဘက်ခြမ်းဆိုပြီးတော့မှဆည်ကြီးရဲ့ ပိုင်းခြားထားတာကိုခံရတာ ဖြစ်ပါတယ်။ ကျွန်းလှမြို့နယ်မှာ အထက်တန်းကျောင်းဟာတစ်ကျောင်းတည်းပဲရှိပြီးတော့မှ ရှိတဲ့ကျောင်းဟာ ကျွန်းလှမြို့နဲ့ တစ်ပါတည်းပါသွားတဲ့အတွက်ကြောင့်မို့ကျွန်းလှမြို့နဲ့ ၃၆ မိုင်ဝေးကွာတဲ့ ဆည်အနောက်ဘက်ကမ်းမှာရှိတဲ့ ပေပင်ချောင် အထက်တန်းကျောင်းခွဲအား အထက်တန်းကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးဖို့အခြေအနေ ရှိ၊ မရှိ သိရှိလိုပါတယ်။ တကယ်လို့ အဲဒီကျောင်းကိုသာ ဖွင့်လှစ်ပေးမယ်ဆိုလို့ရှိရင် ဆည်ရဲ့အနောက် ဘက်ကမ်းမှာရှိတဲ့ အခြေခံပညာကျောင်းပေါင်း ၂၀ ကျော်မှာ သင်ကြားနေကြတဲ့ ကျောင်းသား၊ ကျောင်းသူများအတွက်အထက်တန်းပညာကို လွယ်ကူချောမွေ့စွာ သင်ကြားကြရမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် အခြေခံပညာအထက်တန်းကျောင်းခွဲအား အခြေခံပညာအထက်တန်းကျောင်းအဆင့်ထိ တိုးမြှင့်ဖွင့်လှစ်ပေးဖို့အစီအစဉ် ရှိပါသလား။ ရှိပါလျှင်လည်း မည်သည့်အချိန်အခါတွင် တိုးမြှင့်ဖွင့်လှစ်ပေးနိုင်မည်ကိုသိရှိလိုပါကြောင်း မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။

**လိပ်ဆင်းတောင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း ၅၀။**

**ဦးကျော်ညွန့်(ကျွန်းလှမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယမေးမြန်းတင်ပြလိုတာကတော့ အဲဒီ သဖန်းဆိပ်ဆည်ရဲ့ အနောက်ဘက် ကမ်းနဖူးမှာရှိတဲ့ လိပ်ဆင်းတောင်ကျေးရွာအခြေခံပညာအလယ်တန်းကျောင်းခွဲကို အလယ်တန်းကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးဖို့အဆင့်မြှင့်တိုးဖို့ အခြေအနေ ရှိ၊ မရှိ။ ရှိခဲ့ပါလျှင်လည်း မည်သည့်အချိန်ကာလတွင် ဖွင့်လှစ်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။

**သစ်ရာမြိုင်ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်းမြေနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း ၅၂။**

**ဦးကျော်ညွန့်(ကျွန်းလှမဲဆန္ဒနယ်)။** ။လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။တတိယမေးမြန်း တင်ပြလိုတဲ့ အကြောင်းကတော့ ကျွန်းလှမြို့ သစ်ရာမြိုင်ရပ်ကွက်၊ အခြေခံပညာအလယ်တန်းကျောင်း ကျောင်းမြေကိစ္စနဲ့ပတ်သက်ပြီး မေးမြန်းတင်ပြလိုပါတယ်။ ကျွန်းလှမြို့ သစ်ရာမြိုင်ရပ်ကွက်၊ အခြေခံ ပညာအလယ်တန်းကျောင်း ကျောင်းမြေ ဧရိယာဟာယခင်က ၅.၅၈ ဧက ရှိခဲ့ပါတယ်။ ၁၉၉၅ ခုနှစ်က သဖန်းဆိပ်ဆည် ရေလှောင်တမံစီမံကိန်းကြောင့် ကျွန်းလှမြို့ဟာ ရွှေ့ပြောင်းလာခဲ့တဲ့အတွက် ကျောင်း မြေရဲ့ အနောက်ဘက်ခြမ်း ၂.၀၇ ဧကကို လမ်းမြေအဖြစ်ပေးခဲ့ရတာကြောင့် ကျောင်းမြေရဲ့ ဧရိယာဟာ ၃.၆၁ ဧကသာ ကျန်ရှိပါတော့တယ်။ သို့ဖြစ်ပါ၍ ကျောင်း၏တောင်ဘက်တွင် တစ်ဆက်တစ်စပ် တည်းရှိပြီး အသုံးပြုခြင်းမရှိတော့တဲ့ ယခင်သစ်ရာပင်ရဲစခန်းဟောင်းမြေနေရာ ၂.၂ ဧကနဲ့ ကုန်သွယ် လယ်ယာမြေ ၀.၃ဧကကို ကျောင်းဝင်းမြေ အဖြစ်သတ်မှတ်ပေးနိုင်ပါရန် အခြေအနေ ရှိ၊ မရှိ၊ သိရှိ လိုပါကြောင်း မေးမြန်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဖြေကြားချက်**

**အချိန်၊ ၁၀း ၅၃။**

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးမှ ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမြအေး(ပြည်ထောင်စုဝန်ကြီး၊ပညာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ကျွန်တော့်အနေနဲ့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ ပညာရေးဝန်ကြီးဌာန၊ပြည်ထောင်စုဝန်ကြီး၊ဒေါက်တာမြအေးဖြစ်ပါတယ်။ ယခုစစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမဲဆန္ဒနယ်၊ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ညွန့်၏ မေးခွန်းသုံးခုကို ကျွန်တော့်အနေနဲ့ အစီအစဉ်အတိုင်း ဖြေကြားသွားမှာဖြစ်ပါတယ်။ပထမမေးခွန်းကတော့ ကျွန်းလှမြို့နယ်ရှိ ပေပင်ချောင် အခြေခံပညာအထက်တန်းကျောင်းခွဲအား အခြေခံပညာအထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့် ဖွင့်လှစ်ရန် အစီအစဉ် ရှိ၊ မရှိမေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဖြေကြားရမယ်ဆိုရင် အခြေခံပညာအထက်တန်းကျောင်း အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ရေးအတွက် အထက်တန်းအဆင့်တွင် တက်ရောက်နေသော ကျောင်းသား ဦးရေ၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုအခြေအနေများ၊ ကျောင်းဥပဓိရုပ်တို့ကိုစိစစ်၍ တန်းစီထား

ပါတယ်။ အခြေခံပညာအထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ရေးအတွက် အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဖွံ့စည်းပုံစိစစ်ရေးအဖွဲ့သို့ တင်ပြ ထောက်ခံချက်ရရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တင်ပြခွင့်ပြုချက်ဖြင့် အဆင့် တိုးမြှင့်ဖွင့်လှစ်ရေးဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ကွန်းလှမြို့နယ်၊ ပေပင်ချောင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲကို အထက်တန်းကျောင်းအဖြစ် ဦးစားပေး အစီအစဉ်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

ဦးကျော်ညွန့်၏ ဒုတိယမေးခွန်းကတော့ ကွန်းလှမြို့နယ် သဖန်းဆိပ်ဆည်၏ အနောက်ဘက် ကမ်းခြေတွင်ရှိသည့် လိပ်ဆင်းတောင်ကျေးရွာ၊ အခြေခံပညာအလယ်တန်းကျောင်းခွဲကို အခြေခံပညာ အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အခြေအနေ ရှိ၊ မရှိ မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ဖြေကြားရမယ်ဆိုရင် ယခင်အတိုင်းပါပဲ။ အခြေခံပညာ အလယ်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ရန်အတွက် အလယ်တန်းအဆင့်တွင် တက်ရောက်နေ သော ကျောင်းသားဦးရေ၊ သွားရေးလာရေးခက်ခဲတဲ့ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုအခြေအနေများ၊ နောက်တစ်ခုကတော့ ကျောင်းဥပမိရုပ်တို့ကို စိစစ်ပြီးတော့ တန်းစီဇယား ပြုထားပါတယ်။ အခြေခံ ပညာအလယ်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ရေးအတွက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဖွဲ့စည်းပုံ စိစစ်ရေးအဖွဲ့သို့တင်ပြထောက်ခံချက် ရရှိပြီးပါက ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ တင်ပြခွင့်ပြုချက်ဖြင့် အဆင့်တိုးမြှင့်ဖွင့်လှစ်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ကွန်းလှမြို့နယ်၊ လိပ်ဆင်းတောင် ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲကို ဦးစားပေးအစီအစဉ်အတိုင်း ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြေကြားအပ်ပါတယ်။

နောက်ဆုံးမေးခွန်းကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကွန်းလှမြို့နယ်၊ သစ်ရာမြိုင်ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း၊ ကျောင်းဝန်း၏တောင်ဘက်တွင် တစ်ဆက်တစ်စပ်တည်းရှိပြီး အသုံးပြုခြင်းမရှိတော့သော ယခင်သစ်ရာပင်ရဲစခန်းဟောင်းနေရာ ၂.၂ ဧကနဲ့ ကုန်သွယ်လယ်ယာမြေ ဝ.၃ ဧကတို့ကို ကျောင်းဝန်းမြေအဖြစ် သတ်မှတ်ပေးပါရန် အခြေအနေ ရှိ၊ မရှိ မေးခွန်း ဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကွန်းလှမြို့နယ်၊ သစ်ရာမြိုင် ရပ်ကွက်၊ အခြေခံပညာအလယ်တန်းကျောင်း ကျောင်းမြေနှင့်ကပ်လျက်ရှိသော ကုန်သွယ်လယ်ယာမြေ ဝ.၃ ဧကသည် လက်ရှိအသုံးမပြုတော့သည်မှာ မှန်ကန်ပါသည်။ ကုန်သွယ်လယ်ယာမြေနှင့်ကပ်လျက် သစ်ရာပင်ရဲစခန်းဟောင်းမြေနေရာ ၂.၂ ဧကတွင် သစ်ရာပင်ရဲစခန်း မရှိတော့သော်လည်း

ရဲကင်းအဖြစ် ဆက်လက်တည်ရှိပြီး ကျွန်းလှမြို့နယ်ရဲတပ်ဖွဲ့မှ ထုတ်နှုတ်အင်အားဖြင့် တာဝန် ထမ်းဆောင်လျက်ရှိပါကြောင်းနှင့် ၂၀၀၆ ခုနှစ်က ရဲစခန်းမြေအဖြစ် ဂရန်ပေါက်ပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကုန်သွယ်လယ်ယာမြေ ၀.၃ ဧကနှင့် သစ်ရာပင်ရဲစခန်းဟောင်းမြေ ၂.၂ ဧက တို့အား သက်ဆိုင်ရာဝန်ကြီးဌာနများမှ လွှဲပြောင်းပေးမည်ဖြစ်သည့်အတွက် ပညာရေးဝန်ကြီးဌာန အနေဖြင့် လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါ တယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများမေးမြန်း ဖြေကြားခြင်း အစီအစဉ် ပြီးပါပြီ။ ယခုအစည်းအဝေးကို မိနစ် ၃၀ ခန့် ရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**[** အစည်းအဝေးကို ၃၀ မိနစ်ခန့် ရပ်နားပါသည်။**]**

**အချိန်၊ ၁၁း ၃၀။**

**အခမ်းအနားမှူး**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဦးသိန်းညွန့်၊ သဃ်န်းကျွန်းမဲဆန္ဒနယ်၏ "၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေ (အက်ဥပဒေအမှတ် ၁၇/၁၉၅၀)ကို ရုပ်သိမ်းပေးပါရန် "အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၁း ၃၂။**

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးဆဋ္ဌမနေ့မှာ တင်သွင်း ထားတဲ့ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေ (အက်ဥပဒေအမှတ် ၁၇/၁၉၅၀)ကို ရုပ်သိမ်း ပေးပါရန် အဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ် ၄ ဦးက အမည် စာရင်းတင်သွင်းထားပါတယ်။ ပထမဦးစွာ မြဝတီမဲဆန္ဒနယ်မှ ဦးသန်းဦးအား ဆွေးနွေးရန် ဖိတ်ခေါ် ပါတယ်။

**အချိန်၊ ၁၁း ၃၃။**

**ဦးသန်းဦး (မြဝတီမဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ မြဝတီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဦး ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေဆိုင်ရာ အကိုးအကား များဖြင့် တင်ပြမည်ဖြစ်ပါသောကြောင့် စာရွက်ကိုင်၍ ပြောခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေ (1950 Emergency Provision Act) ၁၉၅၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၁၇ ကို ရုပ်သိမ်းပေးဖို့ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းညွန့် အဆိုတင်သွင်းသွားတာနဲ့ပတ်သက်လို့ ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ လွတ်လပ်ရေးမရမီကာလကတည်းက ပြဋ္ဌာန်းခဲ့တဲ့ဥပဒေများစွာရှိတဲ့အနက် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် မိမိနိုင်ငံအတွက် ပြောင်းလဲလာတဲ့အခြေအနေ၊ အချိန်အခါနှင့် ဆီလျော်မယ့် ဥပဒေတွေကို ပြန်လည်စိစစ်ပြောင်းလဲ ပြင်ဆင်၊ ပြဋ္ဌာန်းခဲ့တာတွေ့ရပါတယ်။ ပြည်ထောင်စု မြန်မာနိုင်ငံမှာ လက်ရှိကျင့်သုံးလျက်ရှိတဲ့ တည်ဆဲဥပဒေများအနက် အများစုမှာ ပြည်ထောင်စုမြန်မာနိုင်ငံဥပဒေ The Burma Code အတွဲ(၁)မှ (၁၃)အထိပါရှိတဲ့ ဥပဒေများဖြစ်ပါတယ်။ ဒီဥပဒေတွေကို ၁၉၅၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီး မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေ (The Existing Laws) များအဖြစ် လိုက်နာကျင့်သုံးလျက်ရှိပါတယ်။ ဒါပေမယ့် အဲဒီ ဥပဒေ အတွဲ(၁) မှ (၁၃)အထိမှာ ပါဝင်တဲ့ အချို့ဥပဒေများကိုတော့ အခြေအနေ၊ အချိန်အခါနှင့် မကိုက်ညီတော့တဲ့ အတွက် ရုပ်သိမ်းပယ်ဖျက် သင့်တာတွေကို ရုပ်သိမ်းပယ်ဖျက်ခဲ့ပါတယ်။ အစားထိုးပြောင်းလဲသင့်တာတွေကိုလည်း အစားထိုး ပြင်ဆင်ပြောင်းလဲပြနိုင်ခဲ့တာ တွေ့ရပါတယ်။ ၁၉၅၅ ခုနှစ်ကစပြီး ယနေ့အထိ ပြင်ဆင်ဖြည့်စွက် ပယ်ဖျက်ခဲ့တဲ့ ဥပဒေတွေများစွာရှိပါတယ်။ ဥပမာအနေနဲ့ တင်ပြရမယ်ဆိုရင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့လက်ထက်မှာ ဥပဒေများ ပြန်လည်ရုပ်သိမ်းသည့်ဥပဒေ (၁/၉၂)နှင့် (၄/၉၃) တို့အရ ဥပဒေပေါင်း ၁၅၁ ခုကို ရုပ်သိမ်းခဲ့ပါတယ်။ ယနေ့အထိလည်း ပြင်သင့်တာပြင်၊ ပယ်ဖျက် သင့်တာပယ်ဖျက်၊ ရုပ်သိမ်းသင့်တာရုပ်သိမ်း၊ အစားထိုးသင့်တာအစားထိုးနေဆဲပဲ ဖြစ်ပါတယ်။ အဲဒီလို ရုပ်သိမ်းခဲ့တာဟာလည်း တည်ဆဲဥပဒေများနှင့် အချို့သောဥပဒေများဟာ ပြောင်းလဲလာတဲ့ အခြေအနေနဲ့ ဆီလျော်မှုမရှိတာရယ်၊ ကာလအတန်ကြာ ကြာမြင့်စွာ သုံးစွဲမှုမရှိတော့တာရယ်၊ လာမယ့်

အနာဂတ်ကာလမှာလည်း ကျင့်သုံးဖို့အကြောင်းမရှိတော့တာရယ်စတဲ့ အကြောင်းတရားတွေ ဖြစ်ပေါ်လာတဲ့အခါ ဒီဥပဒေတွေကို ရုပ်သိမ်းသင့်တယ်လို့ စိစစ်တွေ့ရှိရတဲ့အတွက်ကြောင့် ဖြစ်တယ်ဆိုတာကို လေ့လာတွေ့ရှိခဲ့ရပါတယ်။

ဒီနေရာမှာ ဥပဒေတစ်ရပ် ရုပ်သိမ်းရေး နှင့်ပတ်သက်လို့ လေ့လာမှတ်သားမိသမျှ တင်ပြရရင် တည်ဆဲဥပဒေတစ်ရပ်ဟာ နိုင်ငံတော်နှင့် အများပြည်သူအတွက် အကျိုးမရှိဘူးလား။ လက်ရှိအခြေအနေနဲ့ ဆီလျော်မှုမရှိတော့ဘူးလား။ နိုင်ငံတော်က ကျင့်သုံးနေတဲ့ ဈေးကွက်စီးပွားရေးစနစ်နဲ့ လိုက်လျောညီထွေ မရှိတော့ဘူးလားဆိုတဲ့ အချက်တွေပေါ်မူတည်ပြီး စိစစ်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအချက်တွေနဲ့ တိုင်းတာကြည့်မယ်ဆိုရင် ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေအမှတ် ၁၇၊ မြန်မာနိုင်ငံဥပဒေအတွဲ(၂)နှင့် ပြဋ္ဌာန်းထားတဲ့အချက်တွေဟာ နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးအတွက် အလွန်အရေးကြီးပြီး မရှိမဖြစ်လိုအပ်သောဥပဒေတစ်ရပ် ဖြစ်တယ်ဆိုတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ အားလုံးသိကြတဲ့အတိုင်း ဒီကနေ့လို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအသစ် တစ်ရပ်ကိုပြဋ္ဌာန်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်ရာမှာ မိမိနိုင်ငံတော်နှင့် လူ့အဖွဲ့အစည်းကို ကာကွယ်စောင့်ရှောက်ဖို့ လုံခြုံတည်ငြိမ်အေးချမ်းသာယာဖို့ဟာ သေရေးရှင်ရေးတမျှ အရေးကြီးတယ်ဆိုတာ ဘယ်သူမှငြင်းနိုင်မယ် မဟုတ်ပါဘူး။ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေရဲ့ ရည်ရွယ်ချက်များနှင့်ပတ်သက်၍ ဦးတင်ညွန့်(ခ) ချိန်တိန်ယူ ပါ - ၁၁ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ 1968 B,L,R(CC) 282 စီရင်ထုံးမှာ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေကို ပြဋ္ဌာန်းရာ၌ ဥပဒေအကြောင်းအရာ ဖော်ပြချက်တွင် တိုင်းပြည်ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် အကျိုးရှိမည်ဖြစ်ပါသောကြောင့် ဤဥပဒေကို ပြုစုရခြင်းဖြစ်ကြောင်း ဖော်ပြထားပါတယ်။ သို့ဖြစ်လေရာ ဤဥပဒေ၏ရည်ရွယ်ချက်မှာ အခြားတိုင်းပြည်နှင့် စစ်ဖြစ်ပွားစဉ်အတွင်း၌သာလျှင် ပေါ်ပေါက်လာတဲ့ အန္တရာယ်များကိုကာကွယ်ရန် လိုအပ်ချက်သက်သက်မဟုတ်ဘဲ ပြည်တွင်းငြိမ်းချမ်းရေးနှင့် တိုင်းသူပြည်သားများ၏ လုံခြုံရေးကို အခါခပ်သိမ်းရှေးရှု၍ ပြဋ္ဌာန်းထားသော ဥပဒေလည်းဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ဆိုသော် ဤဥပဒေသည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးအတွက် ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ ပြဋ္ဌာန်းခြင်းဖြစ်သည်ဟု စီရင်ထုံးဖွဲ့ထားပါသည်။ ကိုယ်စားလှယ်တော်ကြီး မနေ့ကပြောသလို ဥပဒေသည် ကန့်သတ်ချုပ်ချယ်ခြင်းမဟုတ်။ အများကိုကာကွယ်ပေးမယ့် ဥပဒေသာဖြစ်ပါတယ်။ ဤစီရင်ထုံးပါစကားရပ်များ

အရလည်းကောင်း၊ ဥပဒေပါ အချက်အလက်များအရလည်းကောင်း၊ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှု ဥပဒေပါ တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်နေတဲ့ နိုင်ငံတော်လက်နက်ကိုင်အဖွဲ့အစည်းများ၊ အမှုထမ်း၊ အရာထမ်းများကို ပြစ်မှုဆိုင်ရာဥပဒေနှင့်သာမက ပိုမိုလုံခြုံအောင် အကာအကွယ်ပေးထားတဲ့ ဥပဒေဖြစ်ခြင်း၊ အများပြည်သူပိုင်ပစ္စည်းများနှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပေးတဲ့ ကျိုးကြောင်းဆီလျော်သော အထူးဥပဒေတစ်ရပ်ဖြစ်တာကို တွေ့ရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှု အက်ဥပဒေမှာ ဥပဒေပြဋ္ဌာန်းချက်ပုဒ်မ ၈ ခုပါရှိပါတယ်။ ပုဒ်မ ၈ ကတော့ ၁၉၄၈ ခုနှစ်၊ အရေးပေါ် စီမံမှုတစ်ချက်လွှတ်ဥပဒေကို ရုပ်သိမ်းပယ်ဖျက်တဲ့ ပုဒ်မပဲဖြစ်ပါတယ်။ ကျန်တဲ့ ပုဒ်မ ၇ ခု မှာ ပါရှိတဲ့ ပြဋ္ဌာန်းချက်များဟာ နိုင်ငံတော်ရဲ့ကာကွယ်ရေး၊ လုံခြုံရေးနဲ့ ပြည်သူတို့ တည်ငြိမ်အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် လိုအပ်သောပြဋ္ဌာန်းချက်များ ဖြစ်တယ်ဆိုတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ အနာဂတ်အရေးအတွက် အရေးကြီးလှပြီး နိုင်ငံတော်နဲ့ ပြည်သူတစ်ရပ်လုံးအတွက် ဂုဏ်ယူဖွယ်ရာဖြစ်သည့် ဒီပြည်သူ့လွှတ်တော်အစည်းအဝေးကြီးရဲ့ အဖိုးတန်လှသောအချိန်ကို လေးစားသောအားဖြင့် ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှု အက်ဥပဒေမှအရေးကြီးလှသည့် ပြဋ္ဌာန်းချက် အချို့ကိုပဲ အကျဉ်းချုပ်ပြီး ထုတ်နှုတ်တင်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဲဒီဥပဒေရဲ့ ပုဒ်မ ၃ မှာ ဆိုရင် မည်သူမဆို နိုင်ငံတော် ငြိမ်ဝပ်ပိပြားရေးကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ဝတ္တရားကို ဆောင်ရွက်နေသည့် နိုင်ငံတော် လက်နက်ကိုင် အစည်းအရုံးများ၏ သို့တည်းမဟုတ် ရာဇဝတ်အမှုထမ်းများ၏ ဆောင်ရွက်မှု အောင်မြင်ရေးကို နှောင့်နှေးစေရန်သော်လည်းကောင်း၊ ပျက်ပြားစေရန်သော်လည်းကောင်း အကြောင်းရှိသည့် အမှုတစ်ရပ်ရပ်ကို ကြံရွယ်၍ ပြုမူဆောင်ရွက်လျှင်ဟူ၍လည်းကောင်း၊ ပုဒ်မ ၄ မှာဆိုရင် နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုကြီးကို ကျူးလွန်ခဲ့သူအား သို့တည်းမဟုတ် ကျူးလွန်ဆဲဖြစ်သူအား ကူညီရန် ကြံရွယ်၍ဖြစ်စေ၊ ကူညီရန်ရောက်စေမည်ဟု သိလျက်နဲ့ဖြစ်စေ မည်သူမဆို မီးရထားလမ်းကို ဖြစ်စေ၊ဥမင်ကိုဖြစ်စေ၊ မီးရထားသွားလာမှုကိုဖြစ်စေ၊ အနှောင့်အယှက်ပြုလျှင်၊ ၎င်းနှင့်ပတ်သက်သော ဝတ္ထုပစ္စည်းတစ်ရပ်ရပ်ကို ပျက်စီးစေလျှင်၊ အစိုးရပိုင် ဝါယာလက်၊ ကြေးနန်း၊ ဆက်သွယ်ရေးဆိုင်ရာ ပစ္စည်းတစ်ခုခုကို ပျက်စီးစေလျှင်၊ ကြေးနန်း သို့မဟုတ် စကားပြောကြေးနန်းနှင့် ပေးပို့သော သတင်းစကားကို ကြားဖြတ်၍ ဖတ်ရှုနားထောင်ရန် ရည်ရွယ်ချက်ဖြင့် သက်ဆိုင်ရာဝတ္ထုပစ္စည်းတစ်ခုခုကို ပျက်စီးစေလျှင်၊ အနှောင့်အယှက်ပြုလျှင်၊ ဖြတ်တောက်လျှင်၊ လေယာဉ်ပျံ၊ လေယာဉ်ပျံကွင်း

(သို့မဟုတ်) လေကြောင်းသွားလာရေးနှင့်ပတ်သက်သော ကိရိယာတန်ဆာပလာ ဝတ္ထုပစ္စည်းတစ်ခုခုကို ပျက်စီးစေလျှင် (သို့မဟုတ်) အနှောင့်အယှက်ပြုလျှင်ဟူ၍ ဖြစ်ပါတယ်။ ပုဒ်မ ၅ မှာ(က)မှ (ဍ)အထိ ပြဋ္ဌာန်းချက်များမှာလည်း နိုင်ငံတော်၏လုံခြုံရေး၊ ငြိမ်ဝပ်ပိပြားရေးတို့အတွက် အရေးကြီးလှတဲ့ ပြဋ္ဌာန်းချက်များပဲဖြစ်ပါတယ်။ ဥပမာ ပုဒ်မ ၅(ည) တွင် ပြည်ထောင်စု၏လုံခြုံရေးကိုသော်လည်းကောင်း၊ ငြိမ်ဝပ်ပိပြားမှု ပြန်လည်ထူထောင်ရေးကိုသော်လည်းကောင်း ထိခိုက်စေရန် အကြောင်းရှိသော နည်းလမ်းဖြင့် အများပြည်သူ၏ သို့တည်းမဟုတ် ပြည်သူတစ်စု၏ ကိုယ်ကျင့်တရားကိုဖြစ်စေ၊ အပြုအမူကိုဖြစ်စေ၊ ဖောက်လွဲဖောက်ပြန်ဖြစ်စေရန်ကြံရွယ်၍ တစ်ခုခုလုပ်လျှင် သို့တည်းမဟုတ် ယင်းသို့ဖြစ်စေရန် အကြောင်းရှိသောအမှုကိုပြုလျှင်ဟူ၍ ပြဋ္ဌာန်းထားပါတယ်။ ပုဒ်မ ၇ တွင်လည်း မည်သူမဆို (က)သောက်သုံးသောရေကို အဆိပ်ခတ်လျှင် သို့တည်းမဟုတ် အဆိပ်ဖြစ်စေတတ်သော အမှုကိုပြုလျှင် (ခ) ပြည်ထောင်စုလက်နက်ကိုင် အစည်းအရုံးများကပိုင်သော သို့တည်းမဟုတ် ထိုအစည်းအရုံးများသို့ပေးအပ်ရန် ရည်ရွယ်ထားသော ကိရိယာတန်ဆာပလာကို သို့တည်းမဟုတ် အခြားပစ္စည်းကို အနှောင့်အယှက်ပြုလျှင်၊ ဖျက်ဆီးလျှင် သို့တည်းမဟုတ် အခွင့်မရဘဲ အခြားသို့ ရွှေ့ပြောင်းလျှင်ဟူ၍ ပြဋ္ဌာန်းထားပါတယ်။ ဒီနေရာမှာ တစ်ခုဖြည့်စွက်ပြောပြချင်ပါတယ်။ ကျွန်တော်တို့ နေထိုင်တဲ့ ကရင်ပြည်နယ်ဟာ ယနေ့ လုံခြုံရေးနဲ့ ငြိမ်းချမ်းရေးကို အလိုအပ်ဆုံး၊ အလိုချင်ဆုံး ပြည်နယ်တစ်ခုဖြစ်တယ်ဆိုတာ ကော့ကရိတ်ဇာတိ ကိုယ်စားလှယ်ကြီး အသိဆုံးဖြစ်မှာပါ။ ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့ ပါတီစုံအထွေထွေရွေးကောက်ပွဲမှာ နယ်မြေလုံခြုံရေးနဲ့ တည်ငြိမ်အေးချမ်းရေး ထိပါးခံရပြီး ကျွန်တော်အပါအဝင် ကျွန်တော့်မဲဆန္ဒနယ်မြေမှ လူများကြီးလန့်စာစားတဲ့ဘဝ၊ ပြည်သူ့ အသက်အိုးအိမ်စည်းစိမ် မလုံမခြုံနဲ့ အတိဒုက္ခရောက်ရတဲ့ အကျိုးဆက်ကို အားလုံးလည်း သိကြပြီး ဖြစ်မှာပါ။ကျွန်တော့ဇာတိဖြစ်တဲ့ မြဝတီမြို့ဟာ တစ်ချိန်က ကော့ကရိတ်ခရိုင်ရဲ့ အုပ်ချုပ်မှုအောက်မှာ ရှိခဲ့ဖူးတဲ့အတွက် အဆိုရှင်ကိုယ်စားလှယ်နှင့် ကျွန်တော်တို့ဟာ တစ်နယ်တည်းသားလို့ ပြောရင်လည်း မမှားပါဘူး။ ကျွန်တော်တို့ ပြည်နယ်မှ လူတွေအားလုံးဟာ နောက်ကျောလုံလုံ အေးချမ်းပျော်ရွှင်စွာဖြင့် မိမိဖာသာ နေလိုကြတဲ့ ဓလေ့စရိုက်ရှိကြသူများပီပီ ငြိမ်းချမ်းလုံခြုံမယ်ဆိုရင် တာလပေါ့နဲ့ ငပိထောင်း စားရရုံဖြင့် ကျေနပ်နေကြသူများ ဖြစ်ပါတယ်။ နိုင်ငံနယ်ပယ် လုံခြုံတည်ငြိမ်အေးချမ်းသာယာဖို့ အားလုံးနီးနီး လိုလားတောင့်တနေချိန်မှာ ဇာတိမြေနဲ့ဝေးကွာပြီး တစ်နယ်တစ်ကျေးမှာရောက်နေသော ကိုယ်စားလှယ်တော်ကြီးအနေနှင့် ရန်ကုန်မြေမှာ ပျော်မွေ့ပြီး ဇာတိမြေရဲ့အဖြစ်ကို မေ့လျော့နေပြီလားလို့ မေးချင်ပါတယ်။ အခါအခွင့်သင့်ရင်ဖြင့် ကိုယ့်ရပ်ဆွေရပ်မျိုးဖြစ်တဲ့ ဇာတိမြေကို အလည်လာပြီး သူတို့နဲ့

ဘ၀တူနေထိုင်ကာ ပြည်သူတွေရဲ့ ခံစားမှုတွေကို လာရောက် နားထောင်စေချင်ပါတယ်။ အဲ့ဒီအခါ ကိုယ်စားလှယ်တော်ကြီး အများအကျိုးအတွက် ဥပဒေပြုနိုင်မယ့်အချက်တွေ ကိုယ်တွေ့ပို၍ ရရှိလာနိုင်ပါတယ်။ ဒီ ၁၉၅၀ အရေးပေါ်စီမံချက်အက်ဥပဒေဟာ ဥပဒေဘောင်အတွင်း ရိုးသားစွာ နေထိုင်သူများအတွက်ကတော့ အလိုအလျောက် ကာကွယ်ပေးပြီးသားဖြစ်ပေမယ့် ဆူပူအကြမ်းဖက် တည်ငြိမ်မှုကို နှောင့်ယှက်သူများအတွက်ကတော့ မဟာအတားအဆီး ဆေးခါးကြီး ဖြစ်နေမှာပါ ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အချို့အဆိုပြုချက်များဟာ ယေဘုယျအားဖြင့် မှန်တယ်လို့ ထင်ရပေမယ့် ရေရှည်မျှော်မြင်ရတဲ့ ကျင့်ဝတ်များနှင့် တိုင်းတာရင်ဖြင့် လျော်ကန်သင့်မြတ်ခြင်းမရှိတဲ့အပြင် ပယ်ရမယ့်အချက်များလည်း ဖြစ်တတ်ပါတယ်။ ကျွန်တော်တို့ ဗုဒ္ဓဝင်မှာကြည့်ရင် သတ်သတ်လွတ်စားဖို့ ဒေဝဒတ်က တင်ပြလာတဲ့အခါ ဂေါတမဗုဒ္ဓမြတ်စွာဘုရားက ရေရှည်မျှော်တွေးပြီး ပယ်တော်မူခဲ့ပါတယ်။ အကြောင်းရင်းက သံဃာဂိုဏ်းကွဲမှုကို ဖြစ်စေနိုင်လို့ပါပဲ။ ဒေဝဒတ်လို ဆန်းသစ်ပြီး လမ်းသစ်ထွင်တယ်ဆိုတဲ့ အတွေးမျိုးတိုင်း ကောင်းတာမဟုတ်ပါဘူး။ မျက်မှောက်ခေတ် တွေးခေါ်ပညာရှင်တိုင်း ခံယူထားတဲ့စကားကတော့ ခေါင်းတစ်ခေါင်းထက် ခေါင်းပေါင်းများစွာ စဥ်းစား၊ တွေးခေါ်၊ ညှိနှိုင်း၊ တိုင်ပင်ခြင်းသည်သာလျှင် ပြည့်စုံတဲ့ရလဒ်မျိုး ပေါ်ထွက်နိုင်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံဟာ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းခဲ့တာ ၃၀-၃-၂၀၁၁ က စရေရင် လာမယ့်မနက်ဖြန်မှာ ငါး လသား ရောက်နှင့်ပြီးဖြစ်ပါမယ်။ မွေးဖွားလာတဲ့ ငါး လသား သာသာရှိသော ကလေးတစ်ဦးကို ဖခင်အနေနဲ့ ပြင်ပရောဂါကြီးများ မဆိုထားနဲ့ အာဂန္တု ရောဂါငယ်လေးတစ်ခု ဝင်ရောက်တာကို ကျွန်တော်လက်မခံနိုင်ပါဘူး။ ဖခင်တစ်ဦးဖြစ်တဲ့ ကျွန်တော့် အနေနဲ့ ကျွန်တော့်သားလေးကို ခေတ်မီဆေးသိပ္ပံပညာမဆိုထားနဲ့ ကောင်းမယ်၊ (Save) ဖြစ်မယ်ဆိုရင် မိရိုးဖလာကာကွယ်မှုကိုပင် လုပ်ကောင်းလုပ်မိမှာ ဖြစ်ပါတယ်။ ဥပမာ-ညဘက်ကလေးနဲ့အတူ အပြင်ထွက်တဲ့အခါ ခြေမှုန့်နဲ့ ကလေးနဖူးတို့တာမျိုး လိုအပ်ရင်လုပ်မိမှာပါပဲ။ ဆိုလိုတာက လသား အရွယ် မိမိကလေးကို အန္တရာယ်တစ်စိုးတစ်စိမျှ မကျရောက်စေချင်တာ မိဘတစ်ဦးရဲ့ မေတ္တာစေတနာ တွေပါပဲ။ ဒါကြောင့်လိုအပ်နေသေးရင် ရှေးထုံးလည်းမပယ်ဘဲ ဆက်သုံးနေဖို့လိုအပ်မှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုခေတ်လို တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကျားကုတ်ကျားခဲ အပြင်းအထန်ယှဥ်ပြိုင်နေရတဲ့ ခေတ်ကြီးမှာ တိုင်းပြည်ကြီး မွန်းကြပ်ပြီး မအီမသာ မဖြစ်စေဖို့ တူညီသောနေရာတိုင်း လတ်တလော မနှေးအမြန် လက်တွဲဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

ဒါမှလည်း တိုင်းပြည်နဲ့လူမျိုးကို ချစ်မြတ်နိုးရာ ရောက်ပြီး အနာဂတ်မျိုးဆက်များအတွက် ဝေဒနာတွေ၊ ပြဿနာတွေနဲ့ မကျန်ရစ်ခဲ့စေမှာ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်ထောင်စုမျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ် အရင်းခံစဥ်းစားပြီး ကိုယ်စားလှယ်တော်ကြီး ဦးသိန်းညွန့် တင်သွင်းခဲ့သော ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ် စီမံမှုအက်ဥပဒေ (၁၉၅၀ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၁၇)နှင့်ပတ်သက်၍ ရုပ်သိမ်းပေးဖို့အဆိုကို အချိန်မတန်သေးသဖြင့် ပြန်လည်ရုပ်သိမ်းသင့်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ နတ်မောက်မဲဆန္ဒနယ်မှ ဦးအောင်ကျော်စိုး ဆွေးနွေးရန်ဖြစ်ပါတယ်။

**အချိန်** ၊ ၁၁း ၄၇။

**ဦးအောင်ကျော်စိုး (နတ်မောက်မဲဆန္ဒနယ်)** ။ ။လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကော်မတီများ၊ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ နတ်မောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်စိုး ဖြစ်ပါတယ်။ ကျွန်တော့အနေနဲ့ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့် တင်သွင်းသွားတဲ့ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှု အက်ဥပဒေကို ရုပ်သိမ်းပယ်ဖျက်ရန် တင်ပြချက်အဆိုနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ အရေးပေါ်စီမံမှုအက်ဥပဒေကို မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး ၁၉၅၀ ပြည့်နှစ်တွင် ပြဋ္ဌာန်းခဲ့ပါတယ်။ ဤဥပဒေရဲ့ပုဒ်မ ၈ မှာ ပြဋ္ဌာန်းချက်အရ ၁၉၄၈ ခုနှစ်က ပြဋ္ဌာန်းခဲ့တဲ့ အရေးပေါ်စီမံမှု တစ်ချက်လွှတ်ဥပဒေကို ရုပ်သိမ်းပယ်ဖျက်ခဲ့ပါတယ်။ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှု ဥပဒေပါ ပြဋ္ဌာန်းချက်များကို လေ့လာစိစစ်ကြည့်ရာမှာ ပုဒ်မ ၂ နှင့် ပုဒ်မ ၃ တို့မှာ နိုင်ငံတော်ရဲ့လုံခြုံရေးနှင့် တည်ငြိမ်ရေးတို့ကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ဝတ္တရားများ ဆောင်ရွက်နေကြရတဲ့ နိုင်ငံတော်၏ တရားဝင်လက်နက်ကိုင်အဖွဲ့အစည်းများ၊ အစည်းအရုံးများနှင့် ရာဇဝတ်အမှုထမ်းအဖွဲ့များရဲ့ လုပ်ငန်းဆောင်ရွက်မှုအောင်မြင်ရေးကို နှောင့်နှေးစေရန်ဖြစ်စေ၊ ပျက်ပြားစေရန်ဖြစ်စေ ပြုလုပ်ဆောင်ရွက်မှုများမှ တားဆီးကာကွယ်နိုင်ရန် ပြဋ္ဌာန်းထားခြင်းဖြစ်တာကိုတွေ့ရပါတယ်။ ပုဒ်မ ၄ မှာ နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုကျူးလွန်သူကို ကူညီရန်အနေဖြင့် မီးရထားလမ်း၊ ဥမင်စသည့်တို့ကို အနှောင့်အယှက်ပြုခြင်း၊ အစိုးရပိုင်ဝိုင်ယာလက်ကြေးနန်းစသည့်တို့ကို အနှောင့်အယှက်ပြုခြင်း၊ ဖြတ်တောက်ခြင်းတို့မှ တားဆီးကာကွယ်နိုင်ရန် ပြဋ္ဌာန်းထားခြင်းဖြစ်တာကိုတွေ့ရပါတယ်။ ပုဒ်မ ၅ ပါပြဋ္ဌာန်းချက်များမှာ တရားဝင် လက်နက်ကိုင် အဖွဲ့အစည်းများ၊ အစည်းအရုံးများ၊ အစိုးရအရာထမ်းအမှုထမ်းများ၊ ရာဇဝတ်အမှုထမ်းအဖွဲ့များ၏ သစ္စာစောင့်ထိန်းမှု၊ စိတ်ဓာတ်တက်ကြွမှု၊ စည်းကမ်းသေဝပ်မှု၊ ကျန်းမာမှု၊ လေ့ကျင့်မှု သို့မဟုတ်

တာဝန်ဝတ္တရား ဆောင်ရွက်မှုတို့ကို အနှောင့်အယှက်ပြုလုပ်ခြင်း၊ ပျက်ဆီးစေရန်ပြုလုပ်ခြင်းတို့မှ တားဆီးကာကွယ်နိုင်ရန် ပြဋ္ဌာန်းထားခြင်းဖြစ်တာကိုတွေ့ရပါတယ်။ ဒါ့အပြင် အများပြည်သူတို့အား အထိတ်တလန့် ဖြစ်စေရန်ပြုလုပ်ခြင်း၊ မမှန်ဟုသိလျက် မမှန်သတင်းများထုတ်လွှင့်ခြင်း၊ အစိုးရ၏ ဘဏ္ဍာရေးစီမံချက်အောင်မြင်မှုကို ထိခိုက်စေရန်ပြုလုပ်ခြင်း၊ ပေးဆောင်ရန်ရှိသည့်အခွန်ငွေများကို မပေးမဆောင် ငြင်းဆန်စေရန်ပြုလုပ်ခြင်း အများပြည်သူတို့၏ သို့မဟုတ် ပြည်သူတစ်စု၏ ကိုယ်ကျင့်တရားကိုဖြစ်စေ၊ အပြုအမူကိုဖြစ်စေ ဖောက်လွဲဖောက်ပြန်ဖြစ်စေရန် ပြုလုပ်ခြင်း၊ လက်နက်ဥပဒေ၊ ပေါက်ကွဲတတ်သော ခဲယမ်းမီးကျောက် အက်ဥပဒေ သို့မဟုတ် ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများအက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို ကျူးလွန်စေရန်ပြုလုပ်ခြင်း၊ တရားဥပဒေလမ်းကြောင်းအတိုင်း မလိုက်နာမဆောင်ရွက် ခုခံအောင်သော်လည်းကောင်း၊ လိုက်နာဆောင်ရွက် ခြင်းမှ ရှောင်ရှားအောင်သော်လည်းကောင်း ပြုလုပ်ခြင်း စသည်တို့မှ တားဆီးကာကွယ်နိုင်ရန် ပြဋ္ဌာန်းထားခြင်းဖြစ်တာကို တွေ့ရပါတယ်။ ပုဒ်မ ၆ ပါပြဋ္ဌာန်းချက်မှာ လမ်း၊ တံတား၊ လမ်းကူးမြောင်း၊ တံတားလမ်းမြင့်၊ ဆိပ်ကမ်း သို့မဟုတ် သင်္ဘောကျင်းတို့ကို လည်းကောင်း၊ ရေပေးအလုပ်ကိရိယာ၊ ရေပိုက်အဆက်အသွယ်တို့ကိုလည်းကောင်း၊ ပျက်စီးစေရန် ယင်းတို့၏ ဂုဏ်သတ္တိအကျိုးအာနိသင်တို့ကို ယုတ်လျော့စေရန်ပြုလုပ်ခြင်းတို့မှ တာဆီးကာကွယ်နိုင်ရန် ပြဋ္ဌာန်းထားခြင်းဖြစ်တာကို တွေ့ရပါတယ်။ ပုဒ်မ ၆ (က) ပါ ပြဋ္ဌာန်းချက်များမှာ အများပြည်သူဆိုင်ရာ မီးရထား၊ မော်တော်ယာဥ်၊ လေယာဥ်စသည်တို့ကို ဖျက်ဆီးခြင်း၊ ပျက်စီးစေအောင်ပြုလုပ်ခြင်း၊ အများပြည်သူဆိုင်ရာ လမ်း၊ မီးရထားလမ်း၊ မီးရထားတံတား သို့မဟုတ် အခြားတံတားများကို ဖျက်ဆီးခြင်း၊ ပျက်စီးစေအောင်ပြုလုပ်ခြင်း၊ အများပြည်သူဆိုင်ရာ ရေလှောင်ကန်၊ ရေပေးအလုပ်ကိရိယာ၊ ရေပိုက်စသည့်တို့ကို ဖျက်ဆီးခြင်း၊ ပျက်စီးစေအောင်ပြုလုပ်ခြင်း၊ အများပြည်သူဆိုင်ရာ ဆည်ကို ဖျက်ဆီးခြင်း၊ ပျက်စီးစေအောင်ပြုလုပ်ခြင်း စသည်တို့ကို တားဆီးကာကွယ်နိုင်ရန် ပြဋ္ဌာန်းထားခြင်းဖြစ်ပါတယ်။ ဤပြဋ္ဌာန်းချက်များကိုကြည့်လျှင် အများပြည်သူတွေဒုက္ခမဖြစ်အောင်၊ အသက်မဆုံးရှုံးရအောင်၊ အများပြည်သူတွေ အသက်အန္တရာယ် ဒါမှမဟုတ် လုံခြုံမှုဘေးအန္တရာယ် ဖြစ်မလာနိုင်စေရေးအတွက် ပြဋ္ဌာန်းထားခြင်းဖြစ်တာကိုတွေ့ရပါတယ်။ ပုဒ်မ ၇ ပါ ပြဋ္ဌာန်းချက်များမှာ သောက်သုံးရေကို အဆိပ်ခတ်ခြင်း၊ အဆိပ်ဖြစ်စေသောအမှုကို ပြုခြင်းတို့မှတာဆီး ကာကွယ်နိုင်ရန်အတွက် ပြဋ္ဌာန်းထားခြင်းဖြစ်ပါတယ်။

၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်အက်ဥပဒေတွင် ပုဒ်မ ၈ ခုသာ ပြဋ္ဌာန်းထားပါတယ်။ အထက်ပါ စိစစ်လေ့လာတွေ့ရှိချက်များအရ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေပါ ပြဋ္ဌာန်းချက်များဟာ

နိုင်ငံတော်လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးတို့အတွက် ပြဋ္ဌာန်းချက်များပါရှိသကဲ့သို့ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ စီးပွားရေး၊ အခွန်ကောက်ခံရေး၊ ကိုယ်ကျင့်တရားနှင့်စည်းကမ်းထိန်းသိမ်းရေး၊ တရားဥပဒေလမ်းကြောင်းအတိုင်း လိုက်နာဆောင်ရွက်ရေး စသည်တို့နှင့်စပ်လျဉ်းတဲ့ ပြဋ္ဌာန်းချက်များလည်းပါရှိပါတယ်။ ဒါ့အပြင် အများပြည်သူများနဲ့ သက်ဆိုင်သည့်ကိစ္စ၊ အများပြည်သူများ ဒုက္ခမဖြစ်စေရန်၊ အသက်မဆုံးရှုံးစေရန်၊ အများပြည်သူတို့အသက်အန္တရာယ် ဒါမှမဟုတ် လုံခြုံမှုဘေးအန္တရာယ်မဖြစ်စေရန်စသည်ဖြင့် အများပြည်သူတို့နှင့် သက်ဆိုင်တဲ့ကိစ္စရပ်များကိုလည်း အထူးအလေးပေး ထည့်သွင်းပြဋ္ဌာန်းထားသည်ကို တွေ့ရမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းပယ်ဖျက်ရန်မသင့်ပဲ နိုင်ငံတော်နှင့် အများပြည်သူရဲ့အသက်အိုးအိမ်စည်းစိမ်တို့ကို ကာကွယ်စောင့်ရှောက်မှုပေးတဲ့ အထူးဥပဒေတစ်ရပ်ဖြစ်ပါ၍ တည်ဆဲဥပဒေတစ်ရပ်အဖြစ် ဆက်လက်ထားရှိသင့်ပါကြောင်း ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဝန်းသိုမဲဆန္ဒနယ်မှ ဦးစိုးပိုင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၁း ၅၂။**

**ဦးစိုးပိုင် (ဝန်းသိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ကော်မတီများ၊ ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးပိုင် ဖြစ်ပါတယ်။ ကျွန်တော့အနေနဲ့ သဃ်န်းကျွန်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့် တင်သွင်းသွားတဲ့ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းပယ်ဖျက်ရန် တင်ပြချက်အဆိုနှင့်ပတ်သက်၍ ပြီးခဲ့တဲ့ကိုယ်စားလှယ်ကြီးများနည်းတူ ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှု အက်ဥပဒေကို လေ့လာကြည့်တဲ့အခါမှာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ထိန်းသိမ်းစောင့်ရှောက်ရန် ရည်ရွယ်ပြဋ္ဌာန်းချက်များပါရှိတာကို တွေ့ရှိရပါတယ်။ အလားတူ နိုင်ငံတော်ပိုင်ပစ္စည်းများကို အနှောင့်အယှက်ပြုခြင်း၊ ဖြတ်တောက်ခြင်း၊ ဖျက်ဆီးခြင်းတို့မှ တာဆီးကာကွယ်နိုင်ရန် ပြဋ္ဌာန်းထားခြင်း ဖြစ်တာကိုလည်း တွေ့ရပါတယ်။ အဲဒီအပြင် အများပြည်သူတို့အား ထိတ်လန့်စေရန်ပြုလုပ်ခြင်း၊ မမှန်သတင်းများ ထုတ်လွှင့်ခြင်း၊ အစိုးရရဲ့ဘဏ္ဍာရေးစီမံချက် အောင်မြင်မှုကို ထိခိုက်စေရန်ပြုလုပ်ခြင်း၊ အများပြည်သူတို့ရဲ့ ဒါမှမဟုတ် ပြည်သူတစ်စုရဲ့ ကိုယ်ကျင့်တရားကိုဖြစ်စေ၊ အပြုအမူကိုဖြစ်စေ ဖောက်လွဲဖောက်ပြန်ဖြစ်စေရန် ပြုလုပ်ခြင်းတို့မှ တားဆီးကာကွယ်ရန် ပြဋ္ဌာန်းထားခြင်း ဖြစ်တာကိုလည်း တွေ့ရှိရပါတယ်။

အများပြည်သူများ အသုံးပြုလျက်ရှိတဲ့ မီးရထားလမ်း၊ ကားလမ်း၊ တံတား ၊လမ်းကူးမြောင်း၊ ဆိပ်ကမ်း၊ သင်္ဘောကျင်းတွေ၊ ရေပေးရေးကိရိယာတွေ၊ ရေပိုက်အဆက်အသွယ်တွေပျက်စီးစေဖို့၊ ယင်းတို့ရဲ့ ဂုဏ်သတ္တိ အကျိုးအာနိသင်တွေကို ယုတ်လျော့စေရန် ပြုလုပ်ခြင်းတို့မှ တာဆီးကာကွယ်နိုင်ရန် ပြဋ္ဌာန်းထားခြင်း ဖြစ်တာကိုလည်းတွေ့ရှိရပါတယ်။ ဒီသဘောတရား၊ ဒီအကြောင်းတရားတွေနဲ့ ပတ်သက်ပြီးတော့ မြဝတီမဲဆန္ဒနယ်မှ ကိုယ်စားလှယ် ဦးသန်းဦး၊ နတ်မောက်မဲဆန္ဒနယ်မှ ကိုယ်စားလှယ် ဦးအောင်ကျော်စိုးတို့ကလည်း ထောက်ပြဆွေးနွေးခဲ့ပြီး ဖြစ်ပါတယ်။

အထူးတင်ပြလိုတာကတော့ ကိုယ်စားလှယ်တော်ကြီး ဦးသိန်းညွန့်တင်ပြခဲ့တဲ့အထဲမှာ ဥပဒေ အရေအတွက်များတာဟာ ပြည်သူကို ဝန်ထုပ်ဝန်ပိုးဖြစ်စေတယ်၊ ပြည်သူကို ဖိနှိပ်ရာရောက်တယ် ဆိုတဲ့အချက် ပါဝင်တဲ့အတွက် ကျွန်တော့အနေနဲ့ ဆက်လက်ဆွေးနွေး တင်ပြခွင့်ပြုပါခင်ဗျား။ ဥပဒေ တစ်ရပ်ဟာ အများပြည်သူကို ကာကွယ်ရန်၊ အများပြည်သူ အေးချမ်းသာယာစွာနေစေရန် ကာကွယ် ပေးတယ်ဆိုတာ အားလုံးအသိဖြစ်ပါတယ်။ ယခုကိုယ်စားလှယ်ကြီးတင်ပြခဲ့တဲ့ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေဟာ အများပြည်သူကို ကာကွယ်တဲ့အချက်တွေ အများကြီး ပါဝင်နေပါ တယ်။ ဥပဒေဆိုတာ ပြည်သူကိုကာကွယ်စောင့်ရှောက်ဖို့အတွက် ပြဋ္ဌာန်းရတာ ဖြစ်တဲ့အတွက် ဒီဥပဒေဟာ ဒီနေ့ပြည်သူကို ကာကွယ်ပေးနေဆဲဖြစ်တဲ့အတွက် ဒီနေ့ပဲ အတည်ဖြစ်လျက်ရှိနေသင့်ပါ တယ်။ ပြည်သူကို ကာကွယ်တဲ့ဥပဒေတွေဟာ ဆက်လက်တည်မြဲနေရမှာပဲဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် များ၊ လွှတ်တော်ကော်မတီများ၊ ဧည့်သည်တော်များခင်ဗျား။ သယ်န်းကျွန်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းညွန့်ရဲ့ အဆိုတင်သွင်းမှုထဲမှာ ဒီနေ့မြန်မာနိုင်ငံရေးအခြေအနေဟာ ၁၉၄၉ ခုနှစ်နဲ့ တူညီခြင်းမရှိတော့ကြောင်း တင်ပြထားပါတယ်။ နိုင်ငံရေးအခြေအနေများ ပြောင်းလဲ တိုးတက်မှုရှိတာမှန်သော်လည်း နိုင်ငံတော်အား ဆန့်ကျင်နေတဲ့ ပြည်တွင်းပြည်ပ အဖွဲ့အစည်း တချို့ဟာ တပ်မတော်သားများ၊ ပြည်သူ့ဝန်ထမ်းများ နိုင်ငံတော်အပေါ်အထင်လွဲမှားပြီးတော့ ဆန့်ကျင် စေရန်၊ တာဝန်ပျက်ကွက်စေရန်၊ လှုံ့ဆော်ခြင်းတွေ၊ အေးချမ်းတည်ငြိမ်မှုကိုပျက်ယွင်းစေရန် မမှန် သတင်း ထုတ်လွှင့်ခြင်းတွေ၊ နိုင်ငံတော်စီးပွားရေးအခြေအနေ ပျက်ယွင်းစေရန် ဆောင်ရွက်ခြင်းတွေကို ကျူးလွန်နေတာ တွေ့ရှိနေရပါတယ်။ ဒီလိုကျူးလွန်မှုမျိုးကို အရေးပေါ်စီမံမှုအက်ဥပဒေဖြင့် အရေးယူမှသာလျှင် ထိရောက်မှာဖြစ်ကြောင်း တင်ပြလိုပါတယ်။ တိုင်းရင်းသား လက်နက်ကိုင် အများစုဟာ ဥပဒေဘောင်အတွင်း အေးချမ်းစွာနေထိုင်နေကြပြီဖြစ်ပေမယ့်လည်း လက်နက်ကိုင် အဖွဲ့အစည်းတချို့ဟာ ယခုချိန်ထိနိုင်ငံရဲ့ စေတနာလက်မခံဘဲ လက်နက်စွဲကိုင်ဆဲဖြစ်ကြောင်း တွေ့ရှိ

နေရပါတယ်။ အဲဒီလိုအဖွဲ့အစည်းများဟာ တပ်မတော်နဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ရဲ့ တာဝန်ထမ်းဆောင်နေမှုများအပေါ်မှာ ဟန့်တားပစ်ခတ်တိုက်ခိုက်ခြင်း၊ လမ်းတံတားများကို ဖောက်ခွဲဖျက်ဆီးခြင်းများ ကျူးလွန်နေကြောင်းလည်း သိရှိခဲ့ကြရပြီး ဖြစ်ပါတယ်။ ဒီကျူးလွန်မှုမျိုးများကိုလည်း အရေးပေါ်စီမံမှုအက်ဥပဒေအရ အရေးယူမှသာလျှင် ထိရောက်မှုရှိမယ်လို့ သုံးသပ်ရပါတယ်။

ကိုယ်စားလှယ်ကြီး ဦးသိန်းညွန့် အပါအဝင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံသူနိုင်ငံသားအားလုံးဟာ အများပြည်သူအကျိုးကိုကာကွယ်နေတဲ့ ဥပဒေကို ဆက်လက်တည်မြဲနေစေဖို့ရာ ဆန္ဒရှိမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ဒါ့ကြောင့်မို့ ကိုယ်စားလှယ်တော်ကြီးတင်ပြခဲ့တဲ့ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေအား ရုပ်သိမ်းပေးရန် အဆိုနဲ့ပတ်သက်ပြီးတော့ ယခုအချိန်မှာတော့ ရုပ်သိမ်းပေးရန် မသင့်သေးပါကြောင်း ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ ဆော့လော်မဲဆန္ဒနယ်မှ ဦးဇော်ခေါင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန် ၊ ၁၁း ၅၈။**

**ဦးဇော်ခေါင် (ဆော့လော်မဲဆန္ဒနယ်)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်ကတော့ ကချင်ပြည်နယ်၊ ဆော့လော်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ခေါင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သထုံမြို့နယ်/ သယ်န်းကျွန်းမဲဆန္ဒနယ်၊ကိုယ်စားလှယ် ဦးသိန်းညွန့်ရဲ့ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းပေးပါရန်အဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးတင်ပြလိုပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ ဥပဒေသမားတစ်ယောက် မဟုတ်ပါဘူး။ ဒါပေမယ့် အဆိုရှင်တင်သွင်းသွားတဲ့ ဥပဒေဟာ ကျွန်တော်တို့ ကချင်ပြည်နယ်က တိုင်းရင်းသားပြည်သူများအတွက် မရှိမဖြစ်လိုအပ်နေလို့ ကျွန်တော်ဆွေးနွေး တင်ပြလိုခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီဥပဒေဟာ အရေးပေါ် အခြေအနေကို အရေးယူဆောင်ရွက်နိုင်ရန်နှင့် အရေးပေါ်ကိစ္စများကို ကာကွယ်ရန် ရည်ရွယ်ထားတယ်လို့ မြင်ပါတယ်။ ဒါ့အပြင် တိုင်းပြည်ငြိမ်းချမ်းရေးနှင့်လုံခြုံရေးအတွက် အကျိုးရှိမည်ဖြစ်တဲ့အတွက် ဤဥပဒေကို ပြဋ္ဌာန်းရခြင်းဖြစ်တယ်လို့လည်း နားလည်သဘောပေါက်ပါတယ်။ တစ်နည်းအားဖြင့် အဆိုရှင်က ရုပ်သိမ်းပေးရန် တောင်းဆိုထားတဲ့ ဥပဒေဟာ အများပြည်သူတို့ကို အလေးထားပြီး အများပြည်သူတို့အတွက် ကာကွယ်စောင့်ရှောက်ပေးထားတဲ့ ဥပဒေဖြစ်တယ်လို့ ကျွန်တော်နားလည်ပါတယ်။ ဒါ့အပြင် ပြည်ထောင်စုရဲ့ လုံခြုံရေးသော်လည်းကောင်း၊ ငြိမ်ဝပ်ပိပြားမှု

ပြန်လည်ထူထောင်ရေးကို ထိခိုက်စေရန် တစ်ခုခုလုပ်ကိုင်သူများအားလည်းကောင်း၊ တရားဥပဒေ လမ်းကြောင်းအတိုင်း မလိုက်နာမဆောင်ရွက် ခုခံအောင်သော်လည်းကောင်း၊ တရားစီရင်မှု အနှောင့်အယှက်ဖြစ်စေရန်သော်လည်းကောင်း အစရှိသဖြင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေး၊ လုံခြုံရေး၊ အေးချမ်းသာယာရေးစသည်တို့ကို ဖောက်ဖျက်ကျူးလွန်သူများအား အရေးယူအပြစ်ပေးရန် ပြဋ္ဌာန်း ထားတဲ့ ဥပဒေတစ်ရပ်ဖြစ်တယ်လို့ လေ့လာသိရှိရပါတယ်။

ဒီနေရာမှာ ကျွန်တော့်အနေနဲ့ ဒီဥပဒေနဲ့ဆက်စပ်နေတဲ့ ကချင်ပြည်နယ်အခြေအနေလေးကို အနည်းငယ်တင်ပြလိုပါတယ်။ အဆိုရှင်ဖြစ်သူ မနေ့ကပြောသွားတာ နားထောင်လိုက်ရပါတယ်။ ရောင်စုံသောင်းကျန်းသူတွေလည်း မရှိတော့ဘူး။ ချုပ်ငြိမ်းသွားပြီ။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေလည်း ငြိမ်းချမ်းရေးယူထားပြီးပြီ။ နယ်ခြားစောင့်တပ်တွေလည်း ရှိနေပြီလို့လည်း ပြောသွားပါတယ်။ ငြိမ်းအေးပြီး မင်္ဂလာရှိတဲ့ စကားဖြစ်ပါတယ်။ ဒါပေမယ့် မနေ့ကပဲ အဆိုရှင်က ဒီဥပဒေကိုမတောင်းဆိုခင်မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၏ ငြိမ်းချမ်းရေးလိုလားသူများအတွက် အိတ်ဖွင့်ပေးစာ လွှတ်တော်ကိုတင်ပြခဲ့တာ နားထောင်လိုက်တယ် မဟုတ်လား။ လွှတ်တော်ကမှတ်တမ်းတင်ထားတာကိုလည်း သိလိုက်တယ်မဟုတ်ပါလား။ ဒါဟာ တိုင်းပြည်မှာ လုံခြုံရေးနဲ့ ငြိမ်းချမ်းရေး လိုအပ်နေသေးတယ်ဆိုတာကို သက်သေပြနေခြင်းပဲ မဟုတ်ပါလား။ အခုဆိုရင် ကျွန်တော်တို့ကချင်ပြည်နယ်မှာ မငြိမ်းမချမ်းဖြစ်နေတာ၊ ပေါက်ကွဲမှုတွေ၊ ဖျက်ဆီးမှုတွေဖြစ်နေတာ၊ လမ်းတံတားတွေပျက်စီးနေတာ အဆိုရှင်ကြီးအနေနဲ့ ကြားသိပြီးဖြစ်လိမ့် မယ်လို့လည်းယူဆပါတယ်။ ဖြစ်နိုင်ရင် အဆိုရှင်ကိုယ်စားလှယ်ကြီးကို အခုချက်ချင်း လွှတ်တော်မှာ ခွင့်တောင်းပြီး ကချင်ပြည်နယ်၊ ဝိုင်းမော်၊ ချီဖွေ၊ ဆော့လော်မြို့နယ်နဲ့အချို့မြို့နယ်များမှာ ဖြစ်ပေါ်နေတဲ့ အခြေအနေတွေကို လိုက်ပြချင်ပါတယ်။ ဒီဥပဒေရှိနေတာတောင် ယခုလို ပြည်သူတစ်ရပ်လုံး လုံခြုံငြိမ်းချမ်းမှုကင်းမဲ့နေပါတယ်။ အဆိုရှင်ပြောသလို ဒီဥပဒေရုပ်သိမ်းလိုက်မယ် ဆိုရင် ကျွန်တော်တို့ ဘဝလုံခြုံမှု၊ တည်ငြိမ်အေးချမ်းမှုတွေ လုံးဝပပျောက်သွားမှာဖြစ်လို့ စိုးရိမ်ထိတ်လန့်မိပါတယ်။ ဥပဒေဆိုတာမရှိမဖြစ်လိုအပ်သလို ဥပဒေကို လက်တွေ့အကောင်အထည် ဖော်ဆောင်ရွက်ရသူ များလည်း ဥပဒေနှင့် အမြဲတွန်တွဲနေပါတယ်။ ဥပဒေကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက် နေသူအချို့ရဲ့ အားနည်းချက်ကိုထောက်ပြပြီး ဥပဒေကို လိုက်ရုပ်သိမ်းနေမယ်ဆိုလျှင် ရုပ်သိမ်းလို့ ပြီးနိုင်တော့မှာ မဟုတ်ပါဘူးလို့ ကျွန်တော်ထင်မြင်မိပါတယ်။ အဆိုရှင်ရဲ့ဥပဒေကို ပြန်လည်ရုပ်သိမ်းဖို့ ဆိုတာ လောလောဆယ်လုံးဝ မဖြစ်နိုင်သေးပါဘူး။ ဆန္ဒမစောပါနဲ့အုံး။ အဆိုရှင်တို့ရဲ့ နိုင်ငံရေး ခံစားချက်၊ ယုံကြည်ချက်တစ်ခုတည်းအပေါ်မူတည်ပြီး ပြည်သူလူထုအများရဲ့ လိုအပ်ချက်များကို

မျက်ကွယ်မပြုသင့်ပါဘူး။ အများပြည်သူရဲ့ အခြေအနေကိုလည်း နားလည်ထည့်တွက် စဉ်းစားပေး စေချင်ပါတယ်။

လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ ဥပဒေသမားမဟုတ်ပေမယ့် ကျွန်တော်နဲ့အတူ ပြည်သူလူထုများရဲ့ လက်တွေ့ ခံစားနေရတဲ့ မတည်မငြိမ်၊ မငြိမ်းမချမ်းနဲ့ အရင်လိုဘဝမျိုး မရောက်ချင်တဲ့အတွက် အဆိုရှင် ဦးသိန်းညွန့် တင်သွင်းသွားတဲ့ အဆိုကို လုံးဝမထောက်ခံနိုင်ပါကြောင်း တိုင်းရင်းသား တစ်ယောက် အနေနဲ့ ရိုးရိုးသားသား ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးရင်း နိဂုံးချုပ်လိုက်ရပါတယ်ခင်ဗျား။ (သြဘာသံများ)

## ဦးသိန်းညွန့်၊ သယ်န်းကျွန်းမဲဆန္ဒနယ်၏ အဆိုကို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၀၄။**

**ဒုတိယဗိုလ်ချုပ်ကြီးကိုကို( ပြည်ထောင်စုဝန်ကြီးပြည်ထဲရေးဝန်ကြီးဌာန)။** ။လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည် တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ရန်ကုန်တိုင်း ဒေသကြီး၊ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်ရဲ့ အရေးပေါ် စီမံမှုအက်ဥပဒေ(အက်ဥပဒေအမှတ်-၁၇/၁၉၅၀)ကို ရုပ်သိမ်းပေးပါရန်အဆိုနှင့် ပတ်သက်ပြီးတော့ ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။

ပြစ်မှုဆိုင်ရာဥပဒေရာဇသတ်ကြီးမှာ နိုင်ငံတော်ငြိမ်ဝပ်ရေးနှင့်ပတ်သက်ပြီးတော့ နိုင်ငံတော် ငြိမ်ဝပ်ရေးကို ပျက်ပြားစေသော ပြစ်မှုပြစ်ဒဏ်များကို အခန်း ၈ ခန်း ပြဋ္ဌာန်းထားပါတယ်။ အဆိုပါ ရာဇသတ်ကြီးဟာ မြန်မာနိုင်ငံလွတ်လပ်ရေးမရမီ အင်္ဂလိပ်အစိုးရအုပ်ချုပ်စဉ်ကာလကပင် ပြဋ္ဌာန်း အသုံးပြုခဲ့တဲ့ ဥပဒေဖြစ်ပြီးတော့ ယနေ့တိုင်လည်း တည်ရှိဆဲဖြစ်ပါတယ်။ ပြည်ထောင်စုရဲ့ လုံခြုံရေး ကိုသော်လည်းကောင်း၊ ငြိမ်ဝပ်ပိပြားမှု ပြန်လည်ထူထောင်ရေးကိုသော်လည်းကောင်း ထိခိုက်စေရန် အကြောင်းရှိတဲ့နည်းလမ်းများနဲ့ အများပြည်သူတို့ရဲ့ ကိုယ်ကျင့်တရားကိုဖြစ်စေ၊ အပြုအမူကိုဖြစ်စေ ဖောက်လွဲဖောက်ပြန်ဖြစ်စေရန် ကြံရွယ်ပြီးတော့ ပြစ်မှုကျူးလွန်သူများအား အမှုဖွင့်အရေးယူ

ဆောင်ရွက်ရန် ပြဋ္ဌာန်းထားသော်လည်း ထိရောက်ဟန့်တားနိုင်တဲ့ အခြေအနေမရှိကြောင်း တွေ့ရပါတယ်။ ဒါ့ကြောင့်လည်း ထိရောက်ဟန့်တားနိုင်တဲ့ အရေးယူဆောင်ရွက်မှုများပြုလုပ်ရန် ပြစ်မှုကျူးလွန်သူများအား အမှုဖွင့်အရေးယူဆောင်ရွက်ရန် လိုအပ်လာပါတယ်။

ဒီလိုဖြစ်တဲ့အတွက် ၁၉၄၈ ခုနှစ်၊ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးတဲ့နောက်ပိုင်း နိုင်ငံတော်အတွင်း ငြိမ်ဝပ်ပိပြားရေးနှင့် ငြိမ်းချမ်းသာယာရေး အမြန်ရရှိစေရန် မြေအောက်လှုပ်ရှားမှုများ ပြုလုပ်ပြီး ဖျက်ဆီးခြင်း၊ ဝင်ရောက်စွက်ဖက်ခြင်းတွေကို ကာကွယ်ရန် တိုင်းပြည်ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးအတွက် အကျိုးရှိမယ်ဖြစ်တာကြောင့်လည်းကောင်း၊ ပြည်ပနဲ့စစ်မက်ဖြစ်ပွားစဥ် ပေါ်ပေါက်တတ်တဲ့ အန္တရာယ်များအတွက်သာ ကာကွယ်ရန်မဟုတ်ဘဲ နိုင်ငံတော်ရဲ့ ဘောဂဗလ၌ သော်လည်းကောင်း၊ အစိုးရချေးယူငွေ၌သော်လည်းကောင်း၊ အစိုးရ၏ အာမခံ၌သော်လည်းကောင်း၊ တရားဝင်ငွေစက္ကူ၌သော်လည်းကောင်း၊ ပြည်သူကို အယုံအကြည်ပျက်ပြားစေရန်စတဲ့ ပြစ်မှုကျူးလွန်သူများအား နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးအတွက် ထိရောက်စွာဆောင်ရွက်နိုင်ရန် ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ် စီမံမှုအက်ဥပဒေ(အက်ဥပဒေအမှတ်-၁၇/၁၉၅၀)ကို ပြဋ္ဌာန်းခဲ့တာပဲ ဖြစ်ပါတယ်။ အစိုးရအပေါ် အကြည်ညိုပျက်စေရန် ပြောဆိုခြင်း၊ ပြုမူခြင်း၊ မေတ္တာပျက်စေရန်နဲ့ တာဝန်ဝတ္တရားဆောင်ရွက်မှုများယုတ်လျော့စေရန် ကြံရွယ်လုပ်ဆောင်မှုတွေကို ထိရောက်ဟန့်တား ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါတယ်။

နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာနဲ့ နိုင်ငံတော်ရဲ့လုံခြုံရေးကိုဖြစ်စေ၊ အများပြည်သူတို့ရဲ့ အေးချမ်းသာယာရေးကိုဖြစ်စေ ထိပါးမည့်အန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရန်သော်လည်းကောင်း၊ နိုင်ငံသားများရဲ့မူလအခွင့်အရေးကို မထိခိုက်စေဘဲ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်နိုင်ရန်သော်လည်းကောင်း နိုင်ငံတော်အားနှောင့်ယှက်ဖျက်ဆီးလိုသူများရဲ့ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်တဲ့ဥပဒေကို ၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၃ အဖြစ်ပြဋ္ဌာန်းခဲ့ပါတယ်။ ဒီဥပဒေဟာပြစ်မှုကျူးလွန်သူ တစ်ဦးဦးအား ပြစ်ဒဏ်ချမှတ်ရန် ပြဋ္ဌာန်းထားတဲ့ ဥပဒေမဟုတ်ဘဲ အထက်ဖော်ပြပါလုပ်ဆောင်ချက်များကို လုပ်ဆောင်သူတစ်ဦးအား ၎င်း၏မူလ အခွင့်အရေးတစ်ရပ်ရပ်ကို လိုအပ်သလိုကန့်သတ်မိန့် ချမှတ်နိုင်ရန်အတွက်သာ ပြဋ္ဌာန်းထားတဲ့ဥပဒေ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ဒီဥပဒေဟာ အရေးယူခြင်းခံရသူအား သက်ဆိုင်ရာရဲစခန်းမှာ အမှုဖွင့် အရေးယူဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာနဲ့ နိုင်ငံတော်ရဲ့ လုံခြုံရေးကို ဖြစ်စေ၊ အများပြည်သူရဲ့ အေးချမ်းသာယာရေးကိုဖြစ်စေ ထိပါးမယ့်အန္တရာယ်မှ ကြိုတင်ကာကွယ်ရန် ဖမ်းဆီးချုပ်နှောင်ခြင်းနဲ့ တားဆီးမှုပြုလုပ်ခြင်း ဆောင်ရွက်နိုင်ရန်အတွက် ပြဋ္ဌာန်းထားခြင်းပဲ ဖြစ်ပါ

တယ်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတည်ရှိဆဲ ပြစ်မှုဆိုင်ရာဥပဒေ ရာဇသတ်ကြီးသည် နိုင်ငံတော်ငြိမ်ဝပ်ရေးနှင့်ပတ်သက်ပြီးတော့ ဥပဒေနဲ့ဆန့်ကျင်သော အစုအဝေးများတွင်ပါဝင်ပြီး ပြစ်မှုဆိုင်ရာဥပဒေပုဒ်မများအရ ပြစ်မှုကျူးလွန်သူများအား အရေးယူနိုင်ပြီး ရဲမှဝရမ်းမပါဘဲ ဖမ်းဆီးနိုင်ခွင့်ရှိတယ်လို့ ပြဋ္ဌာန်းထားပါတယ်။ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်တဲ့ဥပဒေဟာ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာနဲ့ နိုင်ငံတော်ရဲ့လုံခြုံရေးကိုဖြစ်စေ၊ အများပြည်သူရဲ့ အေးချမ်းသာယာရေးကိုဖြစ်စေ၊ ထိပါးမှုအန္တရာယ်မှ ကာကွယ်တားဆီးနိုင်ရန်အတွက် ဖမ်းဆီးချုပ်နှောင်ခြင်းနဲ့ တားဆီးမှုပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ရန် ထုတ်ပြန်ထားတာဖြစ်ပါတယ်။ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေကတော့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးတည်ဆောက်နေတဲ့ တပ်မတော်နဲ့ ရဲတပ်ဖွဲ့ဝင်တွေရဲ့ သွားလာလှုပ်ရှားမှု အခြေအနေတွေကိုသောင်းကျန်းသူသို့ သတင်းပို့ခြင်း၊ လှုပ်ရှားမှု၊ နှောင့်နှေးမှု ပျက်ပြားအောင် ပြုလုပ်ခြင်းတို့အတွက် ပြစ်မှုနဲ့ပြစ်ဒဏ်တွေကို အဲဒီဥပဒေရဲ့ ပုဒ်မ ၂ တို့မှာ ဖော်ပြထားပါတယ်။ နိုင်ငံတော်ပုန်ကန်မှုကျူးလွန်သူအား ကူညီခြင်းအတွက် ပြစ်မှုနှင့် ပြစ်ဒဏ်ကိုတော့ ပုဒ်မ ၄ မှာ ဖော်ပြထားပါတယ်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေး၊ လုံခြုံရေး၊ အေးချမ်းသာယာရေးစတဲ့ ဖောက်ဖျက်မှုတွေနဲ့ ပတ်သက်ပြီးတော့ ပြစ်မှု၊ ပြစ်ဒဏ်တွေကိုတော့ အဆိုပါဥပဒေရဲ့ ပုဒ်မ ၅ မှာ (က)ကနေ (ဋ)အထိ ဖော်ပြထားတာကိုတွေ့ရှိရမှာဖြစ်ပါတယ်။ အစိုးရသုံးအဆောက်အအုံများ၊ ယာဉ်များ၊ စက်ပစ္စည်းများ၊ လမ်းတံတားများ၊ ရေစက်၊ ရေပိုက်များစသည်တို့ ပျက်စီးစေတဲ့အမှုနဲ့ ပတ်သက်ပြီးတော့လည်းကောင်း အများပြည်သူရဲ့အသက်အန္တရာယ်နဲ့ လုံခြုံမှုကိုထိခိုက်စေရန် ယာဉ်၊ လမ်း၊ တံတား၊ ကန်နဲ့ ဆည်တွေကို ဖျက်ဆီးမှုအတွက် ပြစ်မှုပြစ်ဒဏ်တွေကိုတော့ ပုဒ်မ ၆ မှာ ဖော်ပြထားပါတယ်။ သောက်သုံးရေအဆိပ်ခတ်မှုနဲ့ စစ်တပ်ပိုင်၊ စစ်တပ်သုံး ပစ္စည်းဖျက်ဆီးရွှေ့ပြောင်းမှုတွေအတွက် ပြစ်မှု၊ ပြစ်ဒဏ်တွေကိုတော့ ပုဒ်မ ၇ မှာ ဖော်ပြထားပါတယ်။ ဒါ့ကြောင့် ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေအရ ဆောင်ရွက်ရတဲ့မှုခင်းတွေဟာ နိုင်ငံတော်အတွက် အရေးကြီးတဲ့မှုခင်းတွေဖြစ်တဲ့အတွက် တရားစွဲဆိုမယ်ဆိုလို့ရှိရင်လည်း ပြည်ထဲရေးဝန်ကြီးဌာနရဲ့ သဘောတူညီချက်ကိုရယူပြီးမှ ဆောင်ရွက်ရတဲ့အမှုတွေဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေဟာ နိုင်ငံတော်လုံခြုံရေး၊ ငြိမ်ဝပ်ပိပြားမှု ပြန်လည်တည်ဆောက်ရေး၊ တရားဥပဒေစိုးမိုးရေးအတွက် ရာဇသတ်ကြီးဥပဒေပြဋ္ဌာန်းချက်ပါ ပြစ်မှု၊ ပြစ်ဒဏ်များဟာ ထိရောက်ဟန့်တားနိုင်တဲ့ အခြေအနေမရှိတာကြောင့် ပြည်ထောင်စုရဲ့ လုံခြုံရေးကိုသော်လည်းကောင်း၊ ငြိမ်ဝပ်ပိပြားမှု ပြန်လည်ထူထောင်ရေးကိုသော်လည်းကောင်း ထိခိုက်စေရန်အကြောင်းရှိတဲ့ နည်းလမ်းများနဲ့ အများပြည်သူရဲ့ ကိုယ်ကျင့်တရားကို

ဖြစ်စေ၊ အပြုအမူကိုဖြစ်စေ၊ ပြစ်မှုကျူးလွန်သူများအား ပိုမိုထိရောက်ဟန့်တားနိုင်ရန်အတွက် အရေးယူပြဋ္ဌာန်းထားတာပဲ ဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေးနယ်ပယ်ဟာ ပိုမိုကျယ်ဝန်းလာတာနဲ့အမျှ ဒုစရိုက်သမားတွေရဲ့ နယ်ပယ်ဟာ ကျဉ်းမြောင်းသွားပြီးတော့ နောက်ဆုံးပြေးစရာ မြေမရှိအောင် ဖြစ်သွားမှာဖြစ်တဲ့အတွက် ဒီဥပဒေဟာ နိုင်ငံတော်အတွက် မရှိမဖြစ်လိုအပ်ကြောင်း အထင်အရှားတွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေအား ရုပ်သိမ်းပေးရန် မသင့်ပါကြောင်း ရှင်းလင်းဖြေကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယမန်နေ့ကဦးသိန်းညွန့်တင်ပြသွားတဲ့ အဆိုနဲ့ပတ်သက်ပြီး ဆွေးနွေးသူလေးဦး၊ ရှင်းလင်းတင်ပြသူတစ်ဦး၊ ဆွေးနွေးသူလေးဦးကလည်း အဆိုကို ပြန်လည်ရုပ်သိမ်းပေးဖို့နဲ့ ဒီဥပဒေဟာ ဆက်လက်တည်ရှိဖို့အတွက် တင်ပြသွားတာပဲဖြစ်ပါတယ်။ ထိုနည်းတူစွာပဲ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးကလည်း ဒီဥပဒေဆက်လက်ထားရှိသင့်ကြောင်း ဆွေးနွေးသွားတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဆွေးနွေးသူများရဲ့ ဆွေးနွေးချက်က အဆိုကို ပြန်လည်ရုပ်သိမ်းပါဆိုတဲ့ သဘောသက်ရောက်ပါတယ်။ ဒီပေါ်မူတည်ပြီးတော့ အဆိုတင်သွင်းတဲ့ ဦးသိန်းညွန့်ရဲ့ သဘောဆန္ဒကိုလည်း သိချင်ပါတယ်။

**ဦးသိန်းညွန့်(သယ်န်းကွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်မနေ့က ဒီအဆိုကို ဘာကြောင့်တင်သွင်းရတယ်ဆိုတဲ့ အကျိုးအကြောင်းကို ကျွန်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်ကို ရှင်းလင်းပြခဲ့ပြီး ဖြစ်ပါတယ်။ ဒီနေ့ပြန်လည်ဆွေးနွေးခဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အချက်အလက်တွေကိုလည်းကျွန်တော်လေးလေးစားစားနားထောင်ပါတယ်။ ဒီအတိုင်းပဲ ပြည်ထောင်စုပြည်ထဲရေးဝန်ကြီးရဲ့ ရှင်းလင်းတင်ပြချက်ကိုလည်း ကျွန်တော်နားလည်သဘောပေါက်ပါတယ်။ ဒါပေမယ့် ကျွန်တော့်အဆိုနဲ့ပတ်သက်ရင် ရန်ကုန်အစိုးရလက်ထက်က ၁၉၄၉ ခုနှစ်က ပြဋ္ဌာန်းခဲ့တဲ့အဆိုဟာ အခု ၂၀၁၁ နေပြည်တော် အစိုးရလက်ထက်မှာ မရှိမဖြစ်ဆိုတာကို ကျွန်တော် လက်မခံပါဘူး။ ဒီအဆို ဒီဥပဒေတွေဟာ ပြန်လည်ပယ်ဖျက်သင့်တယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ ဒါကြောင့် ဒီမိုကရေစီနည်းကျကျ လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ကျွန်တော် နာခံပါ့မယ်။ ဒါပါပဲ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီအဆိုနဲ့စပ်လျဉ်းပြီးတော့ လွှတ်တော်ရဲ့အဆုံးအဖြတ်ကို ရယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မဲခွဲမှုစနစ်ကို စက်ခလုတ်အသုံးပြုပြီး ဆောင်ရွက်မှာမဟုတ်ဘဲနဲ့ ပြောင်စနစ်နဲ့ပဲ ဆောင်ရွက်သွားပါမယ်။ တပ်မတော်သားကိုယ်စားလှယ်တစ်ဦး မကြာသေးခင်က အထက်လှန်

အောက်လျှော့ဖြစ်လို့ ဆေးရုံသွားတာပြန်ရောက်ပြီလား၊ မရောက်သေးဘူးဆိုလျှင် တပ်မတော်သား ကိုယ်စားလှယ်ဦးရေဟာ မူလတင်ပြထားတဲ့ဦးရေထက် တစ်ယောက်လျှော့ပါတယ်။ သဃ်န်းကျွန်း မဲဆန္ဒနယ်မှ ဦးသိန်းညွန့်တင်သွင်းတဲ့ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ် စီမံမှုအက်ဥပဒေ၊ အက်ဥပဒေ အမှတ်၊ ၁၇/၁၉၅၀ ကိုရုပ်သိမ်းပေးပါရန် အဆိုနဲ့စပ်လျဉ်းပြီး အတည်ပြု၊ မပြု ဆုံးဖြတ်နိုင်ရန် လွှတ်တော်ရဲ့ဆန္ဒရယူမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြောင်ဆန္ဒမဲပေးခြင်းစနစ်ဖြစ်တဲ့ မတ်တပ်ရပ်၍ ဆန္ဒပြုသောနည်းလမ်းကို အသုံးပြုမှာဖြစ်ပါတယ်။

ဦးသိန်းညွန့်ရဲ့အဆိုကို ထောက်ခံတဲ့သူများရှိလျှင် မတ်တပ်ရပ်ပေးပါ။ ညာဖက်အစွန်မှာရှိတဲ့ အတန်းမှာရှေ့တန်းမှာ နှစ်ယောက်၊ ခြောက်ယောက်မြောက်အတန်းမှာ နှစ်ယောက်အားလုံး လေးယောက်ရှိပါတယ်။ နောက်အလယ်တန်းမှာ နှစ်ယောက်ရှိပါတယ်။ စုစုပေါင်း ခြောက်ယောက်၊ နောက်ဘယ်ဖက်တန်းမှာ နှစ်ယောက်၊ စုစုပေါင်း ရှစ်ယောက်ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ထောက်ခံသူ ရှစ်ဦး ဖြစ်ပါတယ်။ ဦးသိန်းညွန့် အရေအတွက် မှန်ပါသလား။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ မှန်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့်ရဲ့အဆိုကို ကန့်ကွက်သူများ မတ်တပ်ရပ်ပေးကြပါရန် ပန်ကြားပါ တယ်။ ဒီဘက်ကထိပ်စည်းကိုယ်စားလှယ်ကနေပြီးတော့ မတ်တပ်ရပ်သူမည်မျှရှိသည်ကိုရေတွက်ပေး ပါ။ ဦးအောင်ကိုဘက်က အတန်းလိုက်၊ အတန်းလိုက် ထိုနည်းတူစွာပဲ ဒီဘက်က ဦးအေးမြင့်ကနေပြီး တော့ ကန့်ကွက်သူအရေအတွက်ကို တွက်ပြီးတော့ တင်ပြပေးပါ။ ဒီဖက်မှာ ဦးသိန်းဆွေကနေပြီးတော့ ကန့်ကွက်သူအရေအတွက်ကို တွက်ပေးပါ။ ဘယ်ဖက်အခြမ်း ကန့်ကွက်သူအရေအတွက်၊ တပ်မတော် သားကိုယ်စားလှယ်များ ကန့်ကွက်တဲ့အရေအတွက်ကို တင်ပြပေးပါ။ ကန့်ကွက် ၇၆ ယောက်၊ တပ်မတော်သား ၁၀၅ ယောက်၊ ဒုတိယတန်းက ၇၉ ယောက်၊ ၇၆ ယောက် အားလုံးထိုင်နိုင်ပါပြီ။ ကြားနေမတ်တပ်ရပ်ပေးပါ။ ခုနကလွှတ်တော် ကိုယ်စားလှယ်များ ကိုယ့်အတန်းနဲ့ကိုယ်ပြန်ပြီးတော့ ရေတွက်ပေးပါ။ ဦးအောင်ကို၊ ဦးသူရအေးမြင့်၊ ဦးသိန်းဆွေ၊ တပ်မတော်သားကိုယ်စားလှယ် ကြားနေမရှိ၊ ၉ ယောက်၊ ၁၃ ယောက်၊ ၁၉ ယောက်၊ ကြားနေ ၄၁ ယောက်၊ ကန့်ကွက်က ဘယ်လောက်လဲ၊ ၃၃၆ မှန်တယ်၊ ကြားနေ ဘယ်နှစ်ယောက်လဲ၊ ၄၁ ယောက်မှန်တယ်၊ ပေါင်းမယ် ၃၈၅ ယောက်ရတယ်။ ဒီနေ့အစည်းအဝေးတက်တာ ၃၈၆ ယောက်၊ တပ်မတော်သားတစ်ယောက် ထိုင်ကြပါ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ အဆိုနဲ့စပ်လျဉ်းပြီးရရှိတဲ့ ဆန္ဒမဲစာရင်းကို ကြေညာပါ့မယ်။ ထောက်ခံမဲ ၈ မဲ၊ ကန့်ကွက် ဆန္ဒမဲ ၃၃၆ မဲနဲ့ ကြားနေဆန္ဒမဲ ၄၁ မဲ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုကန့်ကွက်တဲ့ ကိုယ်စားလှယ်ကများတဲ့အတွက်

သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့် တင်သွင်းတဲ့ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေ အမှတ်၊ ၁၇/၁၉၅၀ ကိုရုပ်သိမ်းပေးပါရန် အဆိုကို လွှတ်တော်က အတည်မပြုကြောင်း (အတည်မပြုကြောင်း) ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ နေ့လယ်စာသုံးဆောင်ရန်အတွက် လွှတ်တော်အစည်းအဝေးကို ၁ နာရီခန့် ရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အစည်းအဝေးကို နေ့လယ် ၁၃း၂၀ နာရီတွင် ပြန်လည်စတင်ပါ့မယ်။ အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

**[အစည်းအဝေးကို ၁ နာရီခန့် ရပ်နားပါသည်။]**

**အချိန်၊ ၁၃း ၂၅။**

**အခမ်းအနားမှူး**။ ။ဧည့်သည်တော်များခင်ဗျား။ မကြာမီအစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစီအစဉ်များ ဆက်လက်ဆောင်ရွက် မသွားမီ တပ်မတော်သားကိုယ်စားလှယ်တစ်ဦးအား ခွင့်ပန်ကြားရန်တင်ပြလာတဲ့အတွက် သက်ဆိုင်ရာ ခွင့်ပန်ကြားလိုသူက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးဇော်ဇော်မိုး(တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)**။ ။ကျွန်တော်သည် တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ်၊ ကြည်း - ၂၅၂၉၅ ဗိုလ်မှူး ဇော်ဇော်မိုး ဖြစ်ပါတယ်။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ပြန်တမ်းဝင်အမှတ်၊ ကြည်း - ၃၃၄၅၀ ယာယီ တပ်ခွဲမှူး ဗိုလ်မှူးအောင်မြတ်ဌေး၏ကိုယ်စား ခွင့်တိုင်ကြားအပ်ပါတယ် ခင်ဗျား။ ယာယီတပ်ခွဲမှူး ဗိုလ်မှူးအောင်မြတ်ဌေးသည် ယနေ့ နံနက်တွင် ရုတ်တရက် ဗိုက်အောင့် ဝေဒနာခံစားရပြီး အထက်လန်အောက်လျှောဝေဒနာဖြင့် အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင်- ၁၀၀၀) သို့ လွှတ်တော်ဆေးခန်းမှတစ်ဆင့် တက်ရောက်ကုသမှုခံယူပါသဖြင့် ယနေ့ ၃၀-၈-၂၀၁၁ နေ့၊ နေ့လယ်ပိုင်း လွှတ်တော်အစည်းအဝေးတက်ရောက်မှုအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ရိုသေ လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ခွင့်ပြုပါတယ်။

## ဦးစိုးသာ၊ တွံတေးမဲဆန္ဒနယ်၏ “အမေရိကန်ဒေါ်လာနှင့် မြန်မာငွေ လဲလှယ်မှုနှုန်းကျဆင်းမှု ကြောင့် ကြုံတွေ့နေရသော စီးပွားရေးလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေး ဆောင်ရွက်ပေးပါရန်”အဆိုကို တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ကိုယ်စားလှယ်များခင်ဗျား။ အဆိုတင်သွင်းခြင်း အစီအစဉ်ဆက်လက် ဆောင်ရွက်ပါမယ်။ တွံတေးမဲဆန္ဒနယ်မှ ဦးစိုးသာအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၃း၂၇။**

**ဦးစိုးသာ(တွံတေးမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များခင်ဗျား။ ဈေးကွက်တွင် ဖြစ်ပေါ်နေသော အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေ လဲလှယ်နှုန်း ကျဆင်းမှုကြောင့် အခက်အခဲ ကြုံတွေ့ရသည့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေးအတွက် စီမံဆောင်ရွက်ပေးပါရန် အဆိုကို တင်သွင်းသွားမှာဖြစ်ပါတယ်။ တင်ပြချက်အခြေခံများ ခိုင်မာမှုရှိတာကို ထင်ရှားစေလိုပါသဖြင့် ကိန်းဂဏန်းအထောက်အထားများနှင့်ပါ တင်ပြသွားရန် ရှိပါတယ်။ သို့ဖြစ်ပါ၍ အဆိုကို ဖတ်ကြား တင်ပြခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ၂၀၀၈ အခန်း(၁) နိုင်ငံတော်အခြေခံမူများစာပိုဒ် ၃၅ တွင် နိုင်ငံတော်၏ စီးပွားရေး စနစ်သည် ဈေးကွက်စီးပွားရေးစနစ် ဖြစ်သည်ဟု ပြဋ္ဌာန်းထားပါသည်။ ၂၀၁၁ခုနှစ်၊ မတ်လ ၃၀ ရက်နေ့မှာ ကျင်းပသော ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး၌ နိုင်ငံတော်သမ္မတကြီး ပြောကြားသည့်မိန့်ခွန်းတွင် နိုင်ငံတော်၏စီးပွားရေးမူဝါဒဖြင့် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးမည်၊ စီးပွားရေးလုပ်ငန်းများ အောင်မြင်အောင် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသွားခဲ့ပါတယ်။ အစိုးရသစ် တာဝန်ယူပြီးနောက် ထုတ်ကုန်၊ သွင်းကုန်လုပ်ငန်း လိုင်စင်များ မြန်ဆန်စွာ ခွင့်ပြုဆောင်ရွက်ပေးစေခြင်း၊ ကုမ္ပဏီမှတ်ပုံတင်လျှောက်ထားမှုများကို One Stop Services ဖြင့် ဆောင်ရွက်ပေးစေခြင်း၊ ပြည်ပကုန်ပစ္စည်းတင်ပို့မှုအပေါ် ပို့ကုန်ခွန် ၁၀ ရာခိုင်နှုန်း ကောက်ခံရာမှ ခုနစ် ရာခိုင်နှုန်း ပေးဆောင်ရန် ၂၀၁၁ ခုနှစ်၊ ဇူလိုင်လဆန်းပိုင်းတွင် သတ်မှတ်ပေးခြင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်နေ့မှာ အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီးတော့ ပြည်ပပို့ကုန် ဆန်၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ ရာဘာ၊ ရေချိုရေငန်ထွက်ပစ္စည်းများ၊ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ၊ ကန့်သတ်ကုန်ပစ္စည်းများမှအပ ဒီပစ္စည်းများအပေါ် စည်းကြပ်

ကောက်ခံသည့် ကုန်သွယ်လုပ်ငန်းကို ခြောက် လ ကာလ ကင်းလွတ်ခွင့်ပြုခြင်း၊ ဩဂုတ်လ ၁၈ ရက်နေ့မှာလည်း ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရဲ့ အမိန့်ကြော်ငြာစာနဲ့ ပုဂ္ဂလိက လက်ခစားလုပ်ငန်း CMP စနစ်ဖြင့် ဆောင်ရွက်သောလုပ်ငန်းများမှ ရရှိမှုအပေါ် နိုင်ငံခြားငွေဖြင့် ပေးဆောင်လိုသည့် ဝင်ငွေခွန်နှင့် ပြည်တွင်းပြည်ပနေ နိုင်ငံသားများ နိုင်ငံခြားငွေဖြင့်လစဥ် ခေါင်းစဥ်အောက်မှ နိုင်ငံခြားငွေဖြင့်ပေးဆောင်ရသည့် ဝင်ငွေခွန်တို့အား ၁၀ ရာခိုင်နှုန်းအစား နှစ် ရာခိုင်နှုန်းသို့ ခြောက်လ ကာလအတွင်း လျှော့ပေါ့သတ်မှတ်ခြင်း စသည်တို့ကြောင့် စီးပွားရေးလုပ်ငန်းများ ပိုမိုလျင်မြန်သွက်လက်မှုရရှိရေးနှင့် ပြည်ပပို့ကုန်တိုးမြှင့်ရေးတို့အတွက် အထောက်အကူရရှိခဲ့ကြောင်း တွေ့ရပါသည်။ နိုင်ငံတော်အစိုးရရဲ့ ဤဆောင်ရွက်ချက်များမှာ နိုင်ငံပြည်သူများ များစွာနှစ်ထောင်းအားရစေသည့် နိုင်ငံတော်၏ ဆောင်ရွက်ချက်များ ဖြစ်ပါသည်။ တိုင်းပြည်၏စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်မှုအတွက် မက်ခရို စီးပွားရေးမူဝါဒ ပြုပြင်ပြောင်းလဲရေးလုပ်ငန်း ဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ တစ်ရပ်ကိုလည်း ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့မှ ၂၁ ရက်နေ့အထိ နေပြည်တော်တွင် ပြုလုပ်ခဲ့သည်ကိုလည်းတွေ့ရှိရပါသည်။ နိုင်ငံတော်၏စီးပွားရေးကဏ္ဍတွင် အဓိကကျသော ပို့ကုန်၊ သွင်းကုန်ကဏ္ဍကို လေ့လာရာမှာ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဧပြီလမှ ဩဂုတ်လ ဒုတိယပတ်အထိ စုစုပေါင်းပို့ကုန်မှာ အမေရိကန်ဒေါ်လာ ၂၇၅၄ သန်းခန့် ရှိပြီးတော့ လွန်ခဲ့တဲ့နှစ် ၂၀၁၀-၂၀၁၁ ခုနှစ်၊ ဒီအလားတူကာလနဲ့ နှိုင်းယှဥ်မယ်ဆိုရင် ၈ ရာခိုင်နှုန်း လျော့သွားတာကို တွေ့မြင်ရပါတယ်။ စုစုပေါင်း သွင်းကုန်မှာ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဧပြီမှ ဩဂုတ်လ ဒုတိယပတ်အထိ အမေရိကန်ဒေါ်လာ ၃၅၅၀ သန်းခန့်ရှိပြီးတော့ ယခင်နှစ် ၂၀၁၀-၂၀၁၁ ခုနှစ်၊ သွင်းကုန်မှာတော့ ကျွန်တော်တို့ မနှစ်က ဒီအချိန်နဲ့ စာလို့ရှိရင် ၇၈ ရာခိုင်နှုန်းတိုးပြီးတော့ သွင်းတာတွေ့ရပါတယ်။ ကုန်သွယ်မှု ပိုငွေ၊ လိုငွေကြည့်တဲ့ အခါကြတော့ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဧပြီလနှင့် ဩဂုတ်လ ဒုတိယအပတ်အထိ ဆိုလို့ရှိရင် ကုန်သွယ်မှုမှာ လိုငွေသွားဖြစ်တာ ကျွန်တော်တို့တွေ့ပါတယ်။ လိုငွေဟာ အမေရိကန်ဒေါ်လာ ၇၉၆ သန်းခန့်ဖြစ်တာ တွေ့ရပါတယ်။ ခု ကျွန်တော်တို့ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလမှာဆိုရင် ကျွန်တော်တို့ ကုန်သွယ်မှုမှာ လိုငွေမှာဖြစ်ပေါ်ပြီးတော့ အမေရိကန်ဒေါ်လာ ၂၃၇ သန်း၊ မတ်လမှာ လိုငွေ ၂၉၄ သန်း၊ မေလမှာ လိုငွေ အမေရိကန်ဒေါ်လာ ၅၃၆ သန်း၊ ဇွန်လမှာလိုငွေ အမေရိကန် ဒေါ်လာ ၆၃၉ သန်း ဒီလိုဖြစ်ပေါ်လာတာ တွေ့ရပါတယ်။ လိုငွေဟာ ဒီကာလတွေမှာ ကျွန်တော်တို့ ပိုပြီးတော့ ဖြစ်ပေါ်လာတာ ကျွန်တော်တို့ တွေ့ရပါတယ်။ ဒီယခုကာလ ကမ္ဘာတစ်ဝန်း ဖြစ်ပေါ်နေတဲ့ ကမ္ဘာ့ကုန်သွယ်ရေးနှင့် အဓိကငွေမာဖြစ်သည့်

ဒေါ်လာတန်ဖိုး ကျဆင်းနေမှုကြောင့် ပြည်တွင်းငွေကြေး ဈေးကွက်မှာ အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေ လဲလှယ်နှုန်းဟာ ယမန်နှစ် ဩဂုတ်လမှစပြီး တဖြည်းဖြည်းလျှော့ကျလာပြီးတော့ ယခုနှစ် ဖေဖော်ဝါရီလကစပြီးတော့ ပိုပြီးတော့ သိသိသာသာ ကျဆင်းလာခဲ့ပါတယ်။ ပြည်တွင်းငွေကြေး ဈေးကွက်တွင် အမေရိကန်ဒေါ်လာနှင့် ကျပ်ငွေလဲလှယ်နှုန်းကျဆင်းမှု အခြေအနေကိုကြည့်မယ် ဆိုလို့ရှိရင် ယခု ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလမှာ ၈၈၄ကျပ်ပါ။ မတ်လမှာ ၈၈၂ကျပ်၊ ဧပြီမှာ ၈၅၆ကျပ်၊ မေမှာ ၈၂၉ကျပ်၊ ဇွန်မှာ ၇၉၀ကျပ်၊ ဇူလိုင်မှာ ၇၉၅ကျပ်၊ ဩဂုတ်မှာ ကျွန်တော်တို့ ၇၅၈ကျပ်နဲ့ မနေ့ကဆို ၇၃၀ကျပ် ဖြစ်တာ ကျွန်တော်တို့တွေ့ရပါတယ်။ FEC မှာလည်း ကျွန်တော်တို့ နဂိုတုန်းက ဖေဖော်ဝါရီတုန်းက ၈၅၆ ကနေ တဖြည်းဖြည်းကျလာတာ မနေ့ကဆို ၆၇၅ ဖြစ်တာ တွေ့ရပါတယ်။ Account Transfer မှာ ဆိုရင်လည်း ကျွန်တော်တို့ ဖေဖော်ဝါရီတုန်းက ၈၆၉ ကျပ်ပါ၊ ကြားထဲလတွေမှာ ဆက်တိုက်ကျလာပါတယ်။ မနေ့ကဆိုရင် ၇၀၅ ကျပ် ဖြစ်ပါတယ်။ မြန်မာနိုင်ငံနှင့် အဓိကကုန်သွယ်မှု ပြုနေတဲ့ နိုင်ငံများဖြစ်တဲ့ ဂျပန်၊ တရုတ်၊ အိန္ဒိယ၊ စင်္ကာပူ၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်တို့မှာ ဇန်နဝါရီလမှ ဩဂုတ်လ ဒုတိယပတ်အထိ အမေရိကန် ဒေါ်လာငွေဖြင့် လဲလှယ်နှုန်း ကို ကြည့်မယ်ဆိုရင် တရုတ်ယွမ်ဟာ အမေရိကန်ဒေါ်လာနှင့် လဲလှယ်ရာမှာ ပြောင်းလဲမှုနှုန်းဟာ ၀.၆၂ ရာခိုင်နှုန်းပဲရှိပါတယ်။ အိန္ဒိယနဲ့ ပြောင်းလဲမှုနှုန်းဟာ ၁.၅ ရာခိုင်နှုန်းပဲ ရှိပါတယ်။ ဂျပန်ယန်းနဲ့ ပြောင်းလဲမှုနှုန်းဟာ ၃.၀၅ ရာခိုင်နှုန်းပဲရှိပါတယ်။ စင်္ကာပူဒေါ်လာနဲ့က ၁.၅၇ ပဲရှိပါတယ်။ ထိုင်းဘတ်နဲ့က ၁.၁၅ ရာခိုင်နှုန်းပဲ ရှိပါတယ်။မလေးရှားရင်းဂစ်မှာ ၀.၉၉ရာခိုင်နှုန်းပဲ ရှိပါတယ်။ အင်ဒိုနီးရှား ရူပီးယားမှာ ၁.၆၃ ရာခိုင်နှုန်းပဲ ရှိပါတယ်။ ဖိလစ်ပိုင်ပီဆိုမှာ ၁.၁၃ ပဲရှိပါတယ်။ ဗီယက်နမ်ဒေါင်မှာ ၁.၁၇ ပဲရှိပါတယ်။ ကျွန်တော်တို့ မြန်မာနဲ့ကျတဲ့အခါကြတော့ ပြောင်းလဲနေတဲ့နှုန်းဟာ ၄.၇ ရာခိုင်နှုန်းနဲ့ ဒီပြောင်းလဲတဲ့ Rate ပါ။ Rate က ၄.၇ ရာခိုင်နှုန်း ပြောင်းလဲနေတာ တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒေါ်လာနဲ့ Affect က ကျွန်တော်တို့ ဒီနားမှာရှိတဲ့ နိုင်ငံများထက် မြန်မာနိုင်ငံပေါ်မှာသာ ပိုပြီးတော့ ထိခိုက်မှုရှိတယ်ဆိုတာ ဒါ ကျွန်တော်တို့ ထင်ထင်ရှားရှား တွေ့မြင်ရပါတယ်။ မြန်မာနိုင်ငံနဲ့ အဓိကကုန်သွယ်ဖက်နိုင်ငံများကလည်း အမေရိကန်ဒေါ်လာနဲ့ ကုန်သွယ်ပြုနေတဲ့ နိုင်ငံများဖြစ်ပါ တယ်။ ယေဘုယျအားဖြင့် မြန်မာနိုင်ငံနဲ့ အဓိကကုန်သွယ်ပြုနေတဲ့ နိုင်ငံများနှင့် နိုင်ငံခြားသုံးငွေမှာ ငွေကြေးနှင့် အမေရိကန်ဒေါ်လာတို့ လဲလှယ်နှုန်းဟာ သိပ်ပြီးတော့ ပြောင်းလဲမှုမရှိသော်လည်း မြန်မာကျပ်ငွေနဲ့ လဲလှယ်နှုန်းကတော့ ပြောင်းလဲမှုကြီးမားသဖြင့် ပို့ကုန်နဲ့ ပို့ကုန်တင်ပို့သည့် ကုန်သည်များအနေနဲ့ အမေရိကန်ဒေါ်လာတန်ဖိုး ကျဆင်းလာသည်နှင့်အမျှ ပို့ကုန်မှဝင်ငွေများ

လျော့နည်းလာပါတယ်။ ကျွန်တော်တို့ ယမန်နှစ်ကနှင့်ယှဥ်ကြည့်ရင် ယမန်နှစ်က ဩဂုတ်လနှင့် ယခုဩဂုတ်လနဲ့ ယှဥ်ကြည့်လို့ရှိရင် ကျွန်တော်တို့ တန်ဖိုးက ၂၇ ရာခိုင်နှုန်းလောက် ပြောင်းလဲသွားပါတယ်။ ခု ဖေဖော်ဝါရီလ ကနေပြီးတော့ ခုချိန်နဲ့ ယှဥ်ကြည့်လို့ရှိရင် အားလုံး ၁၅ ရာခိုင်နှုန်းလောက် ပြောင်းလဲသွားတာတွေ့ရပါတယ်။ ပြီးတော့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အမေရိကန်ဒေါ်လာနဲ့ ကျပ်က အလွန့်အလွန် ပြောင်းလဲမှုများတာ တွေ့ရပါတယ်။ အမေရိကန် ဒေါ်လာနှင့် မြန်မာကျပ်ငွေ လဲလှယ်နှုန်းကျဆင်းမှုနှင့် ဆက်စပ်ပြီးတော့ FEC ပို့ကုန်ရငွေ Account Transfer ဈေးများမှာ ကျလာတဲ့အတွက်ကြောင့် ပို့ကုန်လုပ်ငန်းများမှာ အဓိကပို့ကုန် အမယ်များဖြစ်တဲ့ ဆန်၊ ပဲအမျိုးမျိုး၊ ရေထွက်ပစ္စည်းများ တင်ပို့သည့် လုပ်ငန်းရှင်များနှင့် အခြေခံထုတ်လုပ်သူများကို နစ်နာမှုများ ဖြစ်ပေါ်စေခဲ့ပါတယ်။ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဧပြီလမှ ဩဂုတ်လ ဒုတိယပတ်အထိ ရေထွက်ပစ္စည်း တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ သန်း ၁၆၀ ခန့် ရှိပြီးတော့ ယမန်နှစ်တုန်းကဆိုရင် ဒီအချိန်မှာ ၁၈၇ သန်း ကျွန်တော်တို့ ပို့နိုင်ပါတယ်။ ယမန်နှစ်ကထက် ၁၅ ရာခိုင်နှုန်း လျော့ပြီးတော့ လျော့သွားတာ တွေ့ရပါတယ်။ ငါးတင်ပို့မှုမှာလည်း ယခုနှစ်မှာ အမေရိကန် ဒေါ်လာ ၉၄ သန်းဖြစ်ပြီးတော့ ယမန်နှစ်က ဒီအချိန်မှာ သန်း ၁၂၀ ခန့် ကျွန်တော်တို့ပို့နိုင်ပါတယ်။ အဲဒီတော့ ယခုနှစ်မှာ ကျွန်တော်တို့ ငါးပို့တာ ယမန်နှစ်ကထက် ၂၂ ရာခိုင်နှုန်းခန့် လျော့သွားတာ ကျွန်တော်တို့ တွေ့ရပါတယ်။ ပြည်ပသို့ ရေထွက်ကုန်ပစ္စည်းများ အထူးသဖြင့် ငါးတင်ပို့သူ လုပ်ငန်းရှင်များအနေဖြင့် တင်ပို့သည့် ပမာဏ လျှော့ချခြင်း၊ ငွေလဲနှုန်းကျဆင်းမှုကို ကာမိစေရန် ငါးဈေးနှုန်းများ လျှော့ချ ဝယ်ယူကြခြင်းတို့ကြောင့် မွေးမြူထုတ်လုပ်သူများ၊ ပြုပြင်ထုတ်လုပ်သူများ၊ သယ်ယူပို့ဆောင်ရေး လုပ်ငန်းများ၊ ကုန်တင်ကုန်ချ လုပ်ငန်းများစသည့် လုပ်ငန်းစဥ်တစ်ခုလုံးကိုပါ ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေခဲ့ပြီးတော့ ဆန်နှင့်ပဲ အမျိုးမျိုးအပါအဝင် စိုက်ပျိုးရေး၊ ထွက်ကုန် တင်ပို့သည့်ကဏ္ဍတွင်လည်း ပို့ကုန်လုပ်ငန်းရှင်များ စိုက်ပျိုးထုတ်လုပ်သူများနှင့် ဆက်စပ်သည့်လုပ်ငန်းများကိုပါ နစ်နာမှုများဖြစ်ပေါ်စေခဲ့သဖြင့် စီးပွားရေးလုပ်ငန်းများကို ပုံမှန်ဆောင်ရွက်နိုင်ခြင်း မရှိတော့ဘဲ တုံ့နှေးမှုများ ဖြစ်ပေါ်လျက်ရှိပါတယ်။ အချို့ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေ လဲလှယ်နှုန်းကျဆင်း နေသော်လည်း စာချုပ်များချုပ်ပြီးတော့ ရောင်းပြီးတဲ့ ပို့ကုန်များကို သူတို့ ကတိကဝတ်မပျက်စေရန် အရှုံးခံပြီးတော့ တင်ပို့နေတဲ့ အခြေအနေများလည်းရှိပါတယ်။ ဈေးကွက်၌ဖြစ်ပေါ်နေသော အမေရိကန် ဒေါ်လာနှင့် မြန်မာကျပ်ငွေ လဲလှယ်နှုန်းကျဆင်းမှုဟာ အထက်ပါအတိုင်း နိုင်ငံတော်ရဲ့ အဓိကပို့ကုန် များကို ထိခိုက်နစ်နာမှု ဖြစ်စေသည်သာမက အမေရိကန်ဒေါ်လာဖြင့် ချိတ်ဆက်ပြီးတော့ လုပ်ငန်းများ

ဆောင်ရွက်နေသည့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ ပြည်ပရောက် မြန်မာအလုပ်သမားများက ပေးပို့နေသည့်ဝင်ငွေကို မှီခိုနေရတဲ့မိသားစုများ၊ ငွေတန်ဖိုးပြောင်းလဲမှုနှင့် ဆက်နွယ်သည့် ကုန်ထုတ်လုပ်ငန်းအချို့ ယာယီရပ်ဆိုင်းထားသဖြင့် အဆိုပါလုပ်ငန်းခွင်မှ အလုပ်သမားများ၊ ပြည်တွင်း၌ ဒေါ်လာဖြင့် လခရရှိသော ဝန်ထမ်းများ စသည်တို့ကိုလည်း တနည်းတစ်ဖုံဖြင့် ထိခိုက်မှုများ ဖြစ်ပေါ်စေခဲ့ကြောင်း တွေ့ရှိရပါတယ်။ နိုင်ငံတော်ရဲ့ အဓိကပို့ကုန်အမယ် ရေထွက်ပစ္စည်း ထုတ်လုပ်မှု တင်ပို့မှုများ၊ စိုက်ပျိုးရေးထွက်ကုန် ဆန်စပါး၊ ပဲအမျိုးမျိုး စိုက်ပျိုးထုတ်လုပ်သည့် လုပ်ငန်းများ ချောမွေ့မှုမရှိခြင်း၊ ငွေလဲလှယ်နှုန်းကျဆင်းမှုနှင့် ဆက်နွယ်သည့် အခြားစီးပွားရေး လုပ်ငန်းများပါ တုံ့ဆိုင်းမှုများဖြစ်ပေါ်နေခြင်းတို့သည် ရေရှည်တွင် တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုကို နှေးကွေးစေနိုင်ပြီးတော့ ပြည်သူများ၏ဝင်ငွေလျော့နည်းစေသည့် ရိုက်ခတ်မှုများကိုလည်း ဖြစ်ပေါ်စေနိုင်သဖြင့် စီးပွားရေးလုပ်ငန်းရှင်များ ရှင်သန်တိုးတက်စေမည့် အခြေအနေများကို ပြန်လည်ရောက်ရှိရေးအတွက် နိုင်ငံတော်မှ ဝင်ရောက်ဆောင်ရွက်ပေးရန် ပြည်သူများက လိုလားလျက်ရှိကြပါတယ်။ ဈေးကွက်၌ နောက်ဆုံးဖြစ်ပေါ်နေသည့် ငွေလဲလှယ်နှုန်းမှာ အမေရိကန် တစ်ဒေါ်လာလျှင် ၇၃၀ ကျပ်ဖြစ်ရာ အဆိုပါ ငွေလဲလှယ်နှုန်းသည် ပို့ကုန်လုပ်ငန်းရှင်များအတွက် လည်းကောင်း၊ သွင်းကုန်လုပ်ငန်းရှင်များအတွက်လည်းကောင်း ချောမွေ့စွာဆောင်ရွက်နိုင်သည့် အနေအထား မရှိသေးသဖြင့် စီးပွားရေးလုပ်ငန်းများ ပြန်လည်ရှင်သန်လာအောင် နိုင်ငံတော်မှ ဆက်လက်အရေးယူဆောင်ရွက်ပေးပါရန် လိုအပ်နေဆဲဖြစ်ကြောင်း တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ ဈေးကွက်တွင် ဖြစ်ပေါ်နေသော အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်နှုန်းကျဆင်းမှုကြောင့် အခက်အခဲကြုံတွေ့နေရသည့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေးအတွက် ဆက်လက်ဂရုပြု၍ စီမံဆောင်ရွက်ပေးနိုင်ပါရန် အဆိုကို တင်သွင်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသာခင်ဗျား။ တင်ပြလိုက်တဲ့နေရာမှာ မိမိမှတ်သားတာ လွဲမှားလို့ရှိရင်ပြန်ပြင်ပေးပါ။ စီးပွားရေး၊ ဒီနေ့တော့ ထူးခြားစွာပေါ့လေ။ စီးပွားရေးနဲ့ ပတ်သက်လို့ တင်ပြလာတာတွေရှိပါတယ်။ ခုနက တင်ပြတဲ့နေရာမှာ ငွေလဲလှယ်နှုန်း ပြောင်းလဲမှုဟာ တရုတ်နိုင်ငံမှာ ၀.၆ ကျွန်တော် ပြောတာလေးမှားတယ်ဆိုရင် ပြန်ပြင်ပေးပါ။ ဒသမ ဘယ်လောက်လဲ။ မလေးရှားမှာဘယ်လောက်လဲ။

**ဦးစိုးသာ(တွံတေးမဲဆန္ဒနယ်)**။ ။ တရုတ်ယွမ်ငွေဟာ ၀.၆၂ ပါခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ၀.၆၂။ မလေးရှားပြောပေးပါ။ ၁ မကျော်ဘူး။ မလေးရှား။

**ဦးစိုးသာ(တွံတေးမဲဆန္ဒနယ်)**။ ။ ၀.၉၉ ပါ။

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်တို့ မြန်မာ။

**ဦးစိုးသာ(တွံတေးမဲဆန္ဒနယ်)**။ ။ မြန်မာက ၄.၇ ။

**ဥက္ကဋ္ဌ**။ ။ ၄.၇ ဒါက ပြောင်းလဲနှုန်း Rate ကိုပြောတာ၊ နောက်တစ်ခါ ဦးစိုးသာ တင်ပြသွားတဲ့ ကာလတို မြန်မာနိုင်ငံရဲ့ ငွေကြေးလဲလှယ်မှု အမေရိကန်ဒေါ်လာနဲ့လဲလှယ်မှုဟာ ၂၇ ရာခိုင်နှုန်းလား သို့မဟုတ်ရင် ၂၂ လား။

**ဦးစိုးသာ(တွံတေးမဲဆန္ဒနယ်)**။ ။ ၂၇ ပါခင်ဗျား။ ကျွန်တော်တို့ လွန်ခဲ့သော တစ်လ၊ လွန်ခဲ့တဲ့ ဩဂုတ်၊ တစ်နှစ်ကြာတဲ့ ဩဂုတ်လ တုန်းကရှိတဲ့နှုန်းနဲ့ ယခုဩဂုတ်လ ရှိတဲ့နှုန်းနဲ့ဆိုရင် ကျွန်တော်တို့ အဲဒီနှုန်းကို အချိုးချလိုက်မယ်ဆိုရင် ၂၇ ရာခိုင်နှုန်းလောက် လျော့သွားပါမယ်။

**ဥက္ကဋ္ဌ**။ ။ ဒါကာလတို၊ ဟိုဘက်နှစ်နဲ့ ဒီဘက်နှစ်။

**ဦးစိုးသာ(တွံတေးမဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့ခင်ဗျ။

**ဥက္ကဋ္ဌ**။ ။ကောင်းပါပြီ။ ကျွန်တော်တို့ ကမ္ဘာ့စီးပွားရေးအခြေအနေနဲ့ ကျွန်တော်တို့နိုင်ငံ ထန်းသီးကြွေခိုက် ကျီးနင်းခိုက်မျိုးတော့ ကြုံတာပေါ့လေ။ သို့ရာတွင် နိုင်ငံတော်ရဲ့ စီးပွားရေးဘဝ တစ်နည်းအားဖြင့် ပြောရမယ်ဆိုရင် လူမှုစီးပွားရေးဘဝ မိမိတို့နိုင်ငံ နိမ့်မကျသွားအောင် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များကလည်း မိမိတို့ရဲ့အတွေ့အကြုံ၊ ဗဟုသုတများ ပါဝင်ပြီးတော့ နိုင်ငံတော်ရဲ့ စီးပွားရေးဘဝ၊ လူမှုစီးပွားရေးဘဝ ကျဆင်းမသွားအောင် ဝိုင်းဝန်းစဉ်းစား သုံးသပ်ပြီး ဆောင်ရွက်သွားဖို့လိုမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် မနက်က တင်ပြသလို လွှတ်တော်ရဲ့ ဆွေးနွေးမှုတွေဟာ အရှိန်မြင့်လာတဲ့အခြေအနေမှာ ဒီကိစ္စမျိုးနဲ့ ပတ်သက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်များ အလေးအနက်ထား စဉ်းစားပြီးတော့ ပါဝင်နိုင်ဖို့လိုတယ်ဆိုတာလေးကို ကျွန်တော် ကြားဖြတ် တင်ပြချင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဦးစိုးသာ တင်သွင်းတဲ့ အဆိုကို ထောက်ခံမယ့် ကိုယ်စားလှယ်များအား ဖိတ်ခေါ်ပါတယ်။

**ဦးညီညီမြင့်(အုတ်တွင်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသောပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး နှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်း ဒေသကြီး၊ အုတ်တွင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညီညီမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တွံတေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသာ တင်သွင်းသွားတဲ့

အဆိုနဲ့ပတ်သက်ပြီး ကျွန်တော် ထောက်ခံဆွေးနွေးပါမယ်။ ကျွန်တော်တို့နိုင်ငံမှာ ဆိုလို့ရှိရင် အမေရိကန်ဒေါ်လာနဲ့ မြန်မာကျပ်ငွေလဲလှယ်မှုနှုန်းကျဆင်းတဲ့ ဂယက်ဟာဆိုလို့ရှိရင် တိုင်းပြည်ရဲ့ စီးပွားရေးကို ထိခိုက်ပြီးတော့ ပို့ကုန်လုပ်ငန်းများကို အဓိကထိခိုက်စေပါတယ်။ အမေရိကန် ဒေါ်လာကို အဓိကထားပြီးတော့ ဆောင်ရွက်နေတဲ့ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတွေ ပြည်ပ ကနေပြီးတော့ အလုပ်သမားတွေကနေပြီးတော့ ပေးပို့တဲ့ဝင်ငွေအပေါ်မှာ မှီခိုနေရတဲ့ မိသားစု အဖွဲ့ဝင်တွေ ကျွန်တော်တို့နိုင်ငံမှာ ငွေဈေးကျတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့နိုင်ငံရဲ့ ကုန်ထုတ်လုပ်မှုတွေကို ယာယီရပ်ဆိုင်းထားတဲ့အတွက် ထိခိုက်နေတဲ့ အလုပ်သမားတွေ နောက်တစ်ခါ နိုင်ငံခြားဝင်ငွေ အမေရိကန်ဒေါ်လာနဲ့ တာဝန်ထမ်းဆောင်နေတဲ့ ပြည်တွင်းကဝန်ထမ်းတွေရဲ့ ဂယက်ကို အများကြီးထိခိုက်ပါတယ်။ အဓိကအားဖြင့် ပို့ကုန်လုပ်ငန်းတွေဖြစ်ကြတဲ့ ရေထွက်ပစ္စည်း မျိုးစုံထုတ်လုပ်တဲ့ လုပ်ငန်းတွေ စိုက်ပျိုးရေးလုပ်ငန်းဖြစ်တဲ့ ဆန်စပါးထုတ်လုပ်မှုလုပ်ငန်းတွေ၊ ပဲမျိုးစုံထုတ်လုပ်မှုလုပ်ငန်းတွေကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ထိခိုက်တာကိုတွေ့ရှိရပါတယ်။ အဲဒီလိုထိခိုက်တဲ့ ဂယက်ဟာ တိုင်းပြည်ရဲ့ပုံမှန်လည်ပတ်နေတဲ့ စီးပွားဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်ရုံသာမက ပြည်သူတွေရဲ့ ဝင်ငွေလျော့နည်းမှုကိုလည်း ဖြစ်ပေါ် စေပါတယ်။ အဲဒီအတွက်ကြောင့်မို့ နိုင်ငံတော်အစိုးရအနေနဲ့ ကျွန်တော်တို့နိုင်ငံမှာဆိုလို့ရှိရင် ပြည်ပပို့ကုန်လုပ်ငန်းတွေ ပိုမိုသွက်လက်လျင်မြန်စေဖို့အတွက် ပို့ကုန်လုပ်ငန်းများ လိုင်စင် ထုတ်ပေးတဲ့အခါမှာလည်း လျင်မြန်ဖို့ ဆောင်ရွက်ပေးပါတယ်။ တစ်ခါ ကုမ္ပဏီတွေ၊ ကုမ္ပဏီ လိုင်စင်တွေ ထူထောင်ခွင့် လိုင်စင်တွေလုပ်တဲ့အခါမှာ ဆိုလို့ရှိရင်လည်း လျင်မြန်စေဖို့အတွက် One Stop Service အနေနဲ့၊ ဆောင်ရွက်ပေးတာတွေ့ရှိသလို ပို့ကုန်လုပ်ငန်းတွေကိုလည်း အခွန်ကောက်ခံမှု ခုနစ်ရာခိုင်နှုန်းကို လျှော့ချလာတာကိုလည်း တွေ့ရှိရပါတယ်။ ဒါ့အပြင် ပို့ကုန် ခုနစ်မျိုးကိုလည်း ကျွန်တော်တို့ နိုင်ငံအနေနဲ့ မကြာသေးခင်ကပဲ ပို့ကုန်ခုနစ်မျိုးအပေါ်မှာ ခြောက်လတိုင်တိုင် အခွန်ကင်းလွတ်ခွင့်ပေးခဲ့တာကိုလည်းတွေ့ရှိရပါတယ်။ မကြာသေးခင်ကပဲ နေပြည်တော်မှာ ကျင်းပပြုလုပ်တဲ့ ကျွန်တော်တို့ နိုင်ငံတော်ရဲ့ စီးပွားဖွံ့ဖြိုးမှုကို အထောက်အကူပြု နိုင်တဲ့ အမျိုးသားစီးပွားရေး အလုပ်ရုံဆွေးနွေးပွဲ အမျိုးသားအဆင့် စီးပွားရေး အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်မှာ ကျင်းပခဲ့ပါတယ်။ ဒီဂယက်တွေဟာဆိုလို့ရှိရင် ဒီလိုနိုင်ငံတော်အစိုးရရဲ့ ဆောင်ရွက်ချက်ဟာ ကျဆင်းနေတဲ့ စီးပွားရေးကို များစွာအထောက်အကူပြုမှာ ဖြစ်ပါတယ်။ ဒါပေမယ့်လည်း ယနေ့ကာလမှာဆိုလို့ရှိရင် ဒေါ်လာဈေးနဲ့ မြန်မာကျပ်ငွေလဲလှယ်မှုနှုန်းတွေဟာ ကျဆင်းနေတဲ့ အနေအထားဖြစ်နေတဲ့အတွက်ကြောင့်မို့လို့ တိုင်းပြည်ရဲ့ ပုံမှန်လည်ပတ်နေတဲ့

စီးပွားရေးကို ထိခိုက်စေတာဖြစ်လို့ နိုင်ငံတော်အစိုးရအနေနဲ့ ဆောင်ရွက်လျက် ရှိတဲ့ လုပ်ငန်းတွေကို ပုံမှန်စီးပွားရေးဖွံ့ဖြိုး တိုးတက်ဖို့အတွက် အထောက်အကူပြုမယ့်လုပ်ငန်းတွေကို ဆောင်ရွက်ပေးဖို့လို့ ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ်မှ ဦးစိုးသာတင်သွင်းသွားတဲ့ ဈေးကွက်တွင် ဖြစ်ပေါ်နေသော အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေ လဲလှယ်မှုနှုန်းကျဆင်းမှုကြောင့် အခက်အခဲ ကြုံတွေ့ရသည့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ပုံမှန်လည်ပတ်နေရေးအတွက် စီမံဆောင်ရွက် ပေးရန်အဆိုအား လေးလေးနက်နက် ထောက်ခံကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## အဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တွံတေးမဲဆန္ဒနယ်မှ ဦးစိုးသာ တင်သွင်းတဲ့အဆိုကို ၂၀၁၁ ခုနှစ်၊ သြဂုတ်လ ၃၁ ရက်၊ ဗုဒ္ဓဟူးနေ့မှာ ဆွေးနွေးမှာဖြစ်ပါတယ်။ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဒီကနေ့ ညနေပိုင်းမှာ ပြည်သူ့လွှတ်တော် ဒုတိယ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြဖို့ ဖြစ်ပါတယ်။

## ဦးမောင်မောင်သိမ်း၊ ခရမ်းမဲဆန္ဒနယ်၏ "ငွေတိုက်စာချုပ် ဝယ်ယူစုဆောင်းငွေအပေါ်မှ ရရှိသည့် အတိုးအပေါ် ဝင်ငွေခွန် ကင်းလွတ်ခွင့် ရရှိရေးအဆို တင်သွင်းခြင်း" အဆို တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ခရမ်းမဲဆန္ဒနယ်မှ ဦးမောင်မောင်သိမ်းအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၃း၄၅။**

**ဦးမောင်မောင်သိမ်း (ခရမ်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အားလုံးမင်္ဂလာအပေါင်းနဲ့ ပြည့်စုံ ပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်း မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်သိမ်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်သို့ ကျွန်တော်တင်ပြလိုတဲ့ အကြောင်းအရာကတော့ ငွေတိုက်စာချုပ် ဝယ်ယူ

စုဆောင်းငွေအပေါ်မှရရှိသည့် အတိုးငွေအပေါ် ဝင်ငွေခွန် ကင်းလွတ်ခွင့်ရရှိရေး စဉ်းစားသုံးသပ်ပြီး၊ သုံးသပ်ဆောင်ရွက်ပေးရန် တင်ပြခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ အဆိုပြုတင်ပြချက်အား ဖတ်ကြားတင်သွင်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ အပိုဒ်(၁) အစိုးရငွေတိုက်စာချုပ်သည် ဗဟိုဘဏ်ဥပဒေနှင့်အညီ ပြည်တွင်းပြည်ပတွင် မြန်မာကျပ်ငွေတန်ဖိုး ခိုင်ခံ့တည်မြဲစေရန်နှင့် နိုင်ငံတော်အတွင်း လှည့်ပတ်သုံးစွဲနေသော ငွေကြေးပမာဏကို ထိန်းသိမ်းနိုင်စေရန် နိုင်ငံတော်၏ ငွေကြေးဆိုင်ရာမူဝါဒ အစီအမံဖြင့် ခွင့်ပြုထုတ်ပေးထားသော ငွေစုဆောင်းမှု အစီအမံတစ်ရပ်ဖြစ်ပါတယ်။ အပိုဒ် (၂) ၁၉၉၄ ခုနှစ်၊ ဩဂုတ်လ ၄ ရက်နေ့ရက်စွဲဖြင့် ပြုစုထုတ်ဝေထားသော ၁၉၇၄ ခုနှစ်၊ ဝင်ငွေခွန်ဥပဒေပုဒ်မ ၅ (က) ပါ ပြဋ္ဌာန်းချက်အရ ငွေစုဆောင်းမှုနှင့် စပ်လျဉ်း၍ နည်းဥပဒေများဖြင့် ပြဋ္ဌာန်းသည့် ရငွေ တစ်ရပ်ရပ်သည် ဝင်ငွေခွန်ကင်းလွတ်ခွင့် ရှိပါသည်ဟု ဖော်ပြထားပါတယ်။ ဝင်ငွေခွန်နည်းဥပဒေ စည်းမျဉ်းများ အခန်း(၃) စုဆောင်းငွေအတွက် ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များပါ ပြဋ္ဌာန်းချက်များအရ အောက်ပါတို့သည် ဝင်ငွေခွန် ကင်းလွတ်ခွင့်ရရှိပါတယ်။ ပုဒ်မ ၄ (က) ၄ အစိုးရက စီစဉ်ပေးသည့် ငွေစုဆောင်းခြင်းနှင့်ဆိုင်သော အစီအစဉ် တစ်ရပ်ရပ်မှ ပြန်လည်ထုတ်ယူရရှိငွေ ပုဒ်မ ၄ (ခ) ၃ အစိုးရစီစဉ်ပေးသည့် ငွေစုဆောင်းခြင်းနှင့်ဆိုင်သော အစီအစဉ်တစ်ရပ်ရပ်သို့ ထည့်ဝင်ငွေနှင့် ယင်းအစီအစဉ်မှရရှိသော အတိုးတို့သည် ဝင်ငွေခွန်ကင်းလွတ်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားပါတယ်။ အပိုဒ် (၄) ငွေစုဘဏ်ဥပဒေအပိုဒ် ၃၃ တွင် ငွေစုဘဏ်စာရင်းနှင့် ငွေစုလက်မှတ်ရရှိသည့် အတိုးဝင်ငွေအပေါ်တွင် ဝင်ငွေခွန်သော်လည်းကောင်း၊ အမြတ်ခွန်သော်လည်းကောင်း ကောက်ခံခြင်းမပြုရ။ ထို့အပြင် ယင်းအတိုးရငွေကို အခွန်စည်းကြပ်ထိုက်သည့် စုစုပေါင်းဝင်ငွေတွက်ချက်ရာတွင်လည်း ထည့်သွင်းခြင်းမပြုရဟု ပြဋ္ဌာန်းထားပါတယ်။ အပိုဒ် (၅) အစိုးရငွေတိုက်စာချုပ်များ ဝယ်ယူစုဆောင်းထားရှိမှုမှ ရရှိသောအတိုးငွေအပေါ် ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုခြင်းသည် အပြည်ပြည်ဆိုင်ရာစံနှုန်းများ၊ ကျင့်စဉ်များနှင့်ညီညွတ်သည့်အပြင် အာဆီယံနိုင်ငံများတွင်လည်း ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုသည့် သက်သေသာဓကများလည်းရှိပါကြောင်း လေ့လာတွေ့ရှိရပါတယ်။ အပိုဒ် (၆) သို့ဖြစ်ပါ၍ ဗဟိုဘဏ်ကွပ်ကဲမှုအောက်ရှိ ပုဂ္ဂလိကဘဏ်များ၊ အစိုးရပါဝင်သောပုဂ္ဂလိကဘဏ်များမှ ဝယ်ယူထားသော ငွေတိုက်စာချုပ်များ၊ ဝယ်ယူစုဆောင်းမှုအပေါ်မှရရှိသည့် အတိုးငွေများအပေါ် ဝင်ငွေခွန်ဥပဒေ၊ နည်းဥပဒေ စည်းမျဉ်းများ အခန်း (၃)ပါ စုဆောင်းငွေအတွက် ကင်းလွတ်ခွင့်၊ သက်သာခွင့်များနှင့် ငွေစုဘဏ်ဥပဒေအပိုဒ် ၃၃ ပါအချက်များနှင့်ပါ အကျုံးဝင်ညီညွတ်သည့်အတွက် သုံးသပ်ပြီး ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပေးနိုင်ရေးအတွက် အဆိုပြုတင်ပြအပ်ပါတယ်။ ကျွန်တော့်ရဲ့

အဆိုပြုတင်ပြချက်နဲ့ ပတ်သက်ပြီးတော့ ယခင်က ကျွန်တော့်အနေနဲ့ စာရေးတင်ပြခဲ့ပြီး ဖြစ်သော်လည်း ခွင့်ပြုချက်မရရှိခဲ့သည့်အတွက် ယခုကဲ့သို့ အဆိုပြုတင်ပြရခြင်းဖြစ်ပါတယ်။ နိုင်ငံတော်သို့ အခွန်မပေးဆောင်လို၍ တင်ပြခြင်းမဟုတ်ပါကြောင်းလည်း ကြိုတင်ရှင်းလင်း တင်ပြအပ်ပါတယ်။ ပြည်တွင်းအခွန်ဦးစီးဌာနမှ ထုတ်ပြန်ထားတဲ့ ဝင်ငွေခွန်ဥပဒေ၊ နည်းဥပဒေနှင့် စည်းမျဥ်းပါ စုဆောင်း ငွေအတွက် ကင်းလွတ်ခွင့်၊ သက်သာခွင့်များပါအချက်များနှင့် အကျုံးဝင် သည့်အတွက် ဥပဒေ၊ နည်းဥပဒေနှင့်အညီ ခံစားခွင့်၊ ဥပဒေ၏စောင့်ရှောက်ကာကွယ်မှု ရရှိစေရန် တင်ပြခြင်းဖြစ်ပါတယ်။ အစိုးရငွေတိုက်စာချုပ်သည် ဗဟိုဘဏ်ဥပဒေနှင့်အညီ ပြည်တွင်းပြည်ပ ကျပ်ငွေတန်ဖိုး ခိုင်ခန့်တည်မြဲစေရန် နိုင်ငံတော်ငွေကြေး မူဝါဒတစ်ရပ်အနေဖြင့် ဗဟိုဘဏ်မှ ထုတ်ဝေရောင်းချခြင်း ဖြစ်ပါတယ်။ ဘဏ်များအနေဖြင့်လည်း နိုင်ငံတော်၏ ငွေကြေးမူဝါဒကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်စေရန် ငွေတိုက်စာချုပ်ကို ဝယ်ယူစုဆောင်းခဲ့ခြင်း ဖြစ်ပါတယ်။ ၂၀၀၃ ခုနှစ်၊ နှစ်စပိုင်းမှာ အာရှဝဏ္ဏဘဏ်နှင့် ရိုးမဘဏ်တို့မှာ ပြဿနာများပေါ်ပေါက်ခဲ့ ပြီးတော့ အာရှဝဏ္ဏဘဏ်ကို ဖျက်သိမ်းခဲ့ရပါတယ်။ ယင်းပြဿနာသည် ပြည်သူအတော်များများကို အခက်အခဲတွေ့စေပြီး နိုင်ငံတော်အကြီးအကဲများအထိ စိတ်အနှောင့်အယှက် ဖြစ်စေခဲ့ပါတယ်။ နောက်ဆုံးနိုင်ငံတော်မှ ဝင်ရောက်ဖြေရှင်းပေးရသည်အထိ ပြဿနာကြီးမားခဲ့ပါတယ်။ ဘဏ်များ အနေဖြင့် ပြဿနာဖြစ်ခဲ့ပြီးနောက် သင်ခန်းစာရယူကာ ချေးငွေကို အကန့်အသတ်ဖြင့် ထုတ်ချေး ခဲ့ရပါတယ်။ တစ်ဖက်မှလည်း ဘဏ်များအနေဖြင့် ဘဏ်၏ခိုင်မာမှု၊ ခိုင်ခံ့မှု၊ ပြည်သူရဲ့ယုံကြည်မှုကို ရယူတည်ဆောက်မှု ပြုရပါတယ်။ ဗဟိုဘဏ်၏ သတ်မှတ်ချက်အရ စုဆောင်းငွေအပေါ်မှာ ၁၂ ရာခိုင်နှုန်း အတိုးပေးရသော်လည်း ငွေတိုက်စာချုပ် ဝယ်ယူစုဆောင်းခြင်းမှ ပြန်လည်ရရှိသော အတိုးမှာ ၁၁ ရာခိုင်နှုန်းသာ ဖြစ်တဲ့အတွက် တစ်ရာခိုင်နှုန်း အရှုံးရှိပါတယ်။ ယခုနောက်ဆုံး ဗဟိုဘဏ်မှ ၁၁.၅ ရာခိုင်နှုန်းသို့ တိုးပေးသည့်အတွက် ဝ.၅ ရာခိုင်နှုန်း အရှုံးရှိနေဆဲဖြစ်ပါတယ်။ ထို့ကြောင့် အတိုးငွေ ၁၇ ရာခိုင်နှုန်းရရှိသော ချေးငွေထုတ်ပေးခြင်းကို အပြည့်အဝမဆောင်ရွက်နိုင်ဘဲ အရှုံးရှိသော ငွေတိုက်စာချုပ်ကို ဝယ်ယူစုဆောင်းမှုပြုခဲ့ရပါတယ်။ ဘဏ်များအနေဖြင့် မိမိတို့ဘဏ် အပေါ် ယုံကြည်စိတ်ချစွာဖြင့် အပ်နှံထားသူများအား အချိန်မရွေးပြန်လည်ထုတ်ပေးနိုင်ရေးသည် ဘဏ်အတွက် အလွန်အရေးကြီးပါတယ်။ ဘဏ်များသည် ဖြစ်ခဲ့ပြီးသောပြဿနာများကို ရှောင်ရှားနိုင် ရန်နှင့် ခံနိုင်ရည်ရှိရန်အတွက် Liquidity Ratio ကို ၃၅ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းအတွင်းဂရုတစိုက် ထိန်းသိမ်းထားရှိနေရပါတယ်။ ဒါ့ကြောင့် အစိုးရငွေတိုက်စာချုပ်ဝယ်ယူခြင်းသည် ဘဏ်မှာရှိတဲ့ငွေပို ငွေလျှံများဖြင့် ဝယ်ယူခြင်းမဟုတ်ဘဲ ထုတ်ချေးရမည့်ငွေကို မချေးဘဲ ဝယ်ယူရခြင်းဖြစ်ပါကြောင်း

တင်ပြအပ်ပါတယ်။ နိုင်ငံတော်မှာ ရှိတဲ့ဘဏ်များကို ခွဲခြားကြည့်ပါက အစိုးရပိုင်ဘဏ်များ၊ ဘဏ်စစ်စစ်များရှိသလို အစိုးရပါဝင်သော ပုဂ္ဂလိကဘဏ်များ Semi Government Bank နှင့် ပုဂ္ဂလိကဘဏ်စစ်စစ်များဟူ၍လည်း ပိုင်းခြားရပါတယ်။ ပိုင်ဆိုင်မှုအနေဖြင့်လည်း အများပိုင်ဘဏ် Public Bank နှင့် ပုဂ္ဂလိကပိုင် Private Bank ဟူ၍ ခွဲခြားတွေ့ရှိရမှာဖြစ်ပါတယ်။ ပုဂ္ဂလိကပိုင် ဘဏ်များအနေဖြင့် အမြတ်ငွေခွဲဝေပေးဖို့အတွက် ပြဿနာမရှိသော်လည်း အများပိုင်ဘဏ်များ အနေဖြင့် အစုရှယ်ယာရှင်များကို ရှယ်ယာအမြတ်ငွေများ ပြန်လည်ခွဲဝေပေးရပါတယ်။ သင့်လျော် ကောင်းမွန်တဲ့ ရှယ်ယာ အမြတ်ငွေများပေးနိုင်ဖို့ အများပိုင်ဘဏ်များအနေဖြင့် အတော့်ကို ကြိုးစားရပါတယ်။ ယခင်တင်ပြချက်နဲ့ပတ်သက်၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအတွင်းမှာ အဖွဲ့ဖွဲ့ပြီးတော့ သူတို့စိစစ်လေ့လာစေခဲ့ပါတယ်။ အဖွဲ့အတွင်း သဘောထားအမျိုးမျိုးရှိကာ ကင်းလွတ်ခွင့် ပေးသင့်ပါတယ်လို့ ဆုံးဖြတ်အကြံပြုချက်တွေလည်းရှိခဲ့ပါတယ်။ သို့သော်လည်း နောက်ဆုံးမှာ ငွေတိုက်စာချုပ်ဝယ်ယူစုဆောင်းခြင်းသည် စုဆောင်းခြင်း Saving မဟုတ်၊ ရင်းနှီးမြှုပ်နှံမှု Investment ဖြစ်တယ်လို့ ကောက်ချက်ချပြီး ပယ်ချခဲ့ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အခုကျွန်တော့် လက်ထဲမှာ ကျပ်ငွေတစ်သန်းတန် ငါးနှစ် သက်တမ်းရှိတဲ့ ငွေတိုက်စာချုပ် မိတ္တူတစ်စောင်ရှိပါတယ်။ စာချုပ်ထဲမှာ ကျပ်ငွေတစ်သန်းအား ပြန်လည်ထုတ်ပေးရန်အာမခံထားပြီး ၎င်းငွေအပေါ်မှ သတ်မှတ် ရာခိုင်နှုန်းဖြင့် ကျသင့်သည့်အတိုးငွေများကို နှစ်စဉ်မတ်လ ၁၅ ရက်နေ့နှင့် စက်တင်ဘာလ ၁၅ ရက် နေ့တွင် ထုတ်ပေးရန် အာမခံထားပါသည်လို့ ဖော်ပြထားပါတယ်။ ဗဟိုဘဏ်ဥက္ကဋ္ဌမှ လက်မှတ် ရေးထိုးထားပါတယ်။ ဒီစာချုပ်ကို အသေးစိတ်လေ့လာကြည့်ပါက နိုင်ငံတော်ရဲ့ အစီအမံဖြင့် ဆောင်ရွက်နေသော ငွေစုဆောင်းမှု အစီအစဉ် Saving ဖြစ်တယ်ဆိုတာ ပြည့်စုံပေါ်လွင်ပါတယ်။ သို့သော်လည်း Investment လို့ ကောက်ချက်ချတာနဲ့ပတ်သက်၍ ကျွန်တော်တို့ နားမလည်နိုင်အောင်ဖြစ်ရပါတယ်။ ဒါ့ကြောင့် ကျွန်တော်တင်ပြခဲ့တဲ့ စုဆောင်းငွေအပေါ် နဲ့ပတ်သက်ပြီးတော့ Saving, Investment ပေါ်က နေပြီးတော့မှ ကျွန်တော်တို့က ဒီလို ဆုံးဖြတ်ချက်ချလိုက်တဲ့အတွက် မရခဲ့တဲ့အခြေအနေ ဖြစ်ပါတယ်။ ဒါ့ကြောင့် ငွေတိုက်စာချုပ် ဝယ်ယူ စုဆောင်းငွေအပေါ်မှာ ရရှိသည့်အတိုးအပေါ် ဝင်ငွေခွန်ကင်းလွတ်ခွင့်ရရှိရေးနဲ့ ပတ်သက်ပြီးတော့ ဥပဒေနဲ့အညီ စဥ်းစားသုံးသပ် ခွင့်ပြုပေးနိုင်ပါရန် ထပ်မံ၍အဆိုပြုတင်ပြခြင်းဖြစ်ပါကြောင်း တင်ပြရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ လေးစားပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ အဆိုကိုထောက်ခံမယ့် ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဒေါ်နန်းဝါနု (ကွန်ဟိန်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မကတော့ ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနုဖြစ်ပါတယ်ရှင့်။ နိုင်ငံတော်အစိုးရက စီစဉ်ပေးတဲ့အစိုးရပိုင်ငွေတိုက် စာချုပ်ဝယ်ယူစုဆောင်းထားခြင်းကြောင့် ရလာတဲ့အတိုးတွေအပေါ်မှာ နိုင်ငံတော်အစိုးရက အခွန်ကောက်ခြင်းက မဖြစ်သင့်တဲ့ကိစ္စဖြစ်တဲ့အတွက်ကြောင့် ကျွန်မက ဦးမောင်မောင်သိမ်း၊ ခရမ်း မဲဆန္ဒနယ်ရဲ့အဆိုကို လှိုက်လှိုက်လှဲလှဲ ထောက်ခံပါတယ်ရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးမောင်မောင်သိမ်း တင်ပြတဲ့အဆိုနဲ့ပတ်သက်ပြီးတော့ မိမိဥက္ကဋ္ဌနဲ့လွှတ်တော် ဘက်ကစဉ်းစားစရာတစ်ခု ထပ်ပြီးတိုးလာပါတယ်။ တစ်ခုကအဆိုကို ထောက်ခံဆွေးနွေးဖို့ မူလအစီအစဉ် အတိုင်းဖြစ်ပြီးတော့ နောက်တစ်ခုကဥပဒေနှင့်အညီ ဗဟိုဘဏ်က ဆောင်ရွက်နေခြင်း ရှိ၊ မရှိဆိုတာ ပြန်လည်သုံးသပ်ရမယ့်သဘောဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မူလကတော့ ဒီအဆိုကို ထောက်ခံဆွေးနွေးမယ့်သူများရှိရင် သို့မဟုတ် ဆွေးနွေးမည့်သူများရှိလို့ရှိရင် နောက်တစ်ရက်ကို ချိန်းဆိုဖို့ မိမိတို့ရည်ရွယ်ထားသော်လည်း တင်ပြချက်ကို အသေအချာကြားနာတဲ့အခါမှာ ဥပဒေ ကြောင်းအရပါ ဆောင်ရွက်ရမယ့်ကိစ္စတစ်ခု ဖြစ်ပါတယ်။ မိမိတို့လွှတ်တော်သည် ဥပဒေပြုအာဏာကို ရယူထားသလို ဥပဒေပြုထားတဲ့ ဥပဒေများအတိုင်း သက်ဆိုင်ရာတာဝန်ရှိတဲ့ အဖွဲ့အစည်းတွေက ဆောင်ရွက်ခြင်း ရှိ၊ မရှိ ဆိုတာကိုလည်း စောင့်ကြည့်ရမယ့်တာဝန် ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဦးမောင်မောင်သိမ်း ခုနကတင်ပြတဲ့ အဆိုကို ပြည်သူ့လွှတ်တော်မှာ ဖွဲ့စည်းထားတဲ့ ဥပဒေကြမ်း ကော်မတီက လက်ခံစဉ်းစားပြီး အဆိုနဲ့ပတ်သက်ပြီး တင်ပြချက်အရ ဥပဒေနှင့်အညီသက်ဆိုင်ရာ ဘဏ်ကဆောင်ရွက်ခြင်း ရှိ၊ မရှိ လေ့လာသုံးသပ်ပြီး ပြန်လည်တင်ပြပါ။ အဲဒီနောက်မှ ဦးမောင်မောင်သိမ်းရဲ့အဆိုကို ဆက်လက်ဆွေးနွေးပါ။ ဒီလိုလေ့လာသုံးသပ် တင်ပြတယ်ဆိုတဲ့နေရာမှာ မိမိတို့လွှတ်တော်များသည် ဥပဒေပြု တာဝန်ရှိပါတယ်။ ဥပဒေဆိုတဲ့ နေရာမှာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်၊ ကျော်ငြာစာလက်စွဲအထိ ဥပဒေများ ဖြစ်ပါတယ်။ ဥပဒေမှာ ဘာပါအကျုံးဝင်သလဲဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေလည်းပါပါတယ်။ထိုနည်းတူစွာပဲ ရှေ့နေချုပ်ရုံးက ဥပဒေများလည်းပါပါတယ်။ ထိုနည်းတူစွာပဲ ဒီနေ့ကော်မရှင်၊ ရွေးချယ်တင်မြှောက်ပွဲ ကော်မရှင်၊ အဲဒီအတိုင်းပဲ တရားရုံးအသီးသီးက Manage လုပ်ထားတဲ့ ဥပဒေများလည်းပါပါတယ်။ မိမိတို့ လွှတ်တော်တွေကတော့ မူလဥပဒေကိုပဲ ပြုလိုက်ပြီးတော့ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့် ညွှန်ကြားချက်၊ ကျော်ငြာစာ Manual ခေါ်တဲ့ လက်စွဲများကို သက်ဆိုင်ရာ ဆင့်ကဲဆင့်ကဲကနေပြီးတော့ ထုတ်ပြန်ပြီးဆောင်ရွက်ရပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဒီလိုပဲ အတိအလင်းပြဋ္ဌာန်းထား ပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ သက်ဆိုင်ရာတာဝန်ယူတဲ့ဌာနက ဒီဥပဒေတွေ ဆောင်ရွက်တဲ့

အခါမှာ ဥပဒေဆိုတဲ့အခါမှာ ခုနကဆင့်ကဲဆင့်ကဲပေါ်လာတဲ့ ဥပဒေဆောင်ရွက်တဲ့အခါမှာ မူလဥပဒေနဲ့ ညီညွတ်မှုမရှိသော ဆောင်ရွက်ချက်များ တွေ့ရှိလို့ရှိရင် လွှတ်တော်မှာ ပြန်လည်တင်ပြ ဆောင်ရွက်ဖို့ဆိုတဲ့ လွှတ်တော်ရဲ့တာဝန်ပိုင်းမှာလည်းရှိပါတယ်။ ဒါကြောင့်မို့လို့ ဒါကိုပြန်ရှင်းပြ ရမယ်ဆိုရင် ဒီဥပဒေနဲ့ပတ်သက်လို့ နယကအစိုးရလက်ထက်က ဖြစ်ရင်ဖြစ်မယ်၊ သို့မဟုတ်ရင် ယခင်ကနေ ထုတ်ပြန်ထားတဲ့ဥပဒေဖြစ်ရင်ဖြစ်မယ် ဥပဒေရှိပြီးပြီ။ ဒီဥပဒေကို ဆင့်ကဲဆင့်ကဲ ထုတ်ထားတဲ့ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက် ပြီးတဲ့အခါမှာ လက်စွဲများလည်းဆင့်ကဲဆင့်ကဲ ထုတ်ပြန်ထားပါလိမ့်မယ်။ ဒါကြောင့်မို့လို့ အဲလိုထုတ်ပြန်ထားတဲ့ ဟာတော့ ဥပဒေကတော့ နယက သို့မဟုတ် ဥပဒေထုတ်ခွင့်ရှိတဲ့ဌာနက အဖွဲ့အစည်းက ထုတ်ထားတာ ဖြစ်သော်လည်း နည်းဥပဒေနဲ့ ကျန်တဲ့အပိုင်းကျတဲ့အခါကြတော့ သက်ဆိုင်ရာကနေပြီးတော့ ထုတ်ပြန်ထားတာတွေရှိပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေကြမ်း ကော်မတီအနေနဲ့ ဦးမောင်မောင်သိမ်း တင်ပြချက်နှင့်ပတ်သက်ပြီးတော့ တင်ပြထားတာတွေကို မူလဥပဒေတင် မဟုတ်ဘဲနဲ့ ဆင့်ကဲဆင့်ကဲ ထုတ်ပြန်ထားတဲ့ ဥပဒေတွေကို ပြန်လည်လေ့လာသုံးသပ်ပြီး ဥပဒေကြမ်းကော်မတီရဲ့ သုံးသပ် အစီရင်ခံချက်ကို ပြည့်ပြည့်စုံစုံ တင်ပြပေးဖို့လိုပါမယ်။ လွှတ်တော်မှာ သို့မဟုတ်လို့ရှိရင် အခြားအဖွဲ့အစည်းတွေမှာ ခုနက ဆိုင်ရာဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ မရှိဘူးဆိုလို့ရှိရင်တော့ သက်ဆိုင်ရာဌာနကို တောင်းခံပြီးတဲ့ အခါမှာ ဒါများကို ပြန်လည်စိစစ်ဖို့ လိုပါတယ်။ ပြန်ချုပ်ပြောမယ်ဆိုလို့ရှိရင်တော့ ဦးမောင်မောင်သိမ်း တင်ပြတဲ့အဆိုသည် အဆိုကို ထောက်ခံဆွေးနွေးရုံတစ်ခုတည်းနဲ့ သို့မဟုတ်ရင် ကန့်ကွက်ဆွေးနွေးရုံနဲ့ မလုံလောက်ပါဘူး။ ဥပဒေကြောင်းအရ ပြန်လည်စိစစ်ပြီး ဆောင်ရွက်ရမယ့်ကိစ္စဖြစ်သည့်အတွက် ဥပဒေကြမ်းကော်မတီနဲ့ တင်ပြထားတဲ့ အချက်ပေါ်မူတည်ပြီးတော့ ဆက်လက်ဆောင်ရွက်သွားဖို့ လိုပါတယ်။ ဒါကြောင့်မို့လို့ ဦးမောင်မောင်သိမ်း တင်သွင်းတဲ့အဆိုကို ယနေ့တော့ ရက်သတ်မှတ်ပေးခြင်းမရှိဘဲနဲ့ ဥပဒေကြမ်း ကော်မတီက တင်ပြလာတဲ့အပေါ် မူတည်ပြီးတော့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**နိုင်ငံ့ဝန်ထမ်းများအား ရွေးချယ်ခန့်ထားရေး၊ ရာထူးတိုးမြှင့်ရေးများကို ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်ရေးနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးလှမြင့်ဦးအား အဆိုတင်သွင်းရန် ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၄း၀၃။**

**ဦးလှမြင့်ဦး(ပျဉ်းမနားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ယခု အစီအစဉ်မှာ နိုင်ငံ့ဝန်ထမ်းများအား ရွေးချယ်ခန့်ထားရေး၊ ရာထူးတိုးမြှင့်ပေးရေးကိစ္စများကို ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရေးကိစ္စကို မူလက အဆိုအဖြစ် တင်သွင်းရန်ဖြစ်သော်လည်း မေးခွန်းအဖြစ် ပြောင်းလဲမေးမြန်းခွင့်ပြုပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးလှမြင့်ဦး(ပျဉ်းမနားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြစေရန် ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပျဉ်းမနားမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်ဦး ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းများကတော့ နိုင်ငံ့ဝန်ထမ်းများ ရွေးချယ်ခန့်ထားရေး၊ ရာထူးတိုးမြှင့်ပေးရေးကိစ္စများနှင့် ပတ်သက်တဲ့ မေးခွန်းများဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၅)၊ ပုဒ်မ ၂၉၀ မှာ နိုင်ငံ့ဝန်ထမ်းများနဲ့ ပတ်သက်လို့ နိုင်ငံ့ဝန်ထမ်းများ ခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ အငြိမ်းစားယူခြင်း၊ ဝန်ထမ်းစည်းမျဉ်း စည်းကမ်းများကန့်သတ်ခြင်း၊ အမှုထမ်းစည်းကမ်းသတ်မှတ်ခြင်းနှင့် အရေးယူခြင်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်ရမယ်လို့ သတ်မှတ်ပြဋ္ဌာန်းထားပါတယ်။ နိုင်ငံ့ဝန်ထမ်းများနဲ့ ပတ်သက်လို့ လက်ရှိလိုက်နာကျင့်သုံးနေရတဲ့ တည်ဆဲဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများဟာ ခေတ်စနစ်နဲ့ မလျော်ညီလို့ ပြင်ဆင်၊ ပယ်ဖျက်အစားထိုးရန် လိုအပ်တဲ့ အချက်အလက် အနည်းငယ်မှအပ အခြေခံကျတဲ့ပြဋ္ဌာန်းချက်များ ပြည့်စုံစွာပါရှိပြီး ဖြစ်ပါတယ်။ ပြင်ဆင်ပယ်ဖျက်အစားထိုးရန် လိုအပ်တဲ့ အချက်အလက် ပြဋ္ဌာန်းချက်များကိုလည်း ပြုပြင်ပြီးတော့ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ဥပဒေသစ်တစ်ရပ်ကို အသစ်ပြဋ္ဌာန်းနိုင်ဖို့အတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့က ရေးဆွဲထားပြီးဖြစ်ကြောင်း ဝမ်းမြောက်ဖွယ်ရာ ကြားသိရပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီနေ့ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ကိစ္စရပ်များနဲ့ နိုင်ငံ့ဝန်ထမ်းများခန့်ထားခြင်းနှင့် ရာထူးတိုးမြှင့်ရေးကိစ္စရပ်များကို တည်ဆဲဥပဒေ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရေးနဲ့ ပတ်သက်ပါတယ်။ အားလုံးသိရှိပြီး ဖြစ်ကြတဲ့အတိုင်း အင်အားတစ်သန်းဝန်းကျင်ရှိတဲ့ နိုင်ငံ့ဝန်ထမ်းများဟာ နိုင်ငံတော်ယန္တရားကို သွက်လက်ထက်မြက်စွာ လည်ပတ်စေပြီး နိုင်ငံတော်သမ္မတကြီး မိန့်ကြားထားတဲ့ ကောင်းမွန်သော

အုပ်ချုပ်ရေးစနစ် Good Governance နဲ့ သန့်ရှင်းသောအစိုးရ Clean Government အကောင်အထည်ဖော်ဆောင် တည်ဆောက်ပေးနေတဲ့ အင်အားစုဖြစ်ပါတယ်။ ဒီအင်အားစုကို စနစ်တကျ စုဆောင်းရွေးချယ်ရေးဟာ အရေးကြီးသလို နိုင်ငံ့ဝန်ထမ်းလောကမှာ ဝန်ထမ်းမှုဆိုင်ရာ ခံစားမှုတစ်ရပ်ဖြစ်တဲ့ ရာထူးတိုးမြှင့်ရေး ခံစားခွင့်ကိုလည်း စနစ်တကျ ခံစားခွင့်ရရှိရေးဟာ အရေးကြီးပါတယ်။ ကျွန်တော်တင်ပြခဲ့တဲ့အတိုင်း နိုင်ငံတော်က ထုတ်ပြန်ထားတဲ့ တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များဟာပြည့်စုံပြီး ဖြစ်ပါတယ်။ သို့ရာတွင် တည်ဆဲပြဋ္ဌာန်းချက်များကို တချို့သော ဝန်ထမ်းအဖွဲ့အစည်းများက နိုင်ငံ့ဝန်ထမ်းများ စုဆောင်းရွေးချယ်ရေးမှာ တိတိကျကျ လိုက်နာဆောင်ရွက်မှု အားနည်းသဖြင့် နိုင်ငံ့ဝန်ထမ်းကောင်းများ စုဆောင်းရရှိရေးကို အကျိုးမရှိသည့်အပြင် နိုင်ငံ့တာဝန်ထမ်းဆောင်လိုသော နိုင်ငံသားများရဲ့ မူလအခွင့်အရေးကိုလည်း ဆုံးရှုံးစေပါတယ်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၉ မှာ နိုင်ငံသားများသည် ပြည်သူ့တာဝန်ထမ်းဆောင်သည့်အတွက် တူညီသောအခွင့်အလမ်းရရှိစေရမည်ဆိုတဲ့ ခံစားချက်ကိုလည်း ရရှိကြမှာ မဟုတ်ပါဘူး။ ပြန်တမ်းဝင်အရာရှိ၊ ရာထူးနေရာတစ်ခုတည်းအတွက် စုဆောင်းရွေးချယ်ပေးရန် တာဝန်ပေးအပ်ခြင်းခံရတဲ့ ပြည်ထောင်စုရာထူးဝန်အဖွဲ့လို အဖွဲ့အစည်းမျိုးနဲ့ အချို့သော ဝန်ထမ်းအဖွဲ့အစည်းများက ပြဋ္ဌာန်းချက်များအတိုင်း စနစ်တကျ အစဉ်တစိုက် လိုက်နာဆောင်ရွက်ကြကြောင်း လေ့လာတွေ့ရှိရပါတယ်။ စံနမူနာယူဖွယ်ရာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ သို့သော်လည်း အချို့သော ဝန်ထမ်းအဖွဲ့အစည်းများက ပြဋ္ဌာန်းချက်အတိုင်း လိုက်နာဆောင်ရွက်ခြင်းမရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ အားနည်းပျက်ကွက်မှုများကို ကောက်နုတ်ဖော်ပြရလျှင် သတ်မှတ်ထားတဲ့ လစ်လပ်နေရာအတွက် ကြော်ငြာခေါ်ယူမှု၊ အသိပေးကြေညာချက်ထုတ်ပြန်မှု၊ တည်ဆဲဖြစ်တဲ့ အလုပ်သမားမှတ်ပုံတင်ရုံးများမှ စာရင်းတောင်းယူဆောင်ရွက်မှု၊ သတ်မှတ်သည့် ဝင်ပေါက်ရာထူး စည်းကမ်းသတ်မှတ်ချက်ကို မလိုက်နာမှု စသည်တို့ဖြစ်ပါတယ်။ သတ်မှတ်ချက်အတိုင်း လိုက်နာဆောင်ရွက်မှုမရှိဘဲ လက်သိပ်ထိုးခေါ်ယူခန့်ထားမှု၊ စုဆောင်းမှုများဟာ အသင့်တော်ဆုံး နိုင်ငံ့ဝန်ထမ်းကောင်းများရရှိရေးကို အကျိုးမပြုသည့်အပြင် နိုင်ငံတော်က ပြဋ္ဌာန်းထားတဲ့ နိုင်ငံ့ဝန်ထမ်းများကို သတ်မှတ်သော အရည်အချင်းများနဲ့ ပြည့်စုံသူများအနက် ယှဉ်ပြိုင်စနစ်ဖြင့် ရွေးချယ်ခန့်ထားရေးစနစ်ကိုလည်း ဆန့်ကျင်သွေဖည်ရာရောက်နေပါတယ်။ ဒါ့ကြောင့် ဒီကိစ္စများကို ပပျောက်အောင် မည်သို့စီစဉ်ဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။

ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံ့ဝန်ထမ်းများ စုဆောင်း ရွေးချယ်ရေးနဲ့ပတ်သက်လို့ ဆက်လက်တင်ပြလိုတဲ့ အချက်တစ်ခုက နိုင်ငံ့ဝန်ထမ်း ဝင်ပေါက်ရာထူး တိုင်းကို နေရာလစ်လပ်မှုအပေါ်မူတည်ပြီး အချိန်အခါအလိုက် စုဆောင်းရွေးချယ်ရေး ဖြစ်ပါတယ်။ လစ်လပ်နေရာများရှိပါလျက် နှစ်ကာလကြာမြင့်စွာ ပြင်ပမှခေါ်ယူစုဆောင်းခြင်းမပြုသည့် ဝန်ထမ်း အဖွဲ့အစည်းများလည်းရှိကြောင်း သိရှိရပါတယ်။ ဌာနတွင်းဝန်ထမ်းများအား သတ်မှတ်လုပ်သက် ပြည့်မီပြီး သတ်မှတ်အရည်အချင်းပြည့်စုံသည့်အခါ ရာထူးတိုးမြှင့်ပေးခြင်းဖြင့် လစ်လပ်နေရာများ ဖြည့်ဆည်းပေးနိုင်သလို ဌာနအတွက် သွေးသစ်လောင်းတဲ့အနေနဲ့ ပြင်ပမှပုဂ္ဂိုလ်များ စုဆောင်း ရွေးချယ်ရေးကိုလည်း အခါအားလျော်စွာ စဉ်းစားဆောင်ရွက်သင့်ပါတယ်။ ပြန်တမ်းဝင်အရာရှိ စုဆောင်းရွေးချယ်ရေး တာဝန်ခံဆောင်ရွက်ရတဲ့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ကတစ်ဆင့် နှစ်ကာလ လေး၊ ငါး၊ ခြောက်နှစ်ကျော်ကြာ တစ်ကြိမ်တစ်ခါမှ ကြော်ငြာထုတ်ပြန်ခေါ်ယူခြင်းမရှိသည့် ဝန်ထမ်းအဖွဲ့အစည်းများ ရှိနေကြောင်းလည်း ကြားသိရပါတယ်။ ဒီလိုအချိန်အခါအလျောက် စုဆောင်းရွေးချယ်ခြင်း မပြုလုပ်ခြင်းဟာ ဝန်ထမ်းအဖွဲ့အစည်းများအတွင်း ခါးဆက်ပြတ်ခြင်း ဖြစ်ပေါ်စေပြီး လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှု Human Resource Management မှာ အားနည်းစေပါတယ်။ ထိုက်တန်တဲ့ ဘွဲ့ရလူငယ်များ အလုပ်အကိုင်ရရှိရေးကိုလည်း ထိပါးစေပါတယ်။ ဒါကြောင့် နိုင်ငံ့ဝန်ထမ်း ဝင်ပေါက်ရာထူးအလိုက် အခါအားလျော်စွာ စုဆောင်းရွေးချယ်ရေးနှင့် ပတ်သက်၍ မည်သို့ ညှိနှိုင်းဆောင်ရွက်ရန် အစီအစဉ်များ ရှိသည်ကို သိရှိလိုပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ နောက်မေးခွန်းတစ်ခုကတော့ နိုင်ငံ့ဝန်ထမ်းများ ရာထူးတိုးမြှင့်ရေးကိစ္စ ဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းများ ရာထူးတိုးမြှင့်ပေးရေးနှင့် ပတ်သက်ပြီး နိုင်ငံတော်က စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ တိတိကျကျ သတ်မှတ်ထားပြီး ဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်စာစောင်ပါ ဝန်ထမ်းများ၏ ဝန်ထမ်းမှုဆိုင်ရာ ခံစားခွင့်များ၊ တာဝန် ထမ်းဆောင်မှုကို အကြောင်းပြုသော ခံစားခွင့် များအပိုင်းမှာ ရာထူးအလိုက် သတ်မှတ်ထားသော ပညာအရည်အချင်း၊ ကျွမ်းကျင်မှု၊ ပညာ အရည်အချင်းနှင့် ရာထူးနဲ့ပြည့်စုံသည့် ဝန်ထမ်းသည် တည်ဆဲလုပ်ထုံးလုပ်နည်းနဲ့အညီ ရာထူး တိုးမြှင့်ခြင်း ခံစားခွင့်ရှိသည်လို့ ဆိုထားပါတယ်။ တည်ဆဲလုပ်ထုံးလုပ်နည်းများနဲ့အညီလို့ ဆိုထားတဲ့ အတွက် တည်ဆဲလုပ်ထုံးလုပ်နည်းများကို ဝန်ထမ်းအဖွဲ့အစည်းများက တိတိကျကျလိုက်နာ ဆောင်ရွက်ကြရန် အင်မတန်မှ အရေးကြီးပါတယ်။ ရာထူးတိုးမြှင့်ရေးလမ်းကြောင်း line of Promotion မှန်ကန်မှုမရှိပဲ၊ စုပေါင်းစပ်ပေါင်းစဉ်းစားခြင်း လက်ရှိအဆင့်ရသည့်နေ့ကို မူတည်ပြီး

ဖြစ်စေ၊ ဝင်ရောက်သည့်အသုတ်ကိုဖြစ်စေ၊ အခြေခံစဉ်းစားသင့်ပါလျက် မိမိလိုလားသူ လုပ်သက်နု ဝန်ထမ်းပါဝင်နိုင်ရေးအတွက် ရာထူးတိုးမြှင့်ပေးသင့်သည့်အချိန်တွင် မဆောင်ရွက်ဘဲ မိမိလိုလားသူ ဝန်ထမ်း လုပ်သက်ပြည့်သည့်အခါမှ တစ်ပေါင်းတည်းစဉ်းစား ရာထူးပေးခြင်းမျိုးရှိနေကြောင်းလည်း ကြားသိရပါတယ်။ ဒီကိစ္စများ ပပျောက်အောင် မည်သို့ စီစဉ်ထားကြောင်း သိရှိလိုပါတယ် ခင်ဗျား။

ရာထူးတိုးမြှင့်ပေးခြင်းနဲ့ ပတ်သက်လို့ ဆက်စပ်တင်ပြလိုတဲ့ နောက်ဆုံးအချက်ကတော့ ရာထူးတိုးမြှင့်ပေးရေးနှင့် ပတ်သက်၍ လက်ရှိအဆင့်မှာရှိရမယ့် လုပ်သက်အရည်အချင်းများကို တိတိကျကျ သတ်မှတ်ထားသော်လည်း လုပ်ငန်းတာဝန်များကို ထူးကဲစွာ စွမ်းစွမ်းတမံဆောင်ရွက်ကြတဲ့ ဝန်ထမ်းများအား သတ်မှတ်လုပ်သက်အရည်အချင်းများကို လျှော့ပေါ့ပြီး အထူးကိစ္စတစ်ရပ်အနေနဲ့ ရာထူးတိုးမြှင့်ပေးရေးကို နိုင်ငံတော်က ၁၉၉၂ ခုနှစ်မှာ ညွှန်ကြားချက်ထုတ်ပြန်ခွင့်ပြုခဲ့ပါတယ်။ နိုင်ငံတော်ရဲ့ စေတနာက ထိုက်သင့်သည့်ဝန်ထမ်းများကို ချီးမြှင့်နိုင်ရေးအတွက်၊ ဝန်ထမ်းအဖွဲ့အစည်းများအတွင်း ခါးဆက် မပြတ်စေရေးအတွက် အရည်အချင်း ရှစ်ချက်သတ်မှတ်ပြီး ဒီအရည်အချင်းများနဲ့ ပြည့်စုံသူများကို အထူးကိစ္စတစ်ရပ်အဖြစ် ရာထူးတိုးမြှင့်ပေးရန် စဉ်းစားခွင့်ပြုခဲ့ခြင်း ဖြစ်ပါတယ်။ ဒီလို အထူးကိစ္စရာထူးတိုးမြှင့်ပေးရေးနှင့်ပတ်သက်လို့ ဝန်ထမ်းများ မည်သို့ခံစားခွင့်ရှိကြောင်းကိုလည်း သိရှိလိုပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့် မေးခွန်းများဟာ လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုပြီး နိုင်ငံ့ဝန်ထမ်းများ အကျိုးအတွက် နိုင်ငံတော်က ဆောင်ရွက်ချက်များကို ပြည်သူများ ပိုမိုသိရှိနိုင်ရန် မေးမြန်းရခြင်း ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

[ဦးလှမြင့်ဦး၊ ပျဉ်းမနားမဲဆန္ဒနယ်၏ အဆိုအား မေးခွန်းအဖြစ် ပြောင်းလဲမေးမြန်းပါသည်။]

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် ကိုယ်စားလှယ်က ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၄း ၀၅။**

**ဦးကျော်သူ(ဥက္ကဋ္ဌ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ

ဖြစ်ပြီး ယနေ့ ပြည်သူ့လွှတ်တော် သတ္တမနေ့မှာ ပျဉ်းမနားမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးမှ နိုင်ငံ့ဝန်ထမ်းများ ရွေးချယ် ခန့်ထားရေး၊ ရာထူးတိုးမြှင့်ရေးကိစ္စရပ်များကို ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရေးနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းနဲ့ ပတ်သက်ပြီး ယခင်ကတော့ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးလို့ခေါ်တဲ့ ယခုအခါမှာ ပြည်ထောင်စု ရာထူးဝန်အဖွဲ့အနေဖြင့် နိုင်ငံ့ဝန်ထမ်းများဆိုင်ရာ ဥပဒေပြဋ္ဌာန်းခြင်း၊ ရွေးချယ်ခန့်ထားရေး၊ ရာထူး တိုးမြှင့်ရေးနှင့်စပ်လျဉ်းပြီး အရင်က ဆောင်ရွက်ခဲ့တဲ့အခြေအနေတွေ ယခု ဆောင်ရွက်လျက်ရှိတဲ့ အနေအထားနဲ့ ရှေ့ဆက်လက်ဆောင်ရွက်သွားမယ့် အစီအစဉ်တို့ကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ အနှစ်ချုပ်ပြီးတော့ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ဥပဒေပြဋ္ဌာန်းခြင်းအပိုင်းကို ဦးစွာ တင်ပြလိုပါတယ်။ နိုင်ငံ့ဝန်ထမ်း ဥပဒေပိုင်းဆိုင်ရာနဲ့ ပတ်သက်ပြီးတော့ ရှင်းလင်းတင်ပြရမယ်ဆိုလျှင် ယခင်က ၁၉၇၇ ခုနှစ်က ထုတ်ပြန်ခဲ့တဲ့ ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥပဒေဟာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်က ပြဋ္ဌာန်းခဲ့တဲ့ဥပဒေ ဖြစ်ပြီး လက်ရှိအခြေအနေများနဲ့ လိုက်လျောညီထွေဖြစ်စေဖို့အတွက် နိုင်ငံတော်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီရဲ့ ၂၈-၁၀-၂၀၁၀ ရက်စွဲပါ ဥပဒေအမှတ် ၂၄/၂၀၁၀ ဖြင့် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥပဒေကို ပြဋ္ဌာန်းခဲ့တာ အားလုံးအသိဖြစ်ပါတယ်။ ဒီဥပဒေကို အခြေခံပြီးတော့လည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးရဲ့ ၃၀-၃-၂၀၁၁ ရက်စွဲပါ ကြေညာချက် အမှတ် ၆/၂၀၁၁ ဖြင့် လက်ရှိပြည်ထောင်စုရာထူးဝန်အဖွဲ့ကို ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါ အတည်ပြုပြဋ္ဌာန်းပြီးဖြစ်တဲ့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေနှင့်အညီ လိုက်လျောညီထွေစွာ လိုက်နာ ကျင့်သုံးနိုင်ဖို့အတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ နည်းဥပဒေမူကြမ်းကို ရေးဆွဲပြုစုပြီးတဲ့ အခါမှာ ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ အကြံပြုသဘောထားမှတ်ချက်များကို လုပ်ထုံးလုပ်နည်းနဲ့ အညီ တောင်းခံရယူခြင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဥပဒေစကားရပ်များနဲ့အညီ ပြန်လည် ပြင်ဆင်ပြုစုပြီးနောက် ပေးပို့လာတဲ့ ဥပဒေမူကြမ်းကို နိုင်ငံတော်သမ္မတရုံးသို့ သိရှိလမ်းညွှန်မှုပြုနိုင် ပါရန် တင်ပြခြင်းများ ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ ယခုလို နိုင်ငံတော်သမ္မတရုံးကို တိုက်ရိုက် တင်ပြလမ်းညွှန်မှုနာယူရခြင်းဟာလည်း ပြည်ထောင်စုရာထူးဝန်အဖွဲ့ဟာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၆ (က)အရ နိုင်ငံတော်သမ္မတရဲ့ တိုက်ရိုက်ကွပ်ကဲမှု အောက်မှာရှိတဲ့ အဖွဲ့အစည်းဖြစ်တဲ့အတွက် နိုင်ငံတော်သမ္မတထံ အသိပေးတင်ပြ လမ်းညွှန်မှုခံယူရ ခြင်း ဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတထံမှ လမ်းညွှန်မှုရရှိပြီးတဲ့နောက်မှာလည်း ထုတ်ပြန်ထားရှိပြီးဖြစ်တဲ့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေ ပုဒ်မ ၂၇(က)နှင့်အညီ ပြည်ထောင်စုရာထူးဝန်အဖွဲ့နည်းဥပဒေကို ထုတ်ပြန်နိုင်ဖို့အတွက် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးကို တင်ပြခွင့်ပြုချက်ရယူနိုင်ဖို့ စီစဉ် ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥပဒေ ၁၉၇၇ နည်းတူပဲ အခြား နိုင်ငံ့ဝန်ထမ်းများနှင့်သက်ဆိုင်တဲ့ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့် ခေတ်စနစ်နဲ့ လျော်ညီအောင် ပြင်ဆင်ဖို့၊ ပယ်ဖျက်ဖို့၊ အစားထိုးဖို့ ဆောင်ရွက်ဖို့လိုတဲ့ အချက်များလည်း ရှိပါတယ်။ နိုင်ငံ့ဝန်ထမ်း များရဲ့ တာဝန်နဲ့လုပ်ပိုင်ခွင့်ကို တိတိကျကျ ပြဋ္ဌာန်းပေးနိုင်စေဖို့အလို့ငှာ ယခုဆိုရင် နိုင်ငံ့ဝန်ထမ်း ဆိုင်ရာ ပြည်ထောင်စုဥပဒေမူကြမ်းကို ဤအဖွဲ့အနေဖြင့် ရေးသားပြုစု ထားရှိပါတယ်။ အဆိုပါဥပဒေ မူကြမ်းကိုလည်း ခုနတင်ပြခဲ့တဲ့အတိုင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ သဘောထား မှတ်ချက်ရယူခြင်း၊ နိုင်ငံတော်သမ္မတထံသို့ တင်ပြလမ်းညွှန်မှုခံယူခြင်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်သို့ တင်ပြလမ်းညွှန်မှုခံယူခြင်းများ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါကတော့ နိုင်ငံ့ဝန်ထမ်းများနှင့် ပတ်သက်တဲ့ ဥပဒေ၊ နည်းဥပဒေများနှင့် စပ်လျဉ်းပြီး ကျွန်တော်တို့ အဖွဲ့အနေနဲ့ ဆောင်ရွက်ထားရှိမှု အခြေအနေနဲ့ ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်တို့ကို အသိပေးရှင်းလင်း တင်ပြခြင်း ဖြစ်ပါတယ်။

ဒုတိယအနေဖြင့် နိုင်ငံ့ဝန်ထမ်းများ ရွေးချယ်ခန့်ထားခြင်း အပိုင်းကို ရှင်းလင်းတင်ပြလိုပါ တယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်ဦးရဲ့မေးခွန်းမှာ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းရွက်လိုသူများ တူညီသောအခွင့်အလမ်းရရှိစေရေးနဲ့ပတ်သက်ပြီး ဒီအဖွဲ့အနေဖြင့် ပြန်တမ်းဝင်အရာရှိ ဝင်ပေါက်ရာထူးနေရာအတွက် ဆောင်ရွက်လျှက်ရှိတဲ့ လုပ်ထုံးလုပ်နည်းစနစ်ကို ဆက်လက်ပြီးတော့ အသိပေးရှင်းလင်းလိုပါတယ်။ သက်ဆိုင်ရာအဖွဲ့အစည်း၊ ဝန်ကြီးဌာနများမှ ဝင်ပေါက်ရာထူး ပြန်တမ်းဝင်အရာရှိနေရာအတွက် ၎င်းတို့ရဲ့ဖွဲ့စည်းပုံအရ လစ်လပ်ရာထူးနေရာနဲ့ သုံးပုံနှစ်ပုံအင်အားအခြေအနေပေါ် မူတည်ပြီးတော့ ဦးဆုံး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကို တင်ပြ ခွင့်ပြုချက်ရယူရပါတယ်။ ခွင့်ပြုချက်ရပြီးနောက်မှာတော့ မိမိတို့အဖွဲ့သို့ စုဆောင်းရွေးချယ် ပေးရန် လစ်လပ်တဲ့ ရာထူးနေရာ၊ အသက်ကန့်သတ်ချက်၊ ပညာအရည်အချင်း၊ ဌာနဆိုင်ရာရဲ့ သီးခြား ကန့်သတ်ချက်၊ လိုအပ်ချက် စသည်တို့ဖြင့် သီးခြားအဆိုပြုကမ်းလှမ်းလာတဲ့အခါမှာ ကျွန်တော်တို့ လစဉ်ပုံမှန်ပြုလုပ်တဲ့ အဖွဲ့အစည်းအဝေးမှာ ဒီအဆိုပြုချက်အမှာစာကို တင်ပြပြီးတော့ အဖွဲ့ရဲ့ ဆုံးဖြတ်ချက်အရ ကြော်ငြာများခေါ်ယူဖို့ ဆောင်ရွက်ပါတယ်။ ကြော်ငြာများ ထုတ်ပြန်ရာမှာလည်း မြန်မာ၊ အင်္ဂလိပ်၊ သတင်းစာ လေးစောင်မှာ တစ်ရက်ခြားစီ ထည့်သွင်းပြီးတော့ ကြော်ငြာပါတယ်။

ဒီ့အပြင် နေပြည်တော်နဲ့ ရန်ကုန် ရုံးခွဲတို့မှာရှိတဲ့ ကြော်ငြာသင်ပုန်းတွေမှာ ကပ်ပြီးတော့ လည်းကောင်း၊ မိမိတို့အဖွဲ့ရဲ့ Website မှာ လွှင့်တင်ပြီးတော့လည်းကောင်း ကျယ်ကျယ်ပြန့်ပြန့် အသိပေးကြော်ငြာပါတယ်။ ဒီလို ကြော်ငြာခေါ်ယူပြီးတဲ့နောက် သတ်မှတ်အထောက်အထား၊ စာရွက်စာတမ်းများ ပြည့်စုံစွာပူးတွဲပြီးတော့ အဆိုပြုရာထူးအတွက် လျှောက်ထားလာတဲ့ ပြင်ပမှဖြေဆိုမယ့်ပုဂ္ဂိုလ်များ ထို့အပြင် လက်ရှိတာဝန်ထမ်းဆောင်နေတဲ့ နိုင်ငံ့ဝန်ထမ်းထဲကလည်း ဖြေဆိုလိုသူများဟာ နေပြည်တော်မှာ စာစစ်ဌာနဖွင့်လှစ်ပြီးတော့ မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ ဘာသာရပ်မေးခွန်းသုံးခုကို ရေးဖြေစာမေးပွဲ စစ်ဆေးမှုခံယူရပါတယ်။ ဒီရေးဖြေစာမေးပွဲအောင်မြင်ပြီးတဲ့နောက်မှာ လျှောက်ထားရာထူးအတွက် သင့်လျော်သူများကို အဖွဲ့ရဲ့အစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် လူတွေ့စစ်မေးမယ့်ဦးရေ အတည်ပြုသတ်မှတ်ပြီး နေပြည်တော်မှာ ပထမနေ့မှာတော့ လျှောက်ထားသူရဲ့ စိတ်အခြေအနေကို မိမိတို့အဖွဲ့မှာရှိတဲ့ ကျွမ်းကျင်သူများဖြင့် စစ်ဆေးမှုပြုလုပ်ပြီး ဒုတိယနေ့မှာတော့ တစ်ဦးချင်းကို အဖွဲ့ဝင် ဒုတိယဝန်ကြီးများ ပါဝင်တဲ့အဖွဲ့ဖြင့် လူတွေ့နှုတ်ဖြေ စစ်ဆေးမှုပြုလုပ်ပါတယ်။ ဒီလိုနှုတ်ဖြေစစ်ဆေးရာမှာလည်း ရုပ်ပိုင်းဆိုင်ရာ အရည်အသွေး၊ တည်ကြည်ဖြောင့်မတ်မှု၊ သွက်လက်ပြတ်သားမှု၊ ထိုးထွင်းဉာဏ်ကောင်းမှု၊ ပြည်တွင်းပြည်ပ ဗဟုသုတရှိမှု၊ လုပ်ငန်းနဲ့ပတ်သက်တဲ့ ဗဟုသုတရှိမှုအပြင် အခြားအဆင့်မြင့်ဘာသာရပ်ဆိုင်ရာဘွဲ့၊ ဒီဂရီများရရှိမှု အခြေအနေတို့ကိုလည်း အဓိကထားပြီးတော့ စစ်ဆေးမေးမြန်းပြီးတော့ အကဲဖြတ် အမှတ်ပေးခြင်း ပြုလုပ်ပါတယ်။ ဒီတစ်ဆင့်ကို ကျော်လွန်ပြီးတဲ့ နောက်မှာတော့ ရမှတ်အများ၊ အနည်းပေါ် မူတည်ပြီး ကြီးစဉ်ငယ်လိုက်ဇယားရေးဆွဲပြီးနောက် လစ်လပ်တဲ့ ရာထူးနေရာအတွက် အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များပါဝင်တဲ့ ဘုတ်အဖွဲ့ဖြင့် ရွေးချယ်ပေးတဲ့ကျင့်စဉ်ကို ကျင့်သုံးပါတယ်။ ဒီလိုရေးဖြေ၊ နှုတ်ဖြေအားလုံးဖြေဆိုပြီးတဲ့အခါမှာ ပြင်ပမှဖြေဆိုသူများ ရှိသကဲ့သို့ ဝန်ကြီးဌာနအဖွဲ့အစည်းများမှလည်း အသက်သတ်မှတ်အရည်အချင်းများနဲ့ ကိုက်ညီသူများကိုလည်း ဖြေဆိုခွင့်ပြုတဲ့အတွက် အခွင့်အရေးအနေဖြင့် တန်းတူရှိစေဖို့ စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၀-၂၀၁၁ လေ့ကျင့်ရေးနှစ် စာရင်းဇယားများကို သာဓကပြုပြီး တင်ပြရပါလျှင် ပြီးခဲ့တဲ့နှစ်မှာ နိုင်ငံ့ဝန်ထမ်းများ ဖြေဆိုအောင်မြင်မှုဟာ ၂၇.၃ ရာခိုင်နှုန်းရှိခဲ့ပြီး ပြင်ပမှလျှောက်ထားဖြေဆိုသူ အောင်မြင်မှုဟာ ၇၂.၇ ရာခိုင်နှုန်းရှိခဲ့တာကို ကြည့်ခြင်းအားဖြင့် နိုင်ငံ့တာဝန်ထမ်းဆောင်ဆဲ နိုင်ငံ့ဝန်ထမ်း လေးပုံတစ်ပုံဟာ ပြန်တမ်းဝင်အရာရှိဖြစ်ဖို့ အခွင့်အလမ်းများရရှိသကဲ့သို့ နိုင်ငံ့တာဝန်ထမ်းရွက်လိုသော နိုင်ငံ့သားကောင်းများ လေးပုံသုံးပုံဟာလည်း သွေးသစ်လောင်းရွေးချယ်ခြင်းခံနိုင်ကြောင်း တွေ့မြင်ရပါတယ်။ ရေးဖြေ၊ နှုတ်ဖြေ ဖြေဆိုအောင်မြင်တဲ့ ပြင်ပမှပုဂ္ဂိုလ်များကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ရဲ့

ကွပ်ကဲမှုအောက်မှာရှိတဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ်များမှာ ဖွင့်လှစ်တဲ့ အရာထမ်းလောင်း အခြေခံ သင်တန်းသို့ ရက်သတ္တ ၁၄ ပတ် တက်ရောက်စေပါတယ်။ ဒီသင်တန်းအောင်မြင်ပြီး နောက်မှာ ဒီရာထူးနေရာအတွက် ရေးဖြေ၊ နှုတ်ဖြေ ဖြေဆိုအောင်မြင်တဲ့ ဌာနဆိုင်ရာဝန်ထမ်းများနဲ့အတူ သက်ဆိုင်ရာဝန်ကြီးဌာနသို့ တစ်နေ့တည်း၊ တစ်ရက်တည်းမှာပင် သတင်းပို့စေပြီး အဲဒီသတင်းပို့တဲ့ နေ့ကစတင်ပြီး ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်ထားတဲ့အတွက် ဒါကိုကြည့်ခြင်းအားဖြင့်လည်း သာတူညီမျှ အခွင့်အရေးရရှိစေဖို့အတွက် စီစဉ်ဆောင်ရွက်ပေးထားတာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။ ယခင်နှစ်ရဲ့ အတွေ့အကြုံအရ ၂၀၁၀ ဇန်နဝါရီလ ၁ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ဒီအဖွဲ့မှ ကြော်ငြာခေါ်ယူပေးခဲ့တဲ့ ဝန်ကြီးဌာနပေါင်းဟာ ကိုးခု ရှိပါတယ်။ ကြော်ငြာခေါ်ယူခဲ့တဲ့ အကြိမ်ပေါင်း ၁၀ ကြိမ်၊ လျှောက်ထားသူအရေအတွက် ၁၁၆၃၃ ဦး၊ ၎င်းအနက် ရွေးချယ်ခန့်ထားခဲ့သူ ၂၂၉ ဦး ရှိခဲ့ပါတယ်။ ဒီအတွက်လျှောက်ထားသူနဲ့ ရွေးချယ်ခန့်ထားခြင်းခံရသူ Applicants to Post Ratio (APR)index ကိုကြည့်ရင် ၅၀.၈ ရှိပါတယ်။ ရာခိုင်နှုန်းအားဖြင့်ဆိုလို့ရှိရင် လျှောက်ထားသူ ၁၀၀ ဦး မှာ ၂ ဦး အောင်မြင်စွာရွေးချယ် ခန့်ထားခြင်းခံရသည့် အနေအထားမှာရှိကြောင်း တွေ့မြင်ရမှာ ဖြစ်ပါတယ်။

အခုတင်ပြပါလုပ်ငန်းစဉ်အဆင့်ဆင့်ဟာ ပြည်ထောင်စုရာထူးဝန်အဖွဲ့က စီမံခန့်ခွဲရတဲ့ ပြန်တမ်းဝင်အရာရှိ ဝင်ပေါက်ရာထူးအတွက်သာ ဒီအဖွဲ့ကိုလုပ်ပိုင်ခွင့် (Mandate) ပေးထားတဲ့ အပေါ် ရှင်းလင်းတင်ပြခြင်း ဖြစ်ပါတယ်။ ပြန်တမ်းဝင်အရာရှိမဟုတ်တဲ့ အမှုထမ်းများ စုဆောင်း ခေါ်ယူတဲ့အပိုင်းကတော့ သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းများကနေပြီး ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးကို တင်ပြခွင့်ပြုချက်ရယူပြီး ၎င်းတို့ရဲ့ စီမံခန့်ခွဲမှုအစီအစဉ်အရ ရွေးချယ်ခန့်ထားခြင်း ဖြစ်ပါတယ်။ ကျွန်တော်ခုနကတင်ပြခဲ့တဲ့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရဲ့ ပြန်တမ်းဝင်အရာရှိစုဆောင်းပုံ လုပ်နည်းစနစ်ကို နမူနာထားပြီး အမှုထမ်းများရွေးချယ်သွားနိုင်မယ်ဆိုရင် အသင့်တော်ဆုံးသော နိုင်ငံ့ ဝန်ထမ်းများ စုဆောင်းရရှိနိုင်မှာ ဖြစ်ပါကြောင်းလည်း ဖြေကြားတင်ပြလိုပါတယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးလှမြင့်ဦးရဲ့မေးခွန်းမှာ တချို့ဝန်ကြီးဌာနများသည် အကြောင်းအမျိုးမျိုးကြောင့် လစ်လပ်ရာထူးနေရာများကို ပုံမှန်ဖြည့်တင်းနိုင်ခြင်းမရှိတဲ့အတွက် နှစ်ကာလအနည်းငယ်ကြာပြီးမှ ကြော်ငြာခေါ်ယူစုဆောင်းနိုင်ခြင်း၊ သို့အတွက်လည်း ဝန်ထမ်းအဖွဲ့အစည်းအတွင်းမှာ ခါးဆက် ပြတ်ခြင်းရှိနိုင်သည်ဆိုသည့်အချက်ဟာ ထိုက်သင့်သလောက် မှန်ကန်တဲ့အနေအထားမှာရှိကြောင်း တွေ့ရပါတယ်။ သို့အတွက်လည်း အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများအနေနဲ့ မိမိရုံးဌာနများမှာ နိုင်ငံ့ဝန်ထမ်းများ ခါးဆက်ပြတ်မှုမရှိရလေအောင် မိမိတို့ဌာနအလိုက် ဝင်ပေါက်ရာထူးပြန်တမ်းဝင်

အရာရှိလစ်လပ်မှုကို မျက်ခြေမပြတ် လေ့လာချိန်ဆပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရဲ့ ခွင့်ပြုချက်ရယူပြီး မိမိတို့အဖွဲ့ကိုအဆိုပြု ကမ်းလှမ်းလာမယ်ဆိုရင် မိမိတို့အဖွဲ့အနေဖြင့် စည်းစနစ်တကျ စုဆောင်းရွေးချယ်ခန့်ထား ပေးသွားမည် ဖြစ်ပါကြောင်းလည်း ဖြေကြားလိုပါတယ်။ နိုင်ငံ့ဝန်ထမ်းများအား ရာထူးတိုးမြှင့်ခြင်း ဆိုင်ရာကိစ္စများနဲ့ပတ်သက်လို့လည်း လက်ရှိကျင့်သုံးဆောင်ရွက်လျက်ရှိတဲ့ လုပ်ထုံးလုပ်နည်းစနစ်ကို အကျဉ်းမျှအသိပေး တင်ပြလိုပါတယ်။ နိုင်ငံ့ဝန်ထမ်းများကို ရာထူးတိုးမြှင့်ရေးနဲ့ပတ်သက်ပြီး ယခင်နိုင်ငံတော်ကောင်စီ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်များက ဥပဒေ၊ နည်းဥပဒေများ သီးခြားပြဋ္ဌာန်းထားခြင်းမရှိခဲ့ပါဘူး။

သို့သော်လည်း နိုင်ငံတော်ကောင်စီ၊ဝန်ကြီးအဖွဲ့၊ နောက်ပိုင်းမှာအစိုးရအဖွဲ့ရုံး အဆင့်ဆင့်တို့က ဝန်ထမ်းများ ရာထူးတိုးမြှင့်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ဝန်ထမ်းများကို လုပ်သက်သတ်မှတ်ချက်ကို လျှော့ပေါ့ပြီး ရာထူးတိုးမြှင့်ခန့်ထားရန်ကိစ္စစတဲ့ လုပ်ထုံးလုပ်နည်းတို့ကို ထုတ်ပြန်ထားရှိခြင်းတော့ရှိခဲ့ပါတယ်။ ဒီလုပ်ထုံးလုပ်နည်းများဟာတည်ဆဲဖြစ်တဲ့အလျောက် အဆိုပါတည်ဆဲဖြစ်တဲ့ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံး၊ လုပ်နည်းများနှင့်အညီ တိတိကျကျမှန်မှန်ကန်ကန် လိုက်နာကျင့်သုံးခြင်း၊ မလျော်မကန် အဆင့်ကျော်ပြီး ရာထူးတိုးမြှင့်ပေးခြင်း၊ ဘက်လိုက်ခြင်း၊ အဂတိလိုက်စားခြင်းစသည်တို့ကို ကင်းရှင်းစွာ ဆောင်ရွက်သွားဖို့လည်း အထူးလိုအပ်ပါတယ်။ ခုနက ဥပဒေပြဋ္ဌာန်းချက်အပိုင်းမှာ ကျွန်တော်တင်ပြခဲ့တဲ့ ပြည်ထောင်စုရာထူးဝန်အဖွဲ့က ရေးဆွဲပြုစုလျက်ရှိတဲ့ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ပြည်ထောင်စု ဥပဒေအတည်ပြု ပြဋ္ဌာန်းပြီးနောက်မှာတော့ နိုင်ငံ့ဝန်ထမ်းများရဲ့ တာဝန်ဝတ္တရားများ လုပ်ပိုင်ခွင့်၊ရပိုင်ခွင့်များဟာ ပိုပြီးတော့ တိကျပီပြင်ပြီး လိုက်နာကျင့်သုံးဖို့လည်း ရှင်းလင်းလွယ်ကူသွားမှာ ဖြစ်ပါကြောင်း အသိပေးတင်ပြလိုပါတယ်။ ရာထူးတိုးမြှင့်ခြင်းနဲ့ပတ်သက်ပြီး တစ်ဆက်တည်း ရှင်းလင်းတင်ပြလိုတာကတော့ အချို့ဝန်ကြီးဌာနများက အထူးကိစ္စရပ်အနေဖြင့် ရာထူးတိုးမြှင့်ပေးဖို့အတွက် မိမိတို့အဖွဲ့သို့ တင်ပြလာခြင်းများ ရှိခဲ့ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့လည်း မိမိတို့အဖွဲ့အနေဖြင့် ပုံမှန်ပြုလုပ်သော အဖွဲ့အစည်းအဝေးမှာ ခွင့်ပြုသင့်၊ မပြုသင့်ကို သတ်မှတ်ပေးထားတဲ့ စံနှုန်း(၈)ချက်နဲ့ ချိန်ထိုးပြီးတော့ သမာသမတ်ရှိရှိ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ တချို့ကိစ္စရပ်တွေဟာ လျော်ကန်မှုမရှိခြင်း၊ သတ်မှတ်တဲ့မူဘောင်နဲ့ ကိုက်ညီမှုမရှိခြင်းတို့ကြောင့် ငြင်းပယ်ခဲ့ရတာမျိုးလည်း ရှိခဲ့ပါတယ်။ သို့ပေမယ့် အများစုသော အမှာစာတွေကိုတော့ လျှော့ပေါ့စွာစဉ်းစားခွင့်ပြုပေးခဲ့ပါတယ်။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ကို ဖွဲ့စည်းပေးခဲ့တဲ့ ဧပြီလ ၁ ရက်ကနေစပြီး ယခု ပြည်သူ့လွှတ်တော် ခေါ်ယူကျင်းပတဲ့ မနေ့ကအထိ ကာလအတွင်းများမှာ

ပြန်တမ်းဝင် အရာရှိအဆင့်သို့ တိုးမြှင့်ပေးဖို့ ဗဟိုအာဏာပိုင်အဖွဲ့အစည်း ခြောက်ခု၊ ဝန်ကြီးဌာန ၂၅ ခုနှင့် စည်ပင်သာယာရေးကော်မတီ နှစ်ခုတို့က ထောက်ခံတင်ပြလာတဲ့ ဝန်ထမ်းဦးရေဟာ စုစုပေါင်း ၁၁၆၈ ဦး ရှိခဲ့ပါတယ်။ ဒီအနက်မှာ အထူးကိစ္စရပ်အနေဖြင့် လုပ်သက်ကိုလျှော့ပေါ့ပြီးတော့ စဥ်းစားပေးဖို့ တင်ပြလာတဲ့ Case ၂၃၂ ခုရှိကြောင်း တွေ့ရပါတယ်။ ဒီလိုအထူးကိစ္စရပ်အနေဖြင့် လျှော့ပေါ့စဥ်းစားခွင့်ပြုပေးရခြင်းဟာလည်း ယခင်တည်ဆဲဖြစ်တဲ့ အစိုးရအဖွဲ့ရုံးရဲ့ ၂-၁၁-၁၉၉၂ ရက်စွဲပါစာဖြင့် ထုတ်ပြန်ညွှန်ကြားထားချက်အရ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးရဲ့ လက်မှတ်ရေးထိုး ထောက်ခံတင်ပြလာခြင်း အပေါ် ချိန်ဆပြီးတော့ ခွင့်ပြုပေးခဲ့ခြင်းများ ဖြစ်ပါတယ်။ ပျဥ်းမနားမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးလှမြင့်ဦး မေးမြန်းခဲ့တဲ့ နိုင်ငံ့ဝန်ထမ်းများရွေးချယ်ခန့်ထားရေး၊ ရာထူးတိုးမြှင့်ရေးကိစ္စရပ်များကို ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဥ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာ ဆောင်ရွက်ရေး မေးခွန်းနဲ့ပတ်သက်ပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့က စည်းမျဥ်း၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိနေပြီး ပိုမို၍လည်း စွမ်းရည်ပြည့်ဝပြီးတော့ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုး သယ်ပိုးထမ်းရွက်နိုင်မယ့် နိုင်ငံ့ဝန်ထမ်းကောင်းများ ရွေးချယ်ခြင်း၊ ပြုစုပျိုးထောင်ခြင်းများ ဆောင်ရွက်နိုင်ဖို့ ရှေ့လုပ်ငန်းစဥ်များ စနစ်တကျချမှတ်စီစဥ်နေပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အခုလို ရှင်းလင်းဖြေကြားခွင့်ရရှိတဲ့ အတွက်လည်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးအားလည်းကောင်း၊ ပျဥ်းမနားမဲဆန္ဒနယ်ရဲ့ လွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်ဦးအပါအဝင် ယနေ့ တက်ရောက်လာတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလည်းကောင်း လှိုက်လှဲစွာဖြင့် ကျေးဇူး တင်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ဦးဌေးဦး၊ ဟသ်ာတမဲဆန္ဒနယ်၏ "၂၀၁၁ ခုနှစ်၊ လယ်ယာမြေဥပဒေကြမ်း" ကို လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်းနှင့် ကိုယ်စားလှယ်များက ထောက်ခံခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဟသ်ာတမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဌေးဦးက ဥပဒေကြမ်းတစ်ခု ပေးပို့ထားပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၁၊ နည်းဥပဒေခွဲ(ခ)အရ ၂၀၁၁ခုနှစ်၊ လယ်ယာမြေဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန်အဆိုတင်သွင်းဖို့ ဦးဌေးဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးဌေးဦး(ဟသ်ာတမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ချစ်ခင်လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ကျွန်တော်

ကတော့ ဟင်္သာတမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ ဇာတိဟာ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့က ဖြစ်ပါတယ်။ အားလုံးသိရှိကြပြီး ဖြစ်တဲ့အတိုင်း ဧရာဝတီတိုင်းဒေသကြီးဟာ လယ်ယာလုပ်ငန်းနဲ့ အသက်မွေးကြတဲ့ တောင်သူလယ်သမား အများအပြား ရှိနေတဲ့ဒေသဖြစ်ပါတယ်။ကျွန်တော့်အနေနဲ့ တောင်သူလယ်သမားများနဲ့ရင်းနှီးခင်မင်မှု၊ နီးစပ်မှုရှိပြီး ဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်တော့်အနေနဲ့ နိုင်ငံတော်ရဲ့ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကတာဝန်ယူရတဲ့ ဌာနကြီးမှာလည်းပဲ နှစ်ကာလအတော်ကြာ ဆောင်ရွက်ခွင့်ရသူလည်း ဖြစ်ပါတယ်။ ဒါ့ကြောင့် စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများရဲ့အကျိုး၊ နိုင်ငံတော်ရဲ့ လယ်ယာကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် ပကတိဖြစ်ပျက်နေတဲ့ အခြေအနေတွေပေါ်မှာ နည်းလမ်းတကျ ရှင်းလင်းနိုင်ရေးအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်၊ လွှဲပြောင်းနိုင်ခွင့်ရှိစေရန် လယ်ယာမြေဥပဒေ(မူကြမ်း)ကို အဆိုပြုတင်ပြသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ တင်ပြချက်ကို ဖတ်ကြားတင်ပြခွင့်ပြုဖို့လည်းပဲ ပန်ကြားအပ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ အခန်း(၁) အပိုဒ် ၃၇(က)မှာ နိုင်ငံတော်သည် နိုင်ငံတော်ရှိ မြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတ ပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်လို့ ပြဋ္ဌာန်းပါရှိပါတယ်။ ထို့အတူ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေ၊ ၁၉၆၃ ခုနှစ်၊ သီးစားချထားရေး ဥပဒေများအရ တောင်သူလယ်သမားများ၏ လုပ်ပိုင်ခွင့်ကို တည်ဆဲမြေယာ ဥပဒေများအရ၊ လုပ်ကိုင်နေသရွေ့ ဆက်လက်လုပ်ကိုင်ခွင့်ပြုသည်လို့ ပါရှိပါတယ်။ ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်းများကို ခွင့်မပြုခဲ့ပေမယ့် လက်ရှိလက်ငုတ် တောင်သူလယ်သမားများနှင့်အတူ ပူးတွဲလုပ်ကိုင်လျက်ရှိတဲ့ မိသားစုဝင်တွေကို ပူးတွဲလက်ငုတ်အဖြစ် ဆက်လက်လုပ်ပိုင်ခွင့် (အမွေဆက်ခံခွင့်) ပြုထားပြီး ဖြစ်ပါတယ်။ နိုင်ငံတော်ပိုင်ဆိုင်သော မြေများဖြစ်တဲ့အတွက် ပိုင်ဆိုင်ခွင့်၊ လွှဲပြောင်းခွင့်၊ ရောင်းချခွင့်၊ ပေးကမ်းခွင့်များ ခွင့်ပြုထားခြင်း မရှိခဲ့ပါဘူး။ ဒီလိုလယ်ယာမြေတွေကို ပိုင်ဆိုင်ခွင့်၊ လွှဲပြောင်းခွင့်၊ ရောင်းချခွင့်၊ ပေးကမ်းခွင့် မပြုနိုင်ရန် ပြဋ္ဌာန်းသတ်မှတ်ထားရခြင်းမှာလည်း ငွေရှင်ကြေးရှင်တွေက အကြွေးနဲ့သိမ်းခြင်း၊ဆွဲဆောင်ခြင်း၊ အကြပ်ကိုင်ခြင်းစတဲ့ နည်းလမ်းမျိုးစုံနဲ့ လယ်ယာမြေတွေကို သိမ်းယူခြင်းမပြုနိုင်စေရန်နဲ့ တောင်သူလယ်သမားတွေ လယ်မဲ့၊ ယာမဲ့ဘဝကို မကျရောက်စေရန် ကာကွယ်တားဆီးပေးခြင်းဖြစ်တဲ့အတွက် ထိရောက်အကျိုးများစေတဲ့ ပြဋ္ဌာန်းချက်တွေ ဖြစ်ပါတယ်။ သို့သော်လည်းပကတိအခြေအနေမှာ တောင်သူလယ်သမားတွေ လုပ်ပိုင်ခွင့်ရထားတဲ့ လယ်မြေတွေ ဟာ အဆင့်ဆင့် အပြီးအပိုင်လွှဲပြောင်းခြင်း၊ ကာလအကန့်အသတ်နဲ့ လွှဲပြောင်းရောင်းချခြင်း၊

အမွေဆက်ခံခြင်းတွေ ရှိနေကြပြီး အငြင်းပွားမှုတွေလည်းရှိနေတယ်ဆိုတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် တောင်သူလယ်သမားတွေ အနေနဲ့ ရင်းနှီးမတည်ငွေတွေ လိုအပ်ချိန်မှာလည်း ဒီလုပ်ပိုင်ခွင့် ရရှိမှုကို အကြောင်းပြုပြီး တရားဝင်ငွေကြေးရရှိနိုင်တဲ့ အခွင့်အလမ်းတွေလည်းပဲ မရှိကြောင်း တွေ့ရပါတယ်။ ဒေသတွင်းနိုင်ငံတွေဖြစ်တဲ့ ဗီယက်နမ်နိုင်ငံမှာ ၁၉၉၉ ခုနှစ်၊ မြေယာဥပဒေသစ်ကို ပြဋ္ဌာန်းခဲ့ပြီး စိုက်ပျိုးမြေအသုံးချခွင့်ရသူတွေဟာ ရရှိထားတဲ့ လုပ်ပိုင်ခွင့်တွေကို သတ်မှတ်ထားတဲ့ ဥပဒေနဲ့အညီ လွှဲပြောင်းခြင်း၊ လဲလှယ်ခြင်း၊ ငှားရမ်းခြင်း၊ အမွေဆက်ခံခွင့်ပြုခြင်းများကို ခွင့်ပြုခဲ့ပါတယ်။ အလားတူ တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှာလည်း ၂၀၀၃ ခုနှစ်၊ မတ်လ ၁ ရက်နေ့မှာ ကျေးလက်ဒေသ မြေကန်ထရိုက် ချထားပေးတဲ့ဥပဒေကို ပြဋ္ဌာန်းပြီး လယ်ယာမြေလွှဲပြောင်း လုပ်ပိုင်ခွင့်ကို ခွင့်ပြုခဲ့ပါတယ်။ လာအိုနိုင်ငံမှာလည်း မြေအသုံးချခွင့် ရရှိသူတွေအနေနဲ့လုပ်ပိုင်ခွင့်၊ အမွေဆက်ခံခွင့်တွေကို ဥပဒေနဲ့ အကာကွယ်ခွင့်ပြု ပေးခဲ့ပါတယ်။ သို့သော်လည်းပဲ ဖော်ပြပါ နိုင်ငံအားလုံးမှာ မြေယာတွေကိုတော့ နိုင်ငံတော်ပိုင်အဖြစ်သာ သတ်မှတ်ထားရှိတာကိုလည်း တွေ့ရမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံမှာလည်းပဲ ပကတိ ဖြစ်ပေါ်ကြုံတွေ့နေရတဲ့ အခြေအနေတွေအရ နိုင်ငံတော်နဲ့ တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်သူများရဲ့ အကျိုးစီးပွားပိုမိုဖြစ်ထွန်းမှု ရှိစေရန်နှင့် ကြုံတွေ့နေရတဲ့မြေယာ ပြဿနာတွေကို ထိရောက်စွာ ဖြေရှင်းနိုင်ဖို့အတွက် တောင်သူ လယ်သမားတွေ လုပ်ပိုင်ခွင့်ရရှိထားတဲ့ လယ်ယာမြေတွေကို ပိုင်ဆိုင်ခွင့်မပြုသင့်သော်လည်းပဲ လုပ်ပိုင်ခွင့်ကို လွှဲပြောင်းခွင့်၊ ရောင်းချခွင့်၊ ပေးကမ်းခွင့်၊ အမွေဆက်ခံခွင့်တွေကို ဥပဒေ၊ စည်းမျဉ်း စည်းကမ်းတွေနဲ့အညီ တရားဝင်ဆောင်ရွက်နိုင်ရန် လယ်ယာမြေဥပဒေ(မူကြမ်း)ကို ရှင်းလင်းချက် တွေနဲ့အတူ ကျွန်တော့်အနေနဲ့ ပူးတွဲတင်ပြရခြင်း ဖြစ်ပါတယ်။ ကျွန်တော်တင်ပြတဲ့ လယ်ယာမြေဥပဒေ (မူကြမ်း)မှာ အခန်း၁၃ ခန်း၊ စာပိုဒ် ၃၂ ပိုဒ်ပါရှိတယ်။ မူကြမ်းကို ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် လေ့လာပြီးဖြစ်မယ်လို့လည်းပဲ ယုံကြည်ပါတယ်။ ဒါကြောင့် ဥပဒေမူကြမ်းကို ဖတ်ကြားတင်ပြလိုခြင်း မပြုတော့ပါကြောင်းကိုလည်း တင်ပြအပ်ပါတယ်။ လွှတ်တော်အစည်းအဝေးကို တက်ရောက်လာကြတဲ့ ကိုယ်စားလှယ်တော်ကြီးများအနေနဲ့လည်း တောင်သူလယ်သမားတွေရဲ့ ပကတိအခြေအနေတွေကို နားလည်ကျွမ်းဝင်ကြသူတွေပါဝင်မယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်။ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်တဲ့ ဥပဒေ(မူကြမ်း)အပေါ် လွှတ်တော်က ဆွေးနွေးခွင့်ပြုတဲ့ အချိန်မှာ တောင်သူလယ်သမားများရဲ့ အကျိုးအတွက် ဝေဖန်အကြံပြုဆွေးနွေးပေးကြဖို့ကိုလည်းပဲ လေးစားစွာမေတ္တာရပ်ခံလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးဌေးဦးတင်သွင်းတဲ့အဆိုကို ထောက်ခံမယ့် ကိုယ်စားလှယ်အားဖိတ်ခေါ်ပါတယ်။

**ဦးဇော်ထွန်း(လပွတ္တာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းလျက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထွန်း ဖြစ်ပါတယ်။ ကျွန်တော်ဟာ လပွတ္တာမြို့နယ်၊ ပြိုင်ဖက်ကျေးရွာအုပ်စုမှာနေထိုင်ပြီး လယ်ယာလုပ်ငန်းကို ယနေ့အထိ ကိုယ်တိုင်လုပ်ကိုင်နေတဲ့သူဖြစ်တဲ့အတွက် လယ်သမားများရဲ့ နေ့စဉ်ဘဝအခြေအနေနဲ့ ၎င်းတို့ရဲ့ လယ်ယာမြေအငြင်းပွားမှုများ၊ အခက်အခဲများစွာကို နေ့စဉ်မြင်တွေ့ ကြားသိနေရပါတယ်။ ဒါကြောင့် ဟင်္သာတမဲဆန္ဒနယ်မြေမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဒွေးဦး အဆိုတင်သွင်းထားတဲ့ လယ်ယာမြေဥပဒေ(မူကြမ်း)ဟာ လယ်သမားများအကျိုးပြုစေမယ့်အဆိုဖြစ်လို့ အလေးအနက် ထောက်ခံတင်ပြသွားမှာပဲ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ တင်ပြချက်ကို စာဖြင့်ဖတ်ကြားခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ နိုင်ငံတော်သည် နိုင်ငံတော်ရှိမြေအားလုံးရဲ့ ပင်ရင်းပိုင်ရှင် ဖြစ်ပါတယ်လို့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ တိတိကျကျဖော်ပြထားတာကိုလည်း တွေ့ရပါတယ်။ အခြားနိုင်ငံတွေကို လေ့လာကြည့်တဲ့ အခါမှာလည်း လယ်ယာမြေများနှင့် ပတ်သက်၍ နိုင်ငံပိုင်အဖြစ်သာ သတ်မှတ်ထားကြောင်း လေ့လာသိရှိရပါတယ်။ ဒါကြောင့် မြေယာပိုင်ဆိုင်ခွင့်နဲ့ ပတ်သက်၍ လယ်သမားများကို မြေပိုင်ဆိုင်ခွင့်မပေးဘဲ လုပ်ပိုင်ခွင့်သာပေးထားခြင်းကို သဘောတူပါတယ်။ သို့သော်လည်း ဟင်္သာတမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဒွေးဦး အဆိုတင်သွင်းထားတဲ့ လယ်ယာမြေဥပဒေကြမ်းကို သေသေချာချာလေ့လာကြည့်တဲ့အခါမှာ လယ်သမားတွေအတွက် များစွာအကျိုးရှိရမယ့် အချက်တွေပါနေတာကို တွေ့ရှိရပါတယ်။ လယ်သမားများဟာ မိမိတို့ရဲ့လယ်လုပ်ပိုင်ခွင့်ကို လွှဲပြောင်းပေးနိုင်ခြင်း၊ လဲလှယ်နိုင်ခြင်း၊ ငှားရမ်းနိုင်ခြင်း၊ စိုက်ပျိုးချိန်၌ လိုအပ်တဲ့ငွေကြေးအတွက် အစိုးရဘဏ်၊ ဒါမှမဟုတ် အစိုးရအသိအမှတ်ပြုဘဏ်မှာ ပေါင်နှံနိုင်ခြင်းနှင့် အမွေဆက်ခံပိုင်ခွင့်ရှိခြင်းတို့ကို ရရှိလာမှာဖြစ်တဲ့အတွက် လယ်စရိတ်အတွက် လိုအပ်တဲ့ငွေကြေးအခက်အခဲကိုလည်း ဖြေရှင်းပေးနိုင်ခြင်း ကြုံတွေ့နေရတဲ့ လယ်ယာမြေအငြင်းပွားမှုများကိုလည်း ပြီးပြတ်အောင် ဤဥပဒေက အမြန်ဆုံးဖြေရှင်းပေးနိုင်မှာပဲ ဖြစ်ပါတယ်။ အငြင်းပွားမှုကို အမြန်ဆုံးဖြေရှင်းပေးနိုင်တဲ့အတွက် အငြင်းပွားမှုကာလမှာ စိုက်ပျိုးမှုရပ်ဆိုင်းထားရတဲ့ အချို့သောအခြေအနေတွေကို ဖယ်ရှားပြေလျော့ပေးနိုင်မှာပဲ ဖြစ်ပါတယ်။ အခုလို ဆောင်ရွက်ပေးနိုင်ခြင်းကြောင့် လယ်ယာလုပ်ငန်းကိုသာ မှီခိုစားသောက်နေရတဲ့ လယ်သမားမိသားစုများအတွက်လည်း အကျိုးများစွာရှိနေမှာပဲ ဖြစ်ပါတယ်။ ဒါကြောင့် စိုက်ပျိုးမြေများကို အစဉ်မပြတ် စိုက်ပျိုးစေနိုင်တဲ့အတွက် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်

မြင့်မားလာရေးကို အထောက်အကူဖြစ်လာမှာပဲ ဖြစ်ပါတယ်။ သို့ပါ၍ ဟသ်ာတမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး အဆိုပြုတင်သွင်းထားတဲ့ လယ်ယာမြေဥပဒေမူကြမ်းကို လှိုက်လှိုက်လှဲလှဲ ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။(သြဘာသံများ)

## ဦးဌေးဦး၊ ဟသ်ာတမဲဆန္ဒနယ်၏ "၂၀၁၁ ခုနှစ်၊ လယ်ယာမြေဥပဒေကြမ်း"ကို လက်ခံဆွေးနွေးရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ ဟသ်ာတမဲဆန္ဒနယ်မှ ဦးဌေးဦးတင်သွင်းတဲ့ ၂၀၁၁ ခုနှစ်၊ လယ်ယာမြေ ဥပဒေကြမ်းဟာ အထူးစိတ်ဝင်စားနေသော ဥပဒေကြမ်းတစ်ခု ဖြစ်ပါတယ်။ လယ်သမားများနဲ့ နိုင်ငံတော်အတွက် အင်မတန်မှ အရေးကြီးပြီးတော့ အကျိုးရှိစေတဲ့ကိစ္စဖြစ်တယ်လို့လည်း ဖတ်ကြား တွေ့ရှိထားပြီး ဖြစ်ပါတယ်။ ဒါကြောင့် မဲခွဲရန်မလိုတဲ့ကိစ္စဖြစ်တယ်လို့ မိမိတော့ ဒီလိုပဲယုံကြည်ပါတယ်။ ဒါကြောင့် လွှတ်တော်က လက်ခံဆွေးနွေးရန်သင့်တဲ့ ဥပဒေကြမ်း ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဟသ်ာတမဲဆန္ဒနယ်မှ ဦးဌေးဦး တင်သွင်းတဲ့ ၂၀၁၁ခုနှစ်၊ လယ်ယာမြေဥပဒေကြမ်းအဆိုကို လွှတ်တော် က လက်ခံဆွေးနွေးရန် သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောတူတဲ့အတွက် ဦးဌေးဦး တင်ပြထားတဲ့ ၂၀၁၁ ခုနှစ်၊ လယ်ယာမြေ ဥပဒေကြမ်း အဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းနှင့် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်မည်ဖြစ်ပါကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်အစည်းအဝေး သတ္တမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး အဋ္ဌမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး သတ္တမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးအဋ္ဌမနေ့ကို မနက်ဖြန် ၂၀၁၁ ခုနှစ်၊ သြဂုတ်လ ၃၁ ရက်နေ့ ၁၀၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်းကြေညာပါတယ်။(သြဘာသံများ)

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ ပထမအကြိမ် ပြည်သူ့လွှတ်တော်ဒုတိယပုံမှန် အစည်းအဝေး သတ္တမနေ့ကို ၁၄း၄၅နာရီ အချိန်တွင် ရပ်နားပါသည်။]